အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တပဏ္ဍိတ

၏

# ယမကတ္ထသင်္ခေပ
# သင်နည်းပြကျမ်း

ဒက္ခိဏာရုံစာသင်တိုက်

ဖြူးမြို့

၂၂၁၈၈

## အဂ္ဂမဟာပဏ္ဍိတ

## ဘဒ္ဒန္တပဏ္ဍိတ

## ၏

# ယမကတ္ထသင်္ခေပ

# သင်နည်းပြကျမ်း

ဒက္ခိဏာရုံစာသင်တိုက်

ဖြူးမြို့

ဓမ္မဒါန

သာသနာ- ၂၅၃၇၊ ကောဇာ- ၁၃၅၅၊ ခရစ်- ၁၉၉၃၊

အမှတ် ၂၂၂၈၈
ရက်စွဲ ........

ပုံနှိပ်ခြင်း

၁၉၉၃ ခုနှစ် - ဇူလိုင်လ

ပထမအကြိမ်

အုပ်ရေ - ၅၀၀၀

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၇၅/၉၃) (၄)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၂၀/၉၃ (၆)

ကွန်ပျူတာစာစီ
နိုင်သဇင် ကွန်ပျူတာ
၁၄၂၊ ၃၁-လမ်း၊ ရန်ကုန်မြို့။
☎ ၈၂၂၇၈, ၆၀၅၆၃

# ဓမ္မဒါန

ထုတ်ဝေသူ - အရှင်ဉာဏိန္ဒ (ဓမ္မာစရိယ-စာချ)
ကင်းလွတ်ခွင့်အမှတ် ၅၄/၉၃ (၄)၊
ဒက္ခိဏာရုံစာသင်တိုက်၊ ဖြူးမြို့၊ ပဲခူးတိုင်း။

ပုံနှိပ်သူ - ဒေါ်လှမြင့် (မြ-၀၂၀၉၀)
ကာယသုခ ပုံနှိပ်တိုက်၊
အမှတ် ၁၂၉၊ ၃၁-လမ်း၊ ရန်ကုန်မြို့။

# ကျေးဇူးတင်လွှာ

ဤစာအုပ်ကြီး အချိန်မီပြီးစီးအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေး ဆောင်ရွက်တော်မူကြသော

- စမ်းချောင်း မြေနီကုန်း, ပြည်လမ်း မစိုးရိမ်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက **အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောသလ္လာဘိဝံသ** ဆရာတော်ဘုရားကြီးအားလည်းကောင်း၊
- ဖြူးမြို့၊ နတ်ရေကန် ရွာလည်ကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ၊
- ဖြူးမြို့၊ ထန်းကုန်းကျောင်းသစ်ကျောင်း (မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ) ဆရာတော် ဘဒ္ဒန္တ ပညာဝံသ တို့အားလည်းကောင်း၊
- **ကုန်သွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်၊ဇနီးဒေါ်နီနီ** မိသားစုတို့အား လည်းကောင်း၊
- **ကုန်သွယ်ရေးဝန်ကြီးရုံးမှ ဗိုလ်မှူးဘင်ဖေ** အား လည်းကောင်း၊
- နိုင်သဇင်ကွန်ပျူတာ မိသားစုတို့အားလည်းကောင်း၊
- ကာယသုခ ပုံနှိပ်တိုက်ပိုင်ရှင် ဦးသောင်းညွန့်၊ဒေါ်လှမြင့် မိသားစုတို့အားလည်းကောင်း၊
- စာကူညီဖတ်ပေးသော ဆရာတော် ဦးဥက္ကံသ (ထားဝယ်) အားလည်းကောင်း၊

ဤကျမ်းစာကြီး၏ မူကြမ်းမှမူချော-မူချောမှ စာအုပ်ရိုက်ပြီး လှူဒါန်းနိုင်သည်အထိ နေ့မအား, ညမအား ကျိုးစားအားထုတ် ဆောင်ရွက်သော အန္တေဝါသိက တပည့် အရှင်ဉာဏိန္ဒ (ဓမ္မာစရိယ-စာချ) ဒက္ခိဏာရုံစာသင်တိုက် အားလည်းကောင်း-

ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျမ်းပြုဆရာတော်

# ယမကတ္ထသင်္ခေပ သင်နည်းပြကျမ်း

## မာတိကာ


| | | | |
|---|---|---|---|
| ❑ | ပဏာမဂါထာ | | ၁ |
| ❑ | နိဒါန်း | | ၃ |
| ❑ | ရေးသားပုံအစီအစဉ် | | ၆ |
| ၁။ | မူလယမက | စာမျက်နှာ | ၇ မှ ၂၃ |
| ၂။ | ခန္ဓယမက ပဏ္ဏတ္တိဝါရ | စာမျက်နှာ | ၂၄ မှ ၃၆ |
| ၃။ | အာယတနယမက ပဏ္ဏတ္တိဝါရ | စာမျက်နှာ | ၃၇ မှ ၄၉ |
| ၄။ | ဓာတုယမိုက် | စာမျက်နှာ | ၄၇ မှ ၄၉ |
| ၅။ | သစ္စယမိုက် ပဏ္ဏတ္တိဝါရ | စာမျက်နှာ | ၅၀ မှ ၅၆ |
| ၆။ | ခန္ဓယမက ပဝတ္တိဥပ္ပါဒဝါရ | စာမျက်နှာ | ၅၇ မှ ၉၆ |
| ၇။ | အာယတနယမိုက် ပဝတ္တိဝါရ | စာမျက်နှာ | ၉၇ မှ ၁၂၅ |
| ၈။ | သစ္စယမက ပဝတ္တိဝါရ | စာမျက်နှာ | ၁၂၆ မှ ၁၄၉ |
| ၉။ | ပရိညာဝါရ | စာမျက်နှာ | ၁၅၀ မှ ၁၅၄ |
| ၁၀။ | ကောဋ္ဌာသခန်း | စာမျက်နှာ | ၁၅၅ မှ ၁၅၈ |
| ၁၁။ | ယမက အမေးအဖြေ | စာမျက်နှာ | ၁၅၉ မှ ၁၈၀ |
| ❑ | နိဂမန ကထာ | | ၁၈၁ |
| ❑ | ဓမ္မဒါန ကုသိုလ်ရှင်များ | | ၁၈၂ |

# ပဏာမဂါထာ

နတွာ ယမကံ သမ္ဗုဒ္ဓံ၊ ဓောဓာယ ယုဝ သောတူနံ။
ယမကတ္ထ နယံ ကဿံ၊ သခေ်ပေ နေဝ ဒဿနံ ။

အဟံ၊ အသိအလိမ္မာ ပညာရှိမှု အစွဲပြု၍ ဂရုဂဟိတ ပဏ္ဍိတဟု နာမသမုတ် အကျွန်ုပ်သည်။ ယမကံ၊ တရားသံဃာ နှစ်ဖြာဝန်းရံ မြတ်သောအစုံ ရှိတော်မူထသော (ဝါ) ယမကံ၊ ရေမီးနှစ်ဖြာ ယှက်ကာဝန်းရံ မြတ်သောအစုံ ရှိတော်မူထသော။ (ဝါ) ယမကံ၊ အနု+ပဋိ စသည်များစွာ အလုံးစုံသော ဒေသနာကို ဆန်းကြယ်စွာ ဟောတော်မူတတ်ထသော။ သမ္ဗုဒ္ဓံ၊ သစ္စာဉေယျ ဓမ္မဥဿုံ အလုံးစုံကို အကုန်သိမြင် ဘုရားရှင်ကို။ နတွာ+နမာမိ၊ ဂုဏ်တော်အဖုံဖုံ အာရုံယူမှတ် သဒ္ဓါစာတ်ဖြင့် လေးမြတ်ရိုကျိုး လက်စုံမိုးကာ ရှိခိုးပါ၏ဘုရား။

နတွာ၊ ရိုသေမြတ်နိုး ရှိခိုးပြီး၍။ ယုဝသောတူနံ၊ ပထမလတ်တန်းတွင် စာပွဲဝင်မည့် စာသင်ပျိုနု အခြေပြုတို့၏။ ဓောဓာယ၊ မပင်မပန်း ချမ်းသာလွယ်ကူ သင်ယူလေ့လာ တတ်သိပါစေခြင်းအကျိုးငှာ။ ယမကတ္ထနယံ၊ အောက်ပိုင်းငါးခန်း ယမိုက်ကျမ်း၏ ခက်ဆန်းဝှက်ကွယ် အဓိပ္ပါယ်စုံ ကောက်ပုံကောက်နည်း အသီးသီးကို။ ဒဿနံ၊ ကွက်ကွက်ကွင်းကွင်း အမြင်ရှင်းအောင် ထင်လင်းကောင်းစွာ ပြရာပြကြောင်းဖြစ်သော **"ယမကတ္ထသခေ်ပသင်နည်းပြကျမ်း"**ကို။ သခေ်ပေနေဝ၊ အဓိပ္ပါယ်မယွင်း သရုပ်သွင်းကာ လိုရင်းဖော်ထုတ် အကျဉ်းချုပ်အားဖြင့်သာလျှင်။ ကဿံ၊ ကရုဏာပွား ဉာဏ်ရှေ့သွားလျက် သင်ကြားရေးခါ ဆရာအသီးသီး နည်းစုံမှီး၍ အပြီးတီထွင် ပြုစီရင်ပေအံ့။

# နိဒါန်း

## အဘိဓမ္မာညဝါ

အဘိဓမ္မာညဝါဟူသည်–ညဥ့် မိုးချုပ်သော အချိန်အခါ စာချဆရာတော်ကလည်း စာအုပ်ကိုမကိုင်ဘဲ အလွတ်ပို့ချတော်မူသည်။ စာသင်သား တပည့်များကလည်း စာအုပ်ကိုမကိုင်ဘဲ အလွတ်လိုက်ဆိုရပါသည်။ ယင်းကဲ့သို့ ညဥ့်အချိန်မှာ ယေဘုယျ သင်ကြားပို့ချ သင်ယူရသောကြောင့် "မာတိကာကျမ်း"၊ "ဓာတုကထာကျမ်း"၊ "ယမိုက်ကျမ်း"၊ "ပဋ္ဌာန်းကျမ်း" ကြီး–များကို အဘိဓမ္မာညဝါ ဟု အသိအမှတ်ပြုကာ ကင်မွန်းတတ်လာကြသည်။

**မှတ်ချက်** ။ ။မာတိကာသည် ကျမ်းသီးသန့်မဟုတ်ပါ။ ဓမ္မသင်္ဂဏီကျမ်း၏ တစ်စိတ်တစ်ဒေသ မာတိကာမျှ ဖြစ်၏။

### အဘိဓမ္မာညဝါသင်ယူရပုံ

ရှေးဦးစွာ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းကို အနည်းဆုံး စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်ပိုင်း၊ ရုပ်ပိုင်း၊ သမုစ္စည်းပိုင်း ဤ (၅) ပိုင်းကို ပါဠိ, အနက်, သရုပ်, သဘော ကြေညက်နေစေရမည်။

ညဝါမာတိကာ သင်သောအခါ ကုသလာဓမ္မာ စသည်ဖြင့် ဟောထားသော မာတိကာပုဒ်ကို စာချဆရာတော်က–

ကုသလာဓမ္မာ အရ- ကုသိုလ်စိတ် အဘယ်မျှရှိသနည်း။ ယင်းကုသိုလ်၌ စေတသိက် အဘယ်မျှယှဥ်သနည်း။

ကုသိုလ်စိတ်စေတသိက်အဋ္ဌတ္တိံသ မှာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ အဘယ်မျှရှိသနည်း။

စသည်မေးသောအခါ အဘိဓမ္မတ္ထသင်္ဂဟက ကြေညက်ပြီးဖြစ်၍ လွယ်ကူစွာ ဖြေဆိုလေ့ကျက်ဆောင်ရွက်နိုင်သောကြောင့် မကြာမီ ညဝါမာတိကာ၌ ကျွမ်းကျင်လိမ္မာစွာ တတ်မြောက်သော စာသင်သားများ ဖြစ်လာရသည်။

ညဝါမာတိကာ တတ်ပြီးသော စာသင်သားများသည် ညဝါဓာတုကထာကျမ်းမှာ "ရူပက္ခန္ဓော ကတိဟိခန္ဓေဟိ၊ ကတိဟာယတနေဟိ၊ ကတိဟိဓာတူဟိသင်္ဂဟိတော၊ အသင်္ဂဟိတော"–

စသည်ဖြင့် ဟောထားသည်ဖြစ်၍–

ရူပက္ခန္ဓာ ကို အဘယ်မျှသော ခန္ဓာ၊ အာယတန၊ ဓာတ် တို့ဖြင့် ရေတွက်အပ်သနည်း။

အဘယ်မျှသော ခန္ဓာ၊ အာယတန၊ ဓာတ် တို့ဖြင့် မရေတွက်အပ်သနည်း။

စသည်တို့ကို မာတိကာတတ်ပြီးဖြစ်၍ ခက်ခဲမှုမရှိ အလွန်လွယ်ကူနေသည်ကို တွေ့ရလေသည်။

"ယေမွာ၊ တေမွာ" တို့၌ နယ အားလျော်စွာ "ယေစွဲ၊ တေစွဲ" တို့ကို ဆရာကသင်ကြားပြသလိုက်ရုံဖြင့် မကြာမီ ညဝါ ဓာတုကထာ၌ ကျွမ်းကျင်လိမ္မာစွာ တတ်မြောက်သော စာသင်သားများ ဖြစ်လာကြသည်။

ဓာတုကထာတတ်မြောက်ပြီးနောက် ညဝါယမိုက်ကျမ်း ကို သင်ယူရလေသည်။ ယမိုက်ကျမ်းကား မာတိကာ ဓာတုကထာ တို့မှ တိုက်ရိုက်ကျေးဇူးပြုမှု မခံရသောကြောင့် လည်းကောင်း၊ ယမိုက်ကျမ်းမှာ အနုလောမပုစ္ဆာ၊ ပဋိလောမပုစ္ဆာ၊ သန္နိဋ္ဌာန်၊ သံသယ၊ တစ်ဘက်ရ၊ နှစ်ဘက်ရ၊ အစစ်ကောက်၊ အဟုကောက်၊ ရသင့်ကောက်၊ အနုလုံ၊ ပစ္စနိက် ဟူ၍လည်းကောင်း။ ကောဋ္ဌာသ တင်ရာ၌လည်း၊ ပုဗ္ဗကောဋ္ဌာသ၊ ပစ္ဆိမကောဋ္ဌာသ၊ ပုရေပဉှာ၊ ပစ္ဆာပဉှာ၊ သရူပဒဿနဝိဿဇ္ဇနာ- ပဋိဝစနဝိဿဇ္ဇနာ စသည်ဖြင့် လည်းကောင်း၊ မကြားဘူးသော စကားလုံးတို့ဖြင့် သုံးနှုန်းထားသောကြောင့်လည်းကောင်း၊ အဘိဓမ္မာညဝါတို့တွင် ယမိုက်ကျမ်းသည် အခက်ဆုံးဟု စာသင်သားများ ငြီးတွားကြလေသည်။

မှတ်ချက်။ ။သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သော "အနန္တနယ သမန္တပဋ္ဌာန်း" ကျမ်းတော်ကြီး၏ ခက်ခဲနက်နဲ သိမ်မွေ့ပုံမျိုးကို ဆိုလိုသည်မဟုတ်ပါ။ သင်ကြားစ, စာသင်သားများ၏ အတွေ့အကြုံနည်းပါးသေး၍ သင်ကြားရခက်သည်ကို အခက်ဆုံးဟု ဆိုလိုပါသည်။

မှန်ပါသည်၊ စာရေးသူကိုယ်တိုင် တရားပုံစသည်တို့ဖြင့် မသင်ရ၍ အခက်ကြုံရသည်မှာ ဂျပန်ခေတ်စစ်ဘေးစစ်ဒဏ်ကြောင့် စာသင်တိုက်ကြီးများ ပျက်စီးပြီး စစ်ဘေးရှောင်ရန် မိမိတို့၏မိဘရပ်ထံသို့ ပြန်နေရစဉ် ကျောင်းသားဘဝက စာသင်ပေးဘူးသော စာချဆရာတော် "ဦးခန္တိ" နှင့် ကံကောင်းထောက်မ၍ ကြုံရပါတော့သည်။

ဆရာရင်းဖြစ်သည်က တစ်ကြောင်း၊ ဓာတုကထာ သင်ပြီး၍ ယမိုက်ကျမ်းကို သင်လိုသောဆန္ဒ ပြင်းပြနေသည်က တစ်ကြောင်း၊ ဤအကြောင်းများကြောင့် ယမိုက်ကျမ်းသင်ကြားလိုကြောင်း လျှောက်ထားရာ စာချဆရာတော်က လွယ်ကူစွာ ခွင့်ပြုလိုက်ပါတော့သည်။

ထိုအခါ အတူနေ ဦးနေမိန္ဒ နှင့် တိုင်ပင်ပြီး ယမိုက်ကျမ်းကို သင်ယူပါတော့သည်။ စာချဆရာတော် ဦးခန္တီ ကား သက္ကျသီဟ, စေတိယင်္ဂဏ စာသင်တန်းနှင့် စာချတန်း ပါရာဇိကဏ် (၁) ကျမ်းကို အောင်မြင်ပြီးဖြစ်သည်။

သို့သော်လည်း ကာလဝိပ္ပတ္တိဒါဏ်ကြောင့် ယမိုက်နှင့်ပတ်သက်သော မှတ်စု,မှတ်တမ်း, ဘာတစ်ခုမျှ မပါတော့ပါ။ ထိုအခါ ယမိုက်အရကောက် စာအုပ်ကြီးကို ထိုးပေးသဖြင့် ထိုအရကောက်စာအုပ်ကြီးမှ ရသမျှကျက်ပြီး ည (၇) နာရီမှ (၁၀) နာရီထိ သင်ကြားပြသ ရွတ်အံ သရဇ္ဈာယ်လာကြရာ တစ်နေ့တစ်နေ့ တရွေ့ရွေ့ဖြင့် အောက်ယမိုက် (၅) ကျမ်းကုန်ခဲ့လေသည်။ ယမိုက်ကျမ်းကား မတတ်မြောက်သေးပါ။ ထွက်ပြေးချင်စိတ်သာ ဖြစ်ပေါ်ခဲ့ရပါသည်။

ဖက်ဆစ်တော်လှန်ရေး အောင်မြင်ပြီး တိုင်းပြည်ပြန်လည် ထူထောင်သောအခါ စာသင်တိုက်ကြီးများလည်း ပြန်လည်စည်ကားစ ပြုလာပါတော့သည်။ ထိုအခါ မုံရွာမြို့ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်ကြီး၏ ကထိက တိုက်ကြပ် ဆရာတော်ဦးဝိရိယ ထံ တဖန် ယမိုက်ကျမ်းကို သင်ယူရပါတော့သည်။

ထိုဆရာတော် ယမိုက်သင်ပြပုံမှာ–

ရှေးဦးစွာ တရားပုံကို နှုတ်တက်ချပေးပါသည်။ တရားပုံရပြီး နောက်တစ်ရက်မှာ တရားပုံကိုကြည့်ပြီး ဝိဘင်းထုတ် အရကောက်စေပါသည်။ မိမိတို့ ထုတ်ထားသော ဝိဘင်း အရကောက် မှန် မမှန်၊ ယမိုက်အရကောက် စာအုပ်ကြီးကို လှန်ကြည့်ရပါတော့သည်။ စာချဆရာတော် ဦးခန္တီ ထံမှ သင်အံခဲ့သော အာသေဝန ပစ္စည်းတို့ကြောင့်လည်းကောင်း၊ တိုက်ကြပ်ဆရာတော်၏ ဩဝါဒအတိုင်း မနေမနားကြိုးစား အားထုတ်သောကြောင့်လည်းကောင်း၊ မကြာမီ ဝိဘင်း အရကောက် သဘောပေါက်ခါ ယမိုက်ဆယ်ကျမ်းလုံး ကုန်စင်အောင် သင်ယူပါတော့သည်။

ထိုစဉ်က သင်ယူခဲ့သော ယမိုက်မှတ်တမ်းစာအုပ်ကို ယခုအခါ ပြန်လှန်ကြည့်လေရာ ခန္ဓယမက အနာဂတဝါရ အပြီးမှစ၍ "ယမိုက်အရာ ငါ့ဆရာဟူသော စာတန်းကို" စာမျက်နှာတိုင်းလိုလို တွေ့နေရသဖြင့် ယခင်အခါက လွန်စွာ အားကျ ထက်သန်စွာ သင်ယူခဲ့ကြောင်း ပြန်ပြောင်း သတိရမိ ပါတော့သည်။

ယင်းသို့ သင်ကြားတတ်မြောက် စာချဘုန်းကြီး အဖြစ်သို့ မရောက်မီ သီတင်းသုံးဖော် စာသင်သား အချင်းချင်း (အာစရိယဟတ္ထမုဋ္ဌိ) ရရှိသည့်အားလျော်စွာ သင်ကြားပေးခဲ့ရာ များစွာအောင်မြင်မှု ရရှိခဲ့ပါသည်။

နောင်အခါ တာဝန်ခံစာချ ဖြစ်လာသောအခါ စာသင်သားများအား ကျောက်သင်ပုန်း ဘောကြီးပေါ်တွင် (ဤယမကတ္ထသခေ်ပသင်နည်းပြကျမ်း) မှာ ပါသည့်အတိုင်း ဇယားကွက်ချပြီး ဤသည်ကား အနုလောမ ပုစ္ဆာ၊ ပဋိလောမပုစ္ဆာ။ ဤသည်ကား သန္နိဋ္ဌာန်၊ သံသယ။ ဤသည်ကား တစ်ဘက်ရ, နှစ်ဘက်ရ စသည် လက်ထောက်ပြပြီး သင်ပေးရာ လျင်မြန်စွာ သဘောပေါက် တတ်မြောက်လာပါတော့သည်။

ဆရာနည်းရ တတ်မြောက်ကြသော တပည့်များကလည်း ထိုထိုမြို့ရွာ စာသင်တိုက်များစွာတို့၌ ယမိုက်အတွက် အခက်ကြုံနေကြသော စာမေးပွဲဝင် စာသင်သားအရှင်တို့အား သင်ကြား ပြသပို့ချသောအခါ လွယ်ကူစွာ တတ်မြောက် လိုရင်းသို့ ရောက်ကြောင်း လျှောက်ထားကြလေသည်။

ထိုအခါ တပည့်များစွာ တိုင်ပင်လာပြီး အနီးချဉ်းကပ် ထပ်ထပ်ခါခါ လျှောက်ဆိုကြသည်မှာ တပည့်တော်များသည် ဆရာတော်ထံ ယမိုက်ကျမ်းကို သင်အံစဉ်က လွယ်ကူလှပြီး သောတုနနယ် စာသင်ငယ်တို့အား ဆင့်ပွားတစ်ဖန် ပို့ချပြန်လည်း သက်သက်သာသာ အောင်မြင်ပါ၍ သနားဂရုဏာ မေတ္တာရှေ့ထား ယမိုက်သင်နည်းကျမ်းကို ရေးသားပါရန် ဒန်ဖန်ထပ်ထပ် လျှောက်ဆိုကြသည်က တစ်ကြောင်း။

မိမိကလည်း ဇရာဒုဗ္ဗလ အချိန်ကြ၍ အနာဂါတ်သာသနာ ဆက်ခါဆက်ခါ စဉ်လာမပျက် ဆောင်ရွက်ကြမည့် ရှင်ငယ်,ရဟန်းငယ် သာသနာ့အနွယ်တို့အား လက်ဆင့်ကမ်းခါ ပေးလိုသောကြောင့် (ယမကတ္ထသခေ်ပသင်နည်းပြကျမ်း) ဟု ဝေါဟာရတင် ရေးသားပြီးလျှင် ပထမငယ်တန်းတွင် စာပွဲဝင်၍ မြန်မာတစ်ပြည်လုံး အောင်မြင်တော်မူကြသော အရှင်တို့အား **ဓမ္မဒါန** ပြုလုပ်ကြပြီး အနာဂါတ်သာသနာ အရှည်ကြာ၍ တည်ပါစေဟု အဓိဋ္ဌာန်ပြုခါ ရေးသားတင်ဆက်လိုက်ပါသတည်း။

**ဘဒ္ဒန္တပဏ္ဍိတ**

**(အဂ္ဂမဟာပဏ္ဍိတ)**

# ရေးသားပုံအစီအစဉ်

ဤ ယမကတ္ထ သင်္ခေပ+သင်နည်းပြကျမ်းသည် သီးခြားကျမ်း တစ်ပါးမဟုတ်ပါ။ ရေးဆရာတော်ကြီးများ ရေးသားထားသော ယမိုက်အရကောက်ကျမ်းကြီးကို-

၁။ တရားပုံ။

၂။ တရားပုံအတိုင်း ဝိဘင်းထုတ်ရပုံ ညွှန်ကြားချက်။

၃။ တရားပုံအတိုင်း အနက်ပေး အရကောက်ရပုံ။

၄။ ဝိဘင်းထုတ်ရာ၌ သန္နိဋ္ဌာန် သံသယ လိုက်ရပုံ ဇယားစုံ။

၅။ ဝိဘင်းကောက် ဝိဘင်းလိုင် ဉာဏ်ဖြင့်ချိန် ကဝိန်ခေါ်လောက်စေ ဟူသော ရေးဆရာတော်ကြီးတို့၏ စကားရှင်းလင်းချက်။

၆။ အမေးလေးထွေ+အဖြေငါးပါးကောင္ဒာသတင်ပုံ။

၇။ အမေး+အဖြေ+ (၁၀၀) ကျော်။

စသည်တို့ဖြင့် စနစ်တကျ ရေးသားထားသော ကျမ်းဖြစ်သည်။ အမြင်သန်၍ အသိလွယ်စေရန် ဇယားကွက်များချ၍ အမှာစကားများ ရှင်းလင်းချက်များ အပြည့်အစုံ ရေးသားထားပါသည်။

ခန္ဓယမက+အာယတနယမက+ဓာတုယမက+သစ္စယမက+ တို့၌ပဏ္ဏတ္တိဝါရတစ်ကန့်+ပဝတ္တိဝါရတစ်ကန့်+ပရိညာဝါရတစ်ကန့် ဤကဲ့သို့ တစ်ကန့်စီ တစ်ကန့်စီ သီးသန့်ခွဲခြား၍ ရေးသားထားခြင်းသည် သဘောတူဝါရ လေ့လာရသဖြင့် စာသင်သားများ လျင်မြန်စွာ သဘောပေါက် တတ်မြောက်စေလိုသောကြောင့် လည်းကောင်း။

ဝိဘင်း+သဘောသွား မကွဲပြားသဖြင့် တရားပုံ ရရှိမှုဖြင့် အထက် အထက် ယမကတို့၌ ကျေးဇူးများလှသောကြောင့် ဝါရတူတစ်ကန့်စီ ရေးသားထားပါသည်။ အားလုံးပြီးက “ဒေသနက္ကမ” လေ့လာကြလျှင် ပို၍လွယ်ကူပါလိမ့်မည်။

ဤနည်းဤပုံ နည်းမျိုးစုံတို့ဖြင့် ရေးသားထားသော ကျမ်းငယ်လေးဖြစ်၍ စာသင်သားများ ကျိုးစားပြီးလေ့လာပါလျှင် ဆရာတစ်ပါး အနီးထား၍ အားပါးတရ သင်ယူရသလို အားထားလောက်သော ကျမ်းတစ်ဆောင်ဖြစ်ကြောင်း အရှင်တို့ကိုယ်တိုင် လေ့လာသောအခါ သိမြင်လာပါလိမ့်မည်။

**ဇယား၌ပါဝင်သောသင်္ကေတများ**

[။ ] ဤသင်္ကေတဖြင့် “ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ” စသည် သန္နိဋ္ဌာန်ပုဒ် လိုက်ရမည်ကို လည်းကောင်း။

[နောစ] ဤသင်္ကေတဖြင့် “နောစတေသံ ဝေဒနက္ခန္ဓော ဥပ္ပဇ္ဇတိ” စသည် သံသယပုဒ် လိုက်ရမည်ကို လည်းကောင်း။

[။စ,။စ- ။ဥ,။ဥ] ဤသင်္ကေတဖြင့် “ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ ဝေဒနက္ခန္ဓော စ ဥပ္ပဇ္ဇတိ” စသည်သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်လုံး လိုက်မည်ကို လည်းကောင်း။

[+] ဤသင်္ကေတဖြင့် “ပစ္စနိက် န ရူပံ” စသည်တို့၌ ‘န’ ပယ်၍ “ရူပံ” စသည်လိုက်ရမည်ကို လည်းကောင်း။

[= =] ဤသင်္ကေတဖြင့် “သန္နိဋ္ဌာန် သံသယ” အရတူသည်ဖြစ်၍ လည်းကောင်း။ သန္နိဋ္ဌာန်ထက် သံသယအရကျယ်သည်ဖြစ်၍ လည်းကောင်း။ “အာမန္တာ” ဟု ဝိဘင်းထုတ်ရမည်ကို ပြပါသည်။

# ယမကတ္ထသင်္ခေပ - သင်နည်းပြကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၊ မူလယမက

## မူလဝါရ-ဥဒ္ဒေသ

### ကုသလပဒ နယ စတုက္က ဟောရိုးစစ်

ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ယမိုက်ကျမ်းကို ဟောတော်မူ၏။ ထိုသည်လည်း "မူလယမက- ခန္ဓယမက- အာ- ဓာ- သစ္စ- သင်္ခါ- အနု- စိတ္တ- ဓမ္မ- ဣန္ဒြိယယမက" အားဖြင့် (၁၀) ပါး အပြားရှိ၏။ ထိုတွင် မူလယမက- ဟော၊ ထိုသည်လည်း ဥဒ္ဒေသ- နိဒ္ဒေသ အားဖြင့် (၂) ပါး၊ ထိုတွင်ဥဒ္ဒေသဟော၊ ထိုသည်လည်း-"တိကမာတိကာ ဥဒ္ဒေသ- ဒုကမာတိကာ ဥဒ္ဒေသ" အားဖြင့် (၂) ပါး၊ ထိုတွင် တိက- ဟော၊ ထိုသည်လည်း ကုသလတိက်- ဝေဒနာတိက်- အစရှိသောအားဖြင့် (၂၂) ပါး- ထိုတွင် ကုသလ ဟော၊ ထိုသည်လည်း "မူလဝါရ- ဟေတု- နိဒါန- သမ္ဘဝ- ပဘဝ- **သမုဋ္ဌာန-** အာဟာရ- အာရမ္မဏ- ပစ္စယ- သမုဒယဝါရ" အားဖြင့် (၁၀) ပါး။ ထိုတွင် မူလဝါရ- ဟော၊ ထိုသည်လည်း ကုသလပဒ- အကုသလပဒ- အဗျာကတပဒ- နာမပဒ အားဖြင့် (၄) ပါး၊ ထိုတွင် ကုသလပဒ ဟော၊

(ကုသလပဒ ဟော မှစပြီး ဇယားကြည့်ဟောပါလေ)

ထိုသည်လည်း မူလနယ- မူလမူလနယ- မူလကနယ- မူလမူလကနယ အားဖြင့် (၄) ပါး၊ ထိုတွင် မူလနယ ဟော၊ ထိုသည်လည်း မူလယမက- ဧကမူလယမက- အညမညမူလယမက အားဖြင့် (၃) ပါး၊ ထိုတွင် မူလဟော ထိုသည်လည်း အနုလောမပုစ္ဆာ- ပဋိလောမပုစ္ဆာ အားဖြင့် (၂) ပါး၊ ထိုတွင် အနုလောမပုစ္ဆာ ဟော၊ ထိုသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် (၂) ပါး၊ ထိုတွင် သန္နိဋ္ဌာန် ဟော၊ ဟောဟန်ကား- "ယေကေစိ ကုသလာဓမ္မာ" ဟူသည်တည်း။ ထို့နောင် သံသယ ကိုဟော၊ ဟောဟန်ကား- "သဗ္ဗေ တေ ကုသလမူလာ" ဟူသည်တည်း။ ယေကေစိ ကုသလာ ဓမ္မာ- ကား သန္နိဋ္ဌာန်။ သဗ္ဗေ တေ ကုသလမူလာ ကား- သံသယ။ သန္နိဋ္ဌာန်- သံသယ (၂) ပါးကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာဖြစ်၏။

အနု- ကိုအခြားမဲ့၌ ပဋိဟော၊ ထိုသည်လည်း သန္နိဋ္ဌာန် သံသယ နှစ်ပါး။ ထိုတွင် သန္နိဋ္ဌာန်ဟော၊ ဟောဟန်ကား- "ယေဝါပနကုသလမူလာ" တည်း။ ထို့နောင် သံသယဟော- ဟောဟန်ကား- "သဗ္ဗေတေဓမ္မာကုသလာ" ဟူသည်တည်း။ ယေဝါပနကုသလမူလာ ကား သန္နိဋ္ဌာန်။ သဗ္ဗေ တေ ဓမ္မာ ကုသလာ ကား သံသယ။ သန္နိဋ္ဌာန် သံသယ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဋိလောမ ပုစ္ဆာဖြစ်၏။ အနုလောမပုစ္ဆာ-ပဋိလောမပုစ္ဆာ (၂) ပါးကို ပေါင်းသည်ရှိသော် မူလနယ ၌ ရှေးဦးစွာသော မူလယမက သည်ဖြစ်၏။

အဓိပ္ပါယ်။ ။ အမြဲမှတ်အပ်သော အနက်ရှိသောကြောင့် သန္နိဋ္ဌာန်။
ယုံမှားအပ်သော အနက်ရှိသောကြောင့် သံသယ။

## သန္နိဋ္ဌာန်- သံသယ- ရှင်းလင်းချက်

အဘယ်သို့ အမြဲမှတ်အပ်သော အနက်ရှိသနည်း-

ယေကေစိ ကုသလာ ဓမ္မာ-၌ ကုသိုလ်စိတ် ဧကဝီသ- စေတသိက် အဋ္ဌတ္တိံသ- တို့သည် ကုသိုလ်မည်သည်သာတည်း-ဟု အမြဲမှတ်အပ်သော အနက်ရှိသောကြောင့် သန္နိဋ္ဌာန်မည်၏။

သဗ္ဗေ တေ ကုသလမူလာ-၌ ကုသလမူ (၃) ခုတို့သည် ကုသိုလ်သာမည်ကုန် သလော၊ သို့မဟုတ် ကုသလမူလ မည်ကုန်သလော- မမည်ကုန်သလော-ဟု ယုံမှားအပ်သော အနက်ရှိသောကြောင့် သံသယ မည်ပါသည်။

ကုသလပဒ - အကုသလပဒ - အဗျာကတပဒ - နာမပဒ

| ပုစ္ဆာ | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | | |
|---|---|---|---|---|---|
| နယ | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ | ယမက |
| မူလနယ | ယေကေစိ ကုသလာ ဓမ္မာ | သဗ္ဗေ တေ ကုသလ မူလာ | ယေဝါ ပန ကုသလ မူလာ | သဗ္ဗေ တေ ဓမ္မာ ကုသလာ | မူလယမက |
| | ။ | သဗ္ဗေ တေ ကုသလ မူလေန, ဧကမူလာ | ယေဝါ ပန ကုသလ မူလေန, ဧကမူလာ | ။ | ဧကမူလယမက |
| | ယေကေစိ ကုသလ မူလေန,ဧကမူလာဓမ္မာ | သဗ္ဗေ တေ ကုသလ မူလေန,အညမညမူလာ | ယေဝါ ပန ကုသလ မူလေန,အညမညမူလာ | ။ | အညမညမူလယမက |
| မူလမူလနယ | ယေကေစိ ကုသလာ ဓမ္မာ | သဗ္ဗေ တေ ကုသလ မူလမူလာ | ယေဝါ ပန ကုသလ မူလမူလာ | ။ | မူလယမက |
| | ။ | သဗ္ဗေ တေ ကုသလ မူလေန, ဧကမူလမူလာ | ယေဝါ ပန ကုသလ မူလေန, ဧကမူလမူလာ | ။ | ဧကမူလယမက |
| | ယေကေစိ ကုသလ မူလေန,ဧကမူလမူလာ ဓမ္မာ | သဗ္ဗေ တေ ကုသလ မူလေန, အညမည မူလ, မူလာ | ယေဝါ ပန ကုသလ မူလေန, အညမည မူလ, မူလာ | ။ | အညမညမူလယမက |

| | | | | | |
|---|---|---|---|---|---|
| မူလကနယ | ယေကေစိ ကုသလာ ဓမ္မာ | သဗ္ဗေ တေ ကုသလ မူလကာ | ယေဝါ ပန ကုသလ မူလကာ | ။ | မူလယမက |
| | ။ | သဗ္ဗေ တေ ကုသလ မူလေန, ဧကမူလကာ | ယေဝါ ပန ကုသလ မူလေန, ဧကမူလကာ | ။ | ဧကမူလယမက |
| | ယေကေစိ ကုသလ မူလေန, ဧကမူလကာ ဓမ္မာ | သဗ္ဗေ တေ ကုသလ မူလေန, အညမည မူလ မူလကာ | ယေဝါ ပန ကုသလ မူလေန, အညမည မူလကာ | ။ | အညမညမူလယမက |
| မူလမူလက နယ | ယေကေစိ ကုသလာ ဓမ္မာ | သဗ္ဗေ တေ ကုသလ မူလမူလကာ | ယေဝါ ပန ကုသလ မူလမူလကာ | ။ | မူလယမက |
| | ။ | သဗ္ဗေ တေ ကုသလမူလေန, ဧကမူလ မူလကာ | ယေဝါ ပန ကုသလ မူလေန, ဧကမူလမူလကာ | ။ | ဧကမူလယမက |
| | ယေကေစိ ကုသလ မူလေန, ဧကမူလ မူလကာဓမ္မာ | သဗ္ဗေ တေ ကုသလ မူလေန, အညမည မူလ, မူလကာ | ယေဝါ ပန ကုသလ မူလေန, အညမည မူလ, မူလကာ | ။ | အညမညမူလယမက |

**ယှဉ်ကြည့်ပုံ** - ရှေးဦးစွာ ပဒ ကိုကြည့်ပါ။ ထို့နောက် ဝဲဘက်က နယ ကိုကြည့်ပါ။ ထို့နောက် ယာဘက်က ယမက ကိုကြည့်ပါ။ ပြီးမှ အနုလောမပုစ္ဆာ- ပဋိလောမပုစ္ဆာ စသည် သွားလေ။ ဤသို့လျှင် မူလနယ၌ ယမက (၃) ပါး၊ ပုစ္ဆာ (၆) ပါး၊ အတ္ထ (၁၂) ပါး ဖြစ်သတည်း။

မူလနယ အတူ- မူလမူလနယ၊ မူလကနယ၊ မူလမူလကနယ တို့၌ အသီးသီး ယမက (၃) ပါး၊ ပုစ္ဆာ (၆) ပါး၊ အတ္ထ (၁၂) ပါးစီ ဖြစ်သောကြောင့် ကုသလပဒ၌ နယ (၄) ပါး၊ ယမက (၁၂) ပါး၊ ပုစ္ဆာ (၂၄) ပါး၊ အတ္ထ (၄၈) ပါး ဖြစ်သတည်း။

အကုသလပဒ အဗျာကတပဒ နာမပဒ တို့၌လည်း ဤနည်းပင်တည်း။

ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အကုသလမူလာ စသည်ဖြင့် ပဒ အားလျော်စွာ ပါဠိတော် ကုန်စင်အောင် ဟောပါလေ။

## ပါဠိတော်အနက်

၁။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ ကုသိုလ်မည်ကုန်သော၊ တနည်း- အပြစ်မရှိ ကောင်းကျိုးကို ပေးခြင်းလက္ခဏာရှိကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကုသလမူလာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလမည်ကုန်သလော။

ယေဝါ ပန၊ အကြင်သို့ သဘောရှိကုန်သော။ ကုသလမူလာ၊ ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေဓမ္မာ၊ တို့သည် ကုသလမူလာ၊ သလော။

၂။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေဓမ္မာ၊ တို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလနှင့်။ (ဝါ) မူလအားဖြင့်။ ဧကမူလာ၊ တူသောမူလရှိကုန်သလော။

ယေဝါပန၊ ကုန်သော။ ကုသလမူလေန၊ နှင့်။ (ဝါ) အားဖြင့်။ ဧကမူလာ၊ တူသော မူလရှိကုန်သော။ ဓမ္မ-. တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေဓမ္မာ၊ တို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။

၃။ ယေကေစိ၊ ကုန်သော။ ကုသလမူလေန၊ နှင့်။ (ဝါ) အားဖြင့်။ ဧကမူလာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေဓမ္မာ၊ တို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်။ အညမညမူလာ၊ တပါးသည်တပါး၏ မူလမည်ကုန်သလော။

ယေဝါနပန၊ ကုန်သော။ ကုသလမူလေန၊ အားဖြင့်။ အညမညမူလာ၊ တပါးသည်တပါး၏ မူလမည်ကုန်သော။ ဓမ္မာ၊ တို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေဓမ္မာ၊ တို့သည်။ ကုသလာ၊ ကုသိုလ်မည်ကုန်သလော။

### မူလမူလနယ

ကုသလမူလမူလာ၊ ကုသိုလ်မူလဟုဆိုအပ်သော မူလမည်ကုန်သလော။

ဧကမူလမူလာ၊ တူသောမူလဟုဆိုအပ်သော မူလရှိကုန်သလော။

အညမညမူလမူလာ၊ တပါးသည်တပါး၏ မူလဟုဆိုအပ်သော မူလရှိကုန်သလော။

### မူလကနယ

ကုသလမူလကာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလရှိကုန်သလော။

ဧကမူလကာ၊ တူသောမူလရှိကုန်သလော။

အညမညမူလကာ၊ တပါးသည် တပါး၏ မူလရှိကုန်သလော။

**မူလမူလကနယ**

ကုသလမူလမူလကာ၊ ကုသိုလ်မူလဟု ဆိုအပ်သော မူလရှိကုန်သလော။
ဧကမူလမူလကာ၊ တူသောမူလဟု ဆိုအပ်သော မူလရှိကုန်သလော။
အညမညမူလမူလကာ၊ တပါးသည် တပါး၏ မူလဟုဆိုအပ်သော မူလရှိကုန်သလော။

အနက်ပြီး၏။

○ ○ ○

## မူလယမက တရားပုံ

### ကုသလပဒ

၁။ ကုသိုလ်မည်သော တရားကား- ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက်အဋ္ဌတ္တိံသ-ရ၏။
၂။ ကုသိုလ်မူလမည်သော တရားကား- အလောဘ၊ အဒေါသ၊ အမောဟ-ရ၏။
၃။ ဧကမူလမည်သော တရားကား- ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက်အဋ္ဌတ္တိံသ၊ စိတ္တဇရုပ် သတ္တရသ-ရ၏။
၄။ အညမညမူလမည်သော တရားကား- အလောဘ၊ အဒေါသ၊ အမောဟ-ရ၏။

**မှတ်ချက်** - စိတ္တဇရုပ်ကို ကောက်ရာ၌၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက်အဋ္ဌတ္တိံသ၊ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်သတ္တရသ ဟုကောက်ပါ။

**အဓိပ္ပါယ်** - ယထာရဟ ပြုအပ်သော စိတ္တဇရုပ်ဟူရာ၌ သက်သက်သောအခါ သုဒ္ဓဋ္ဌက ကလာပ်။ ကိုယ်အင်္ဂါ လှုပ်သောအခါ ကာယဝိညတ္တိနဝက ကလာပ်။ နှုတ်အင်္ဂါ လှုပ်သောအခါ ဝစီဝိညတ္တိဒသက ကလာပ်။ ခြတ်ညီညွတ်သောအခါ လဟုတာဒေက ဒသက ကလာပ်ဖြစ်သည်ကို ယထာရဟဟု ဆိုပါသည်။

(စိတ်ဖြစ်တိုင်း စိတ္တဇရုပ် သတ္တရသ မဖြစ်ပါ)

### အကုသလပဒ

၁။ အကုသိုလ်မည်သော တရားကား- အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ ရ၏။
၂။ အကုသိုလ်မူလမည်သော တရားကား- လောဘ၊ ဒေါသ၊ မောဟ ရ၏။

၃။ ကေမူလမည်သော တရားကား- အကုသိုလ်စိတ်ဒွါဒသ မောဟမူဒွေဒွ မောဟကြဉ်သော စေတသိက် သတ္တဝီသ၊ စိတ္တဇရုပ်သတ္တရသ ရ၏။

၄။ အညမညမူလမည်သော တရားကား- မောဟမူဒွေဒွ မောဟကြဉ်သော အကုသမူ (၃) ခုရ၏။

**မှတ်ချက်** - မောဟမူဒွေဒွ မောဟ သည် အဟိတ်အကုသိုလ်မည်၏။ အကုသိုလ်စိတ် ဒွါဒသ မောဟမူဒွေဒွ မောဟကြဉ်သော စေတသိက် သတ္တဝီသသည် သဟိတ်အကုသိုလ် မည်၏။

စိတ္တဇရုပ်ကိုကောက်ရာ၌ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသစေတသိက် သတ္တဝီသ နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်သတ္တရသ ရ၏။

## အဗျာကတပဒ

၁။ အဗျာကတမည်သော တရားကား- ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတ္တိံသ, ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ရ၏။

၂။ အဗျာကတမူလမည်သော တရားကား- အ လောဘ၊ အ ဒေါသ၊ အ မောဟ-ရ၏။

၃။ ကေမူလမည်သော တရားကား- သဟိတ်အဗျာကတ တရားစု-ရ၏။

၄။ အညမညမူလမည်သော တရားကား- အ လောဘ၊ အ ဒေါသ၊ အ မောဟ-ရ၏။

## အဟိတ်အဗျာကတ-သဟိတ်အဗျာကတခွဲနည်း

## အဟိတ်အဗျာကတ

အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက်ဒွါဒသ၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ၊ ဒွေပဥ္စဝိညာဉ် (၁၀) ကြဉ်သော ကုသိုလ်၊ အကုသိုလ်၊ အဟိတ်ဝိပါက်၊ အဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ နှစ်ခုနှင့် ယထာရဟအတူ ဥပါဒ်သော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရ ရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် နိဗ္ဗာန်ရ၏။

## သဟိတ်အဗျာကတ

သဟိတ်ဝိပါက်ကေဝီသ- သဟိတ်ကြိယာသတ္တရသ စေတသိက်အဋ္ဌတ္တိံသ၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄) ခု ရဟန္တာတို့၏ စုတိကြဉ်သော သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဥ္စဝေါကာရ ပဋိသန္ဓေတေရသ တို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ရ၏။

**နာမယ၁**

၁။ နာမ မည်သော တရားကား- စိတ်တစ်ခုယုတ် (၉၀) စေတသိက်ဌေပညာသ နိဗ္ဗာန်ရ၏။
၂။ နာမမူလမည်သော တရားကား- နာမမူ (၉) ခုရ၏။
၃။ ဧကမူလမည်သော တရားကား- သဟိတ်စိတ်ကေသတ္တတိ, မောဟမူဌေဒ္ဒ မောဟကြဉ်သော စေတသိက်ဌေပညာသ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ရ၏။
.။ အညမညမူလမည်သော တရားကား- မောဟမူဌေဒ္ဒ မောဟကြဉ်သော နာမမူ (၉) ခုရ၏။

## အဟိတ်နာမ်-သဟိတ်နာမ်ခွဲနည်း

**အဟိတ်နာမ်ကား** - အဟိတ်စိတ်အဋ္ဌာရသ ဆန္ဒကြဉ်သော အညသမာန်း စေတသိက်ဒွါဒသ၊ မောဟမူဌေဒ္ဒ မောဟ-နိဗ္ဗာန်သည် အဟိတ်နာမ်မည်၏။

**သဟိတ်နာမ်ကား** - သဟိတ်စိတ်ကေသတ္တတိ၊ မောဟမူဌေဒ္ဒ မောဟကြဉ်သော စေတသိက်ဌေ ပညာသ သည် သဟိတ်နာမ် မည်၏။

**မှတ်ချက်** - ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါအရူပဝိပါက် (၄) ခု ရဟန္တာတို့၏ စုတိကြဉ်သော ကုသိုလ်, အကုသိုလ်၊ သဟိတ်ဝိပါက်, သဟိတ်ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်, သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေတေရသ တို့နှင့် ယထာရဟအတူဥပါဒ်သောသဟိတ်ပဋိသန္ဓေကမ္မဇရုပ် ရ၏။

## ဝိဘင်း (၆) မျိုးမှတ်ရန်

နိဒ္ဒေသ မရေးမီ **ဝိဘင်းထုတ်ပုံ ကျွမ်းကျင်လိမ္မာစေရန်** အလို့ငှာ ဝိဘင်းနှင့် ဝိဘင်းထုတ်ပုံ စသည်ကို ရှေးဦးစွာ ရေးသားပေအံ့။

**ဆောင်**- တစ်ဘက်+နှစ်ဘက်၊ တစ်ချက်အာမန္တာ၊ တစ်ဖြာဥပ္ပန္နိ၊ နော+နတ္ထိ၊ ငါးရှိဝိဘင်းမှတ်။

၁။ သန္နိဋ္ဌာန်ပုဒ်၏ အရကျယ်၍ သံသယပုဒ်၏ အရကျဉ်းလျှင်+တစ်ဘက်ရဝိဘင်း-နှစ်ဘက်ရ ဝိဘင်းထုတ်၊ (ဝါ) ဝိဘင်းရှည်ထုတ်။
၂။ သန္နိဋ္ဌာန်ပုဒ်အရကျဉ်း၍ သံသယပုဒ်အရကျယ်လျှင်+အာမန္တာ+ဝိဘင်းထုတ်။
သန္နိဋ္ဌာန်+သံသယ-အရတူလျှင် အာမန္တာဝိဘင်းထုတ်။
၃။ သန္နိဋ္ဌာန်ပုဒ် အရသာရှိ၍+သံသယပုဒ် အရမရှိလျှင် အနုလုံဖြစ်အံ့- နောဝိဘင်းထုတ်။ ပစ္စနိက်ဖြစ်အံ့- ပါဠိဂတိဝိဘင်းထုတ်။

၄။ သန္နိဋ္ဌာန်ပုဒ် အရမရှိလျှင်- နတ္ထိ ဝိဘင်းထုတ်။
၅။ သန္နိဋ္ဌာန်+သံသယ-အရမတူလျှင်- နောဝိဘင်းထုတ်။

အထက်ပါ ဝိဘင်းလိုက်ပုံကို သေချာစွာ လေ့လာမှတ်သား ထားပါလေ။

## နိဒ္ဒေသ

ဥဒ္ဒေသ-ကို ဟောတော်မူသည်၏ အခြားမဲ့၌ နိဒ္ဒေသ-ကို ဟောတော်မူ၏။ (ပ) ကုသလတိတ်ကို ဟောတော်မူ၏။ ထိုသည်လည်း ကုသလပဒ- အကုသလပဒ- အဗျာကတပဒ- နာမပဒ အားဖြင့် (၄) ပါး။ ထိုတွင် ကုသလပဒဟော။ ထိုသည်လည်း မူလနယ- မူလမူလနယ- မူလကနယ- မူလမူလကနယ (၄) ပါး။ ထိုတွင် မူလနယဟော။ ထိုသည်လည်း မူလယမက- ဧကမူလယမက- အညမညမူလယမက (၃) ပါး။ ထိုတွင် မူလယမက ဟော။ ထိုသည်လည်း အနုလောမ- ပဋိလောမ (၂) ပါး။ ထိုတွင် အနုဟော။ ထိုသည်လည်း ပုစ္ဆာ- ဝိဿဇ္ဇနာ (၂) ပါး။ ထိုတွင် ပုစ္ဆာ ဟော၊ ဟောကန်ကား။

### မူလယမကဇယား

**ကု၊ အကု၊ဗျာ၊ နာ**

**မူလနယ- မူလမူလနယ**

| ပဒ | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ကု | ယေကေစိ ကုသလာ ဓမ္မာ | သဗ္ဗေတေ ကုသလ မူလာတိ | ယေဝါပန ကုသလ မူလာ | သဗ္ဗေတေ ဓမ္မာ ကုသလာတိ |
| | တိဏ္ဏေဝကုသလမူလာနံ+အဝသေသာ ကုသလာ ဓမ္မာ ☞ | နကုသလမူလာ | အာမန္တာ = | အာမန္တာ = |
| အကု | ။ | ။ | = | = |
| ဗျာ | ။ | ။ | = | = |
| နာမ | ။ | ။ | = | = |

ဤဇယားဖြင့် ပဒ (၄) ပါး- မူလနယ- မူလမူလနယ- (၂) ပါး ဟောပါ။

ဤ ကုသလပဒ ကို နည်းမှီး၍ အကုသလပဒကို "တီဏေဝအကုသလမူလာနိ။" အဗျာကတပဒ ကို "တီဏေဝအဗျာကတမူလာနိ။" နာမပဒမှာ- နာမမူ (၉) ခုရှိသောကြောင့် "နဝေဝနာမမူလာနိ အဝသေသာနာမာ ဓမ္မာ" စသည် ဖြေပါ။ အရကောက်မှာ တရားပုံအတိုင်း ကောက်ပါ။ မူလမူလနယ မှာလည်း ဝိဘင်းအရကောက် အားလုံးတူကြပါသည်။

## ပါဠိတော်စဉ်းစားခန်း

ကုသိုလ်မည်ကုန်သော တရားတို့သည်- ကုသိုလ်မူလမည်ကုန်သလော-ဟု မေးထား၏။ ယင်းအမေးကို ဖြေဆိုလျှင်- က (၂၁) ကုသလမူ (၃) ခုကြဉ်သော စေ (၃၅) တို့သည် ကုသိုလ်သာမည်ကုန်၏။ ကုသိုလ်မူလ မမည်ကုန်။ ကုသလမူ (၃) ခုသည် ကုသိုလ်လည်းမည်၏။ ကုသိုလ်မူလလည်း မည်ကုန်၏- ဟု ဖြေနိုင်သည်။

(သို့မဟုတ်) ကုသလမူ (၃) ခုမှ ကြွင်းသော တရားတို့သည် ကုသိုလ်မည်ကုန်၏။ ကုသိုလ်မူလ မမည်ကုန်-ဟု လည်းကောင်း ဖြေနိုင်သည်။ အထက်ပါအဖြေ (၂) မျိုးတို့တွင် နောက်နည်းသည် အကြွင်းကို သိလွယ်သည် ဖြစ်သောကြောင့် – ပါဠိတော်၌ "တီဏေဝ ကုသလမူလာနိ၊ အဝသေသာ ကုသလာဓမ္မာ၊ န ကုသလမူလာ" ဟု ဘုရားရှင် ဖြေဆိုထားတော်မူသည်။

ပဋိလောမ၌ ကုသလမူ(၃) ခုသည် "ကုသိုလ်မည်သလော" ဟု မေးထား၏။ ကုသလမူ (၃) ခုသည် ကုသိုလ်မည်သည်သာ ဖြစ်သောကြောင့် "အေး- ဟုတ်၏" ဟု ဆိုသောစကားမျိုးကို ပါဠိလို (အာမန္တာ) ဟု ဖြေဆိုထား၏။

**ဝိဘင်းအနက်များ** . တီဏေဝ- တီဏိဧဝ- အ လောဘ- အ ဒေါသ- အ မောဟ ဟု ဆိုအပ်သော ကုသလမူ (၃) ခုတို့သည်သာလျှင်။ ကုသလမူလာနိ၊ ကုသိုလ်ဟု ဆိုအပ်သော မူလမည်ကုန်၏။ အဝသေသာ၊ ကုသလမူ (၃) ခုတို့မှ ကြွင်းကုန်သော။ ကုသလာ၊ ကုသိုလ်မည်ကုန်သော။ ဓမ္မာ၊ **ကုသိုလ်စိတ်စေတသိ**- စေတသိက်ပဋ္ဌတ္တိ'သ တို့သည်။ န ကုသလမူလာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလမမည်ကုန်။ ဣတိ ဝိသဇ္ဇနာ၊ ဤသို့ဖြေဆိုတော်မူသည်။ ဟောတိ၊ ဖြစ်၏။

**ပဋိလောမ၌**- အာမန္တာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလမည်ကုန်သော တရားတို့သည်။ ကုသိုလ်မည်ကုန်၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

**အရကောက်**- ယေကေစိကုသလာဓမ္မာ- သဗ္ဗေ တေ ကုသလမူလာ ဟူ၍ ဟောတော်မူအပ်သော အနုလော ပုစ္ဆာ၌- ယေကေစိ ကုသလာဓမ္မာ ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား၊ ကုသိုလ်စိတ် စေတသိ ကုသလမူ (၃) ခုကြဉ်သော စေတသိက် ပဋ္ဌတ္တိ'သ ရ၏။ ကုသလမူ (၃) ခုလည်း ရ၏။

သဗ္ဗေ တေ ကုသလမူလာ- ဟူသော သံသယပုဒ်၏ အရကား ကုသလမူ (၃) ခုသာ ရ၏။ ယေဝါ ပန ကုသလမူလာ၊ သဗ္ဗေ တေ ဓမ္မာကုသလာ ဟူ၍ ဟောတော်မူအပ်သော ပဋိလောမ ပုစ္ဆာ၌ ယေဝါ ပန ကုသလမူလာ ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား ကုသလမူ (၃) ခုရ၏။ သဗ္ဗေ တေ ဓမ္မာကုသလာ

**ဟူသော သံသယပုဒ်**၏ အရလည်း ကုသလမူ (၃) ခု ၎င်းရ၏။ (အကုသလပဒ စသည်၌လည်း **ကုသလပဒကို** နည်းမှီး ကောက်ပါလေ။)

**ကုသလပဒ**
**မူလနယ- မူလမူလနယ**
**ကေမူလယမက**

| | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ပုစ္ဆာ | ယေကေစိ ကုသလာ ဓမ္မာ | သဗ္ဗေတေ ကုသလ မူလေန ကေမူလာတိ | ယေဝါပန ကုသလ မူလေန ကေမူလာ | သဗ္ဗေတေ ဓမ္မာ ကုသလာဝါ |
| | | | ကုသလမုဋ္ဌာန် ရုပ် ကုသလမူလေန- ကေမူလ် ☞ | နကုသလ် |
| | အာမန္တာ = | အာမန္တာ = | ကုသလ် ကုသလမူလေနကေ မူလဋ္ဌေဝ ☞ | ကုသလဋ္ဌ |

**အမှာစကား**ချုပ်- မူလကနယ နှင့်-မူလမူလကနယ တို့သည် ကေမူလယမက နှင့် တူ၏ဟု ဆိုသော်လည်း သန္နိဋ္ဌာန်- သံသယ- ဝိဘင်း လိုက်သောအခါ သတိထားပါလေ။

| | | | | |
|---|---|---|---|---|
| | ယေကေစိ ကုသလာ ဓမ္မာ | သဗ္ဗေတေ ကုသလ မူလကာတိ | ယေဝါပန ကုသလ မူလကာ | သဗ္ဗေတေဓမ္မာ ကုသလာတိ |
| | | | ကုသလမုဋ္ဌာန် ရုပ် ကုသလမူလက်☞ | နကုသလ် |
| | အာမန္တာ = | အာမန္တာ = | ကုသလ် ကုသလမူလကဋ္ဌေဝ ☞ | ကုသလဋ္ဌ |

**အမှာ** - မူလနယ- ကေမူလယမက နှင့် မူလကနယ- မူလမူလကနယ နှစ်ပါးတို့သည် ဝိဘင်းအရကောက် အားလုံးတူပါသည်။ ဝိဘင်းလိုက်ပုံ ပါဠိ သတိထားဆိုပါလေ။ ထို့ကြောင့် "ကေမူလ် ယေသဉ္စေတိ ကေမူလကာ"။ ဗဟုဗ္ဗိဟိ။ "မူလ် အဿ အတ္ထီတိ မူလက်" ဟု ဆရာတို့ မိန့်ဆိုတော်မူကြ၏။ ယင်းမိန့်ဆိုချက်အရ ဤဇယားကိုကြည့်၍ ကုန်စင်အောင် ဟောပါလေ။

## ပါဠိတော်စဉ်းစားခန်း

ကုသိုလ်မည်ကုန်သော တရားတို့သည် "ကုသိုလ်မူလနှင့် တူသော မူလရှိကုန်သလော" ဟု အမေးပုစ္ဆာ ဖြစ်ပေါ်လာ၏။ ထိုအမေးမျိုးကို စဉ်းစားသောအခါ ကုသိုလ်ထက် ကုသိုလ်မူလမည်သော တရားက အရကျယ်နေသောကြောင့် (အာမန္တာ) ဟု ဝိဘင်းထုတ်ရလေသည်။ (ဝါ) သန္နိဋ္ဌာန်ပုဒ်ထက် သံသယပုဒ်က အရကျယ်လျှင် (အာမန္တာ) ဝိဘင်းထုတ်ရလေသည်။ အရကောက်သောအခါ သန္နိဋ္ဌာန်ပုဒ်၏ အရဖြစ်သော ကုသိုလ်ဇောဝီသ စေတသိက်အဋ္ဌတ္တိံသ ရ၏။ သံသယပုဒ်၏ အရလည်းကုသိုလ်ဇောဝီသ စေတသိက်အဋ္ဌတ္တိံသ ၎င်းရ၏ဟု ကောက်ပါလေ။

ပဋိလောမ ပုစ္ဆာ၌- ကုသိုလ်မူလနှင့် တူသော မူလရှိကုန်သော တရားတို့သည် "ကုသိုလ်မည်ကုန်သလော" ဟု အမေးပုစ္ဆာဖြစ်လာ၏။

ယင်းအမေးကို စဉ်းစားသောအခါ ကုသိုလ်မူလမည်သော တရားက က(၂၁)၊ စေ (၃၈)၊ စိတ္တဇရုပ် (၁၇) ဖြစ်၏။ ကုသိုလ်မည်သော တရားက က (၂၁)၊ စေ (၃၈) သာဖြစ်၍ သန္နိဋ္ဌာန်ဖြစ်သော ရှေ့ပုဒ်က အရကျယ်နေသောကြောင့် ဝိဘင်းရှည်ထုတ်ရမည်။

**ထုတ်ပုံမှာ** - သံသယပုဒ် အရထက် ပိုနေသော စိတ္တဇရုပ်ကို (ကုသလသမုဋ္ဌာနံ ရူပံ) ဟုဆိုပြီး သန္နိဋ္ဌာန် ပါဠိရှိသည့်အတိုင်း (ကုသလမူလေန ဧကမူလံ) ဟုလိုက်ပါ။

သံသယပုဒ် ပါဠိကို (န) မြစ်ခါ- (နကုသလံ) ဟု လိုက်ရမည်။ သန္နိဋ္ဌာန်- သံသယနှစ်ဘက်လုံး ရနေသော (က+၂၁၊ စေ ၃၈) ကို (ကုသလံ) ဟု ဆိုပြီး၊ သန္နိဋ္ဌာန်ပါဠိကို (စေဝ) သံသယပုဒ်ပါဠိ (စ) ထည့်လိုက်လျှင်- (ကုသလမူလေနဧကမူလဉ္စေဝ ကုသလဉ္စ) ဖြစ်လာမည်။

## ဝိဘင်းပါဠိတော်အပြည့်အစုံမှာ

ကုသလသမုဋ္ဌာနံရူပံ-ကုသလမူလေနဧကမူလံ၊ နကုသလံ။

ကုသလံ- ကုသလမူလေန ဧကမူလဉ္စေဝ၊ ကုသလဉ္စ။-

ဟု ဖြစ်လာသည်။

## ဝိဘင်းပါဠိတော်အနက်ပေး

အာမန္တာ၊ ကုသိုလ်မည်ကုန်သော တရားတို့သည် ကုသိုလ်ဟု ဆိုအပ်သော မူလနှင့် (ဝါ) မူလအားဖြင့် တူသောမူလရှိကုန်၏။ ဣတိဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

**ပဋိလောမ၌-**

ကုသလသမုဋ္ဌာနံ၊ ကုသိုလ်လျှင် ဖြစ်ကြောင်းရှိသော။ ရူပံ၊ စိတ္တဇရုပ် သတ္တရသသည်။ ကုသလမူလေန၊ နှင့်။ (ဝါ) အားဖြင့်။ ဧကမူလံ၊ တူသောမူလရှိ၏။ န ကုသလံ၊ ကုသိုလ်မမည်။ ကုသလံ၊ ကုသိုလ်သည်။ ကုသလမူလေန၊ နှင့်။ (ဝါ) အားဖြင့်။ ဧကမူလဉ္စေဝ၊ တူသောမူလလည်းရှိ၏။ ကုသလဉ္စ၊ ကုသိုလ် လည်းမည်၏။ ဣတိဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

**အနုလောမအရကောက်**- ယေကေစိ ကုသလာဓမ္မာ- ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား ကုသိုလ်ကေဝိသ-စေတသိက်အဋ္ဌတ္တိံသ ရ၏။

သဗ္ဗေ တေ ကုသလမူလေန ကေမူလာ- ဟူသော သံသယပုဒ်၏အရကား- ကုသိုလ်ကေဝိသ စေတသိက်အဋ္ဌတ္တိံသ ၎င်းရ၏။

ပဋိလောမ၌- သန္နိဋ္ဌာန်ပုဒ်၏ အရကား- ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် (၂၁)၊ စေ (၃၈)၊ နာမက္ခန္ဓာ တို့သည် ယထာရဟ ပြအပ်သော စိတ္တဇရုပ်သတ္တရသ ရ၏။ ကုသိုလ်စိတ် (၂၁)၊ စေတသိက် (၃၈) လည်းရ၏။ သံသယ ကား- နောက်သာရ၏။ (သို့မဟုတ်) သံသယပုဒ်၏ အရကား- ကု (၂၁)၊ စေ (၃၈) သာရ၏။

**အကုသလပဒ- အဗျာကတပဒ- နာမပဒ**

**ကေမူလယမကဇယား**

| ပဒ | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| အကု | ယေကေစိ အကုသလာ ဓမ္မာ | သဗ္ဗေတေအကုသလ မူလေန ကေမူလာတိ | ယေဝါပန အကုသလ မူလေန ကေမူလာ | သဗ္ဗေတေ ဓမ္မာ အကုသလာတိ |
| | အဟေတုကံအကုသလံ ☞ | အကုသလမူလေန နကေမူလံ | အကုသလမုဋ္ဌာနံရုပ် အကုသလမူလေန ကေမူလံ ☞ | နအကုသလံ |
| | သဟေတုကံအကုသလံ ☞ | အကုသလမူလေန ကေမူလံ | အကုသလံ အကုသလမူလေန ကေမူလဋ္ဌေ ☞ | အကုသလဋ္ဌ |
| ဗျာ | အဗျာကတတရားစု | သဟိတ်အဗျာကတတရား | သဟိတ်အဗျာကတ တရား | အဗျာကတ တရားစု |
| နာ | အဟေတုကံအဗျာကတံ ☞ | အဗျာကတမူလေန နကေမူလံ | | |
| | သဟေတုကံအဗျာကတံ ☞ | အဗျာကတ မူလေန ကေမူလံ | အာမန္တာ = | အာမန္တာ = |
| | စိတ် ၈၉+ စေ ၅၂ နိဗ္ဗာန် | သဟိတ်နာမ် | သဟိတ်နာမ် | စိတ် ၈၉+ စေ ၅၂ နိဗ္ဗာန် |
| | အဟေတုကံ နာမံ ☞ | နာမမူလေန နကေမူလံ | နာမသမုဋ္ဌာနံ ရုပ် နာမမူလေန ကေမူလံ ☞ | န-နာမံ |
| | သဟေတုကံနာမံ ☞ | နာမမူလေန ကေမူလံ | နာမံ နာမမူလေန ကေမူလဋ္ဌေ ☞ | နာမဋ္ဌ |

အမှာ - ကေမူလယမက၌- ကုသလပဒ နှင့် ကျန်ပဒ (၃) ပါးတို့ မတူကြပါ။ ဤဇယားဖြင့်ပင် မူလကနယ မူလမူလကနယ (၂) ပါးတို့၌ မူလယမက- ကေမူလယမက တို့ကို ပဒ (၃) ပါးလုံး ဟောပါလေ။

**ပါဠိတော်စဉ်းစားခန်း–**

အကုသိုလ်မည်ကုန်သော တရားတို့သည် 'အကုသိုလ်နှင့် တူသော မူလရှိကုန်သလော' ဟု မေးထား၏။ အကုသိုလ်မည်သော တရားကား အကု (၁၂)၊ စေ (၂၇)။ အကုနှင့်တူသော မူလရှိသော တရားကား အကု (၁၂)၊ မောဟမူဒွေး၌ မောဟကြဉ်စေ (၂၇) စိတ္တဇရုပ် (၁၇) ရှ၏။ ထိုသို့ရသော်လည်း သန္နိဋ္ဌာန်ပုဒ်အရမှာ စိတ္တဇရုပ်မပါသောကြောင့် စိတ္တဇရုပ်ကို ထည့်စဉ်းစားရန်မလို။ အကု (၁၂)၊ မောဟကြဉ်စေ (၂၇) သာ စဉ်းစားရပေမည်။ ယင်းသို့ စဉ်းစားသောအခါ သန္နိဋ္ဌာန်ပုဒ် အရထည်းမှာ မောဟမူဒွေး၌ မောဟပါနေသည်။ သံသယပုဒ်ထည်းမှာ မောဟမူဒွေး၌ မောဟမပါဝင်ပါ။ သန္နိဋ္ဌာန်ပုဒ်က သံသယပုဒ်ထက် မောဟမူဒွေး၌ မောဟတစ်လုံး ပိုနေသည်ကို တွေ့ရပေမည်။ ထိုသို့တွေ့ရသောကြောင့် ရှေးဆရာကြီးတို့ကလည်း "သန္နိဋ္ဌာန်များ ကျယ်လာလျှင်– သာသည်ကို ရှေ့ထုတ်" ဆိုသည့်အတိုင်း သံသယပုဒ်မှာမပါသော မောဟမူဒွေး၌ မောဟကို တဘက်ရ ဝိဘင်းထုတ်။ ကျန်သော အကုသိုလ်များကို နှစ်ဘက်ရ ဝိဘင်းထုတ်ရပေမည်။ ယင်းသို့ ထုတ်သောအခါ မောဟမူဒွေး၌ မောဟသည် **အဟိတ်** အကုသိုလ်ဖြစ်၍– "အဟေတုကံ အကုသလံ" ဟု ပါဠိတော် ဖြစ်လာပါသည်။ ကျန်သော အကု (၁၂) မောဟမူဒွေး၌ မောဟကြဉ်စေ (၂၇) တို့သည် သဟိတ်အကုသိုလ်ဖြစ်၍– "သဟေတုကံ အကုသလံ" ဟု ပါဠိတော် ဖြစ်ပေါ်လာပါသည်။

**ပါဠိအပြည့်အစုံမှာ–**

အဟေတုကံအကုသလံ– အကုသလမူလေန– **န ဧကမူလံ**
သဟေတုကံအကုသလံ– အကုသလမူလေန **ဧကမူလံ။**

**ဝိဘင်းပါဠိအနက်–**

အဟေတုကံ၊ အဟိတ်ဖြစ်သော။ အကုသလံ၊ အကုသိုလ်သည်။ အကုသလမူလေန၊ အကုသိုလ်ဟု ဆိုအပ်သော မူလနှင့်။ (ဝါ) အားဖြင့်။ နဧကမူလံ၊ တူသောမူလမရှိ။ သဟေတုကံ၊ သဟိတ်ဖြစ်သော။ အကုသလံ၊ အကုသိုလ်သည်။ အကုသလမူလေန၊ နှင့်။ (ဝါ) အားဖြင့်။ ဧကမူလံ၊ တူသောမူလရှိ၏။

**အရကောက်–** အနုလောမပုစ္ဆာ၌ ယေကေစိအကုသလာဓမ္မာ ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား၊ မောဟမူဒွေး၌ မောဟရ၏။ အကုသိုလ်ဒွါဒသ၊ မောဟမူဒွေး၌ မောဟကြဉ်စေ (၂၇) လည်းရ၏။

သဗ္ဗေတေအကုသလမူလေနဧကမူလာ– ဟူသောသံသယပုဒ်၏အရကား– အကု (၁၂) မောဟမူဒွေး၌ မောဟကြဉ်သော စေ (၂၇) သာရ၏။

**အမှာ** – **အကုသလပဒနှင့် နာမပဒ တို့ ပဋိလောမမှာ ကုသလပဒနှင့် ဝိဘင်းထုတ်၊အရကောက်** တူပါသည်။ ပဒအား လျှော်စွာ တရားပုံအတိုင်းကောက်ပါလေ။ အဗျာကတပဒ **ပဋိလောမ**၌ ရပ်သည် အဗျာကတပင် ဖြစ်သောကြောင့် ကုသလပဒတို့ကဲ့သို့ "အဗျာကတသမုဋ္ဌာန်ရုပ်" **မထွက်မူ၍ အာမန္တ၊ဝိဘင်းထွက်ရလေသည်။** သဟိတ်အဗျာကတ တရားစုကောက်ပါ။

## ကုသလပဒ- အကုသလပဒ- အဗျာကတပဒ- နာမပဒ
## အညမညမူလယမက

| ပဒ | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ကု | ယေကေစိ ကုသလ မူလေန ဧကမူလာ ဓမ္မာ | သဗ္ဗေတေ ကုသလ မူလေန အညမည မူလာတိ | ယေဝါပန ကုသလ မူလေန အညမည မူလာ | သဗ္ဗေတေဓမ္မာ ကုသလာတိ |
| | မူလာနိယာနိဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ဧကမူလာနိစေဝ ☞ | အညမညမူလာနိစ | အာမန္တာ = | အာမန္တာ = |
| | အဝသေသာကုသလ မူလသဟဇာတာ ဓမ္မာ ကုသလမူလေန ဧက မူလာ ☞ | နစအညမညမူလာ | | |
| အကု | နိစေဝ မူလာ | နိစ န+မူလာ | = | = |
| ဗျာ | နိစေဝ မူလာ | နိစ န+မူလာ | = | = |
| နာမ | နိစေဝ မူလာ | နိစ န+မူလာ | = | = |

### ပါဠိတော်စဉ်းစားခန်း

**ကုသလပဒ**-အနုလောမပုစ္ဆာ၌ ဧကမူလမည်သော တရားတို့သည် အညမညမူလမည်ကုန်သလော ဟု **အမေးပုစ္ဆာ** ဖြစ်လာ၏။ ယင်းပုစ္ဆာ၌ ဧကမူလမည်သောတရားကား ကု (၂၁)၊ စေ (၃၈)၊ စိတ္တဇရုပ် (၁၇)။ အညမညမူလမည်သောတရားကား- ကုသလမူ (၃) ခုပဲ တွေ့ရပေမည်။ ထိုတရားများကို ယှဉ်ကြည့်သောအခါ သံသယဖြစ်သော အညမညမူလ**မည်သော** တရားထက်- သန္နိဋ္ဌာန် ဖြစ်သော **ဧကမူလမည်သော တရားက** ကု (၂၁)၊ **ကုသလမူ (၃) ချကြဉ်စေ** (၃၅)၊ စိတ္တဇရုပ် (၁၇) ပိုလွန်နေပြီး- **ကုသလမူ (၃) ခုက ဧကမူလလည်း**မည်- အညမညမူလလည်း မည်သည်ကို တွေ့ရ၏။

ထိုသို့ တွေ့သောအခါ ဝိဘင်းထုတ်စည်းကမ်း**အတိုင်း (သန္နိဋ္ဌာန်**များ **ကျယ်လာလျှင်,** သာသည်ကို ရှေ့ထုတ်, နှစ်ပုဒ်ရတ္တလုံးစုံ–မြကြည်ယုံ–နောက်ဝိဘင်း**ထုတ်–) ဆို**သည့်အတိုင်း ထုတ်လျှင် တစ်ဘက်ရကို ရှေးဦးစွာ ထုတ်ရပါမည်။ နှစ်ဘက်ရ နောက်မှထု**တ်လျှင် ဝိဘင်း**ဖြောင့် ဖြစ်ပေမည်။ ဤဋ္ဌအကြွင်းကို သိလွယ်စိမ့်သောငှာ နှစ်ဘက်ရဖြစ်သော ကုသလမူ **(၃) ခုကို** "မူလာနိယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ" စသည်ဖြင့် နှစ်ဘက်ရ ဝိဘင်းထုတ်**ပြီးမှ။ တစ်ဘက်ရဖြစ်သော** ကု (၂၁)၊ ကုသလမူ (၃) ခုမှတပါးစေ (၃၅)၊ စိတ္တဇရုပ်များကို "အဝသေသာ **ကုသ**လမူလ သဟဇာတာ ဓမ္မာ" စသည်ဖြင့် နောက်မှ ဝိဘင်းထုတ်ထားသောကြောင့် ဝိဘင်းကောက်ဟု မှတ်ရမည်။

**ဝိဘင်းပါဠိအပြည့်အစုံမှာ –** မူလာနိယာနိဧကတောဥပ္ပဇ္ဇန္တိကုသလမူလာနိ၊ ဧကမူလာနိစေဝ၊ အညမည မူလာနိစ၊ အဝသေသာကုသလမူလသဟဇာတာဓမ္မာ၊ ကုသလမူလေန ဧကမူလာ နစအညမညမူလာ။

ပဋိလောမဒ္ဓ ကုသိုလ်ဟု ဆိုအပ်သော မူလအားဖြင့် တစ်ပါးသည် တစ်ပါး၏ မူလမည်ကုန်သော တရားတို့သည် "ကုသိုလ်မည်ကုန်သလော" ဟု မေးထား၏။ ဤဋ္ဌလည်း ကုသိုလ်ဟု ဆိုအပ်သော မူလအားဖြင့် တစ်ပါးသည်တစ်ပါး၏ မူလမည်သော တရားကား ကုသလမူ (၃) ခုသာ၊ ကုသိုလ်မည်သော တရားက–ကု (၂၁)၊ စေ (၃၈) ဖြစ်၍၊ သန္နိဋ္ဌာန်ထက် သံသယက အရကျယ်သောကြောင့် "အာမန္တာ" ဟု ဝိဘင်းထုတ်ထားလေသည်။ အကုသလပဒ– အဗျာကတပဒ– နာမပဒ တို့၌လည်း ဤကုသလပဒကဲ့သို့ ဝိဘင်းထုတ်ပါလေ။ ပဒ အားလျော်စွာ အရကောက်ပါ၊

**အမှာ –** ဝိဘင်းထုတ်သောအခါ တစ်ဘက်ရ ရှေ့မှာထားပြီး နှစ်ဘက်ရ နောက်မှ ထုတ်သော ဝိဘင်းဖြောင့်ပင် ဖြစ်စေ၊ နှစ်ဘက်ရကို ရှေ့မှာထားပြီး၊ တစ်ဘက်ရကို နောက်မှ ထုတ်သော ဝိဘင်းကောက်ပင်ဖြစ်စေ၊ အရကောက်သောအခါ တစ်ဘက်ရကို ရှေးဦးစွာကောက်ပြီးမှ နှစ်ဘက်ရကို နောက်မှ ကောက်ရမည်ဟု အမြဲမှတ်ထားပါ။

**ဝိဘင်းပါဠိအနက်–**

ကုသလမူလာနိ၊ ကုသလမူလဟု ဆိုအပ်ကုန်သော။ ယာနိမူလာနိ၊ အကြင်မူလတို့သည်။ ဧကတော၊ တကွနက်။ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏။ တာနိမူလာနိ၊ ထိုကုသလမူ(၃) ခုတို့သည်။ ဧကမူလာနိစေဝ၊ တူသောမူလလည်း ရှိကုန်၏။ အညမညမူလာနိစ၊ တစ်ပါးသည်တစ်ပါး၏ မူလလည်း မည်ကုန်၏။ (ဝါ) ရှိကုန်၏။ အဝသေသာ၊ ကုသလမူ (၃) ခုမှ ကြွင်းကုန်သော။ ကုသလမူလသဟဇာတာ၊ ကုသလမူ (၃) ခုနှင့် တကွ ဖြစ်ကုန်သော။ ဓမ္မာ၊ ကုသိုလ် ဧကဝီသ၊ ကုသလမူ (၃) ခုမှတစ်ပါး၊ စေ (၃၅) ပဉ္စဝေါကာ ရဘုံ၌ဖြစ်သော အခါ ကု (၂၁)၊ စေ (၃၈)၊ နာမက္ခန္ဓာ တို့သည် ယထာရဟ ပြအပ်သော စိတ္တဇရုပ်တို့သည်။ ကုသလမူလေန၊ ကုသိုလ်ဟု ဆိုအပ်သော မူလနှင့်၊ ဧကမူလာ၊ တူသောမူလရှိကုန်၏။ နစအညမညမူလာ၊ တစ်ပါးသည်တစ်ပါး၏ မူလမမည်ကုန်။ ဣတိဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

**ပဋိလောမအနက်-**

အာမန္တာ၊ ကုသိုလ်ဟု ဆိုအပ်သော မူလအားဖြင့် တစ်ပါးသည့် တစ်ပါး၏ မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်၏။ ဣတိဝိသဇ္ဇနာ၊ သည်၊ ဟောကိ၊ ၏။

**အရကောက်** - အနုလောမ ပုစ္ဆာ၌ "ယေကေစိ ကုသလမူလေန ဧကမူလာဓမ္မာ" ဟူ သောသန္နိဋ္ဌာန်ပုဒ်၏ အရကား- က (၂၁)၊ ကုသလမူ (၃) ခုမှ တစ်ပါး၊ စေ (၃၅) ပဌဝေါကာရ ဘုံ၌ဖြစ်သောအခါ၊ က (၂၁)၊ စေ (၃၈)၊ နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ် (၁၇) ရ၏။ ကုသလမူ (၃) ခုလည်းရ၏။ "သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ" ဟူသော သံသယပုဒ်၏ အရကား- ကုသလမူ (၃) ခု သာရ၏။ ပဋိလောမ ပုစ္ဆာ၌၊ "ယေဝါ ပန ကုသလမူလေန အညမညမူလာ" ဟူသော သန္နိပုဒ်၏ အရကား ကုသလမူ(၃) ခုရ၏။ "သဗ္ဗေ တေ ဓမ္မာ ကုသလာ" ဟူသော သံသယ ပုဒ်၏အရလည်း- ကုသလမူ (၃)ခု ၎င်းရ၏။

**အကုသလပဒ အကောက်**- အနုလောမသန္နိဋ္ဌာန်အရကား- အကု (၁၂) အကုသလမူ (၃) ခုမှတစ်ပါး၊ စေ-(၂၄)၊ ပဌဝေါကာရ ဘုံ၌ဖြစ်သောအခါ၊ အကု (၁၂)၊ စေ (၂၇)၊ နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော စိတ္တရုပ် သတ္တရသ ရ၏။ မောဟမူ၌ မောဟကြဉ်သော အကုသလမူ (၃) ခုလည်းရ၏။ သံသယကား- နောက်သာရ၏။

**ပဋိလောမသန္နိဋ္ဌာန်အကောက်**- မောဟမူ၌ မောဟကြဉ်သော အကုသလမူ (၃) ခုရ၏။ သံသယ ၎င်းရ၏။

**အဗျာကတ အနုလောမ သန္နိဋ္ဌာန်အကောက်**- သဟိတ်ဝိပါက် (၂၁)၊ သဟိတ်ကြိယာ (၁၇)၊ အဗျာကတမူ (၃) ခုမှတစ်ပါး၊ စေ (၃၅)၊ ပဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄) ခု၊ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်ဝိပါက်- သဟိတ်ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်- သဟိတ်ပဌဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ရ၏။ အဗျာကတမူ (၃) ခုလည်းရ၏။ သံသယပုဒ်၏ အရကား အဗျာကတမူ (၃) ခုသာရ၏။ ပဋိလောမလည်း ယခင် သံသယပင်ရ၏။

**နာမပဒ အနုလောမ သန္နိဋ္ဌာန်အကောက်**- သဟိတ်စိတ် (၇၁)၊ နာမမူ(၉) ခုကြဉ်စေ (၄၆)၊ ပဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄) ခု၊ ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ်၊အကုသိုလ်- သဟိတ်ဝိပါက်- သဟိတ်ကြိယာ- နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော သဟိက်စိတ္တဇရုပ်- သဟိတ်ပဌဝေါကာရ ပဋိသန္ဓေ တေရသ တို့နှင့် ယထာရဟ အတူ ဥပါဒ်သော သဟိက်ပဋိသန္ဓေ ကမ္မဇရုပ်ရ၏။ မောဟမူ၌ မောဟကြဉ်သော နာမမူ (၉)ခုလည်းရ၏။ သံသယကား နောက်သာရ၏။ ပဋိလောမ သန္နိဋ္ဌာန်ပုဒ်၏အရကား- မောဟမူ၌ မောကြဉ်သော နာမမူ (၉) ခုရ၏။ သံသယလည်း ၎င်းရ၏။

မူလဝါရပြီး၏။

မူလယမကပြီး၏။

# ၂။ ခန္ဓယမက- ပဏ္ဏတ္တိဝါရ

## ဥဒ္ဒေသ

မူလယမိုက်ကို **ဟောတော်မူ**သည်၏ အခြားမဲ့၌ ခန္ဓယမိုက်ဟော- ထိုသည်လည်း ပဏ္ဏတ္တိဝါရ ပဝတ္တိဝါရ- ပရိညာဝါရ- အားဖြင့် (၃) ပါး၊ ထိုတွင် ပဏ္ဏတ္တိဟော- ထိုသည်လည်း ဥဒ္ဒေသ-နိဒ္ဒေသ- အားဖြင့် (၂) ပါး၊ ထိုတွင် ဥဒ္ဒေသဟော။ ထိုသည်လည်း ပရိစ္ဆေဒဝါရ- ပရိစ္ဆိန္နုဒ္ဒေသဝါရ- ဝိဘာဂဝါရ- အားဖြင့် (၃) ပါး အပြားရှိ၏။ တစ်နည်းကား- ခန္ဓုဒ္ဒေသ-နာမပဝတ္တာန်-နယဝါရ- အားဖြင့် (၃) ပါး။ ထိုတွင် ခန္ဓုဒ္ဒေသဟော- ဟောဟန်ကား- ပဉ္စက္ခန္ဓာ ဟူသည်တည်း။ ထို့နောင် နာမဝဝတ္ထာန် ကို ဟောတော်မူ၏။ ကား- ရူပက္ခန္ဓော၊ **ဝေဒနက္ခန္ဓော**၊ သညက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော၊ ဟူသည်တည်း။

ပဉ္စ၊ ကုန်သော။ ခန္ဓာ၊ တို့သည်**။** ဟောန္တိ၊ ကုန်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာလည်း**ကောင်း။** **ဝေဒနက္ခန္ဓော**၊ လည်းကောင်း။ သညက္ခန္ဓော၊ လည်းကောင်း။ သင်္ခါရက္ခန္ဓော၊ လည်းကောင်း။ ဝိညာဏ**က္ခန္ဓော**၊ လည်းကောင်း။ ဣတိဣမေ၊ ဤသည်တို့တည်း။

## ပဒသောဓနဝါရ

နာမဝဝတ္ထာန်ကိုဟောတော်မူသည်၏အခြားမဲ့၌- နယဝါရကို **ဟော**။ ထိုသည်လည်း ပဒသောဓနဝါရ- ပဒသောဓနမူလစက္ကဝါရ- သုဒ္ဓခန္ဓဝါရ- သုဒ္ဓခန္ဓ မူလစက္ကဝါရ **အားဖြင့်** (၄) ပါး- တို့တွင်၊ ပဒသောဓနဝါရ ဟော။ ထိုသည်လည်း အနုလုံ+ပစ္စနိက်- ထိုတွင် **အနုလုံ**ဟော- ထိုသည်လည်း ရူပက္ခန္ဓာယမက အစရှိသောအားဖြင့် (၅) ပါး။ ထိုတွင် ရူပက္ခန္ဓာ ဟော- ထိုသည်လည်း အနုလောမပုစ္ဆာ- ပဋိလောမပုစ္ဆာ- အားဖြင့် နှစ်ပါး။ ထိုတွင် အနုလောမ ဟော၊ ထိုသည်လည်း သန္နိဋ္ဌာန်+သံသယ- အားဖြင့် (၂) ပါး။ ထိုတွင် သန္နိဋ္ဌာန်ဟော- ဟောဟန်ကား- ရူပ်- ဟူသည်တည်း။

ထို့နောင် သံသယဟော-ကား ရူပက္ခန္ဓော။

ရူပ်-ကား သန္နိဋ္ဌာန်၊ **ရူပက္ခန္ဓော**ကား သံသယ**။** **သန္နိဋ္ဌာန်**+သံသယနှစ်ပါးကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာဖြစ်၏။

**(ဇယားကိုကြည့်၍ ဟောပါလေ)**

အနက်- ရူပ်၊ ရုပ်မည်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မည်သလော။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မည်၏။ ရူပ်၊ ရုပ်မည်သလော။ (အနက်လွယ်ပြီ)

**ပဒသောဓနဝါရ-ဥဒ္ဒေသ-အနုလုံ**

| အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ရူပံ | ရူပက္ခန္ဓော | ရူပက္ခန္ဓော | ရူပံ |
| ဝေဒနာ | ဝေဒနက္ခန္ဓော | ဝေဒနက္ခန္ဓော | ဝေဒနာ |
| သညာ | သညက္ခန္ဓော | သညက္ခန္ဓော | သညာ |
| သင်္ခါရာ | သင်္ခါရက္ခန္ဓော | သင်္ခါရက္ခန္ဓော | သင်္ခါရာ |
| ဝိညာဏံ | ဝိညာဏက္ခန္ဓော | ဝိညာဏက္ခန္ဓော | ဝိညာဏံ |
| | ပစ္စနိက် | | |
| နရူပံ | နရူပက္ခန္ဓော | နရူပက္ခန္ဓော | နရူပံ |

န, သွင်းဟောလျှင် ပစ္စနိက် ဖြစ်၏။ ဝေဒနာ စသည်ဟောလေ။

ဤသို့လျှင် ပဒသောဓနဝါရအနုလုံ၌- ယမက (၅) ပါး၊ ပုစ္ဆာ (၁၀) ပါး၊ အတ္ထ (၂၀) ပါး ဖြစ်သတည်း။ (ပစ္စနိက်လည်း နည်းတူ)

န- နိက်- (၂) ပါး ပေါင်း နယ- (၂ )ပါး ယမက (၁၀) ပါး- ပုစ္ဆာ (၂၀) အတ္ထ (၄၀) ဖြစ်သတည်း။

**ပဒသောဓနဝါရပြီး၏။**

**ပဒသောဓနမူလစက္ကဝါရ- အနုလုံ- ပစ္စနိက်**

| မူ | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | | မူလိ | | | |
|---|---|---|---|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ | | | | |
| ရူ | ရူပံ | ရူပက္ခန္ဓောတိ | ခန္ဓာ | ဝေဒနက္ခန္ဓော | ဝေ | ည | င်္ခါ | ဝိ |
| ဝေ | ဝေဒနာ | ဝေဒနက္ခန္ဓောတိ | ခန္ဓာ | ရူပက္ခန္ဓော | ရူ | ည | င်္ခါ | ဝိ |
| ည | သညာ | သညက္ခန္ဓောတိ | ခန္ဓာ | ရူပက္ခန္ဓော | ရူ | ဝေ | င်္ခါ | ဝိ |
| သင်္ခါ | သင်္ခါရာ | သင်္ခါရက္ခန္ဓောတိ | ခန္ဓာ | ရူပက္ခန္ဓော | ရူ | ဝေ | ည | ဝိ |
| ဝိ | ဝိညာဏံ | ဝိညာဏက္ခန္ဓောတိ | ခန္ဓာ | ရူပက္ခန္ဓော | ရူ | ဝေ | ည | င်္ခါ |

အနက်- ရူပ၊ ၏။ ရူပက္ခန္ဓော၊ လော။ ခန္ဓာ၊ မည်ကုန်၏။ ဝေဒနက္ခန္ဓော၊ လော။

သညက္ခန္ဓာ မူလီ- စသည် ဟောပါလေ။

ပဒသောဓနမူလစက္ကဝါရ၌ - ရူပက္ခန္ဓာမူ ဝေဒနက္ခန္ဓာမူလီ စသည်တို့၌ ဟောပုံနမူနာ-

၁။ ရူပ်- ရူပက္ခန္ဓော။ ခန္ဓာ-ဝေဒနက္ခန္ဓော။

၂။ ရူပ်- ရူပက္ခန္ဓော၊ ခန္ဓာ- သညက္ခန္ဓော။

၃။ ရူပ်+ရူပက္ခန္ဓော။ ခန္ဓာ- သခါရက္ခန္ဓော။

၄။ ရူပ်- ရူပက္ခန္ဓော။ ခန္ဓာ- ဝိညာဏက္ခန္ဓော။

ဝေဒနက္ခန္ဓာမူ စသည်တို့၌လည်း- ရူပက္ခန္ဓာမူလီ စသည်ဇယားကြည့်၍ ဟောပါလေ။

ရူပက္ခန္ဓာမူ၌ ယမက (၄) ပါး- ပုစ္ဆာ (၈) ပါး- အတ္ထ (၁၆) ပါး။

ဝေဒနက္ခန္ဓာမူ စသည်တို့၌လည်း ထိုအတူရသောကြောင့် အနုလုံ၌ မူလ-(၅) ပါး၊ ယမက (၂၀) ပုစ္ဆာ (၄၀)၊ အတ္ထ (၈၀)။

နု- နိက်- နှစ်ပါးပေါင်း- နယ (၂) ပါး၊ မူလ (၁၀) ပါး- ယမက (၄၀) ပါး၊ ပုစ္ဆာ (၈၀)= အတ္ထ (၁၆၀) ဖြစ်သတည်း။

ပဒသောဓနမူလစက္ကဝါရပြီး၏။

✿ ✿ ✿

## သုဒ္ဓခန္ဓဝါရ

ပဒသောဓနကိုဟော၍ သုဒ္ဓခန္ဓဝါရဟော ထိုသည်လည်း နု-နိက် (၂) ပါး တို့တွင် အနုလုံကို ဟော၊ ထိုသည်လည်း- ရူပက္ခန္ဓာယမက (ပ) ငါးပါး- (ပဒသောဓနအတိုင်းစစ်လေ)။

ဟောဟန်ကား- ရူပ်- ခန္ဓော။ ခန္ဓာ- ရူပ်။ ရူပ်၊ ရုပ်မည်၏။ ခန္ဓာ၊ ခန္ဓာမည်သလော။ ခန္ဓာ၊ ခန္ဓာမည်ကုန်၏။ ရူပ်၊ ရုပ်မည်သလော။

**သုဒ္ဓခန္ဓဝါရ- အနုလုံ- ပစ္စနိက် ဇယား**

| အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ရူပ် | ခန္ဓော | ခန္ဓာ | ရူပ် |
| ဝေဒနာ | ခန္ဓော | ခန္ဓာ | ဝေဒနာ |
| သညာ | ခန္ဓော | ခန္ဓာ | သညာ |
| သခါရာ | ခန္ဓော | ခန္ဓာ | သခါရာ |
| ဝိညာဏ် | ခန္ဓော | ခန္ဓာ | ဝိညာဏ် |

အစဥ်၌ (န) မသွင်းမူ၍ ဟောလျှင်အနုလုံ။ (န) သွင်းပြီးဟောလျှင် ပစ္စနိက်။ သုဒ္ဓခန္ဓဝါရ၌– နယ (၂) ပါး– ယမက (၁၀) ပါး– ပုစ္ဆာ (၂၀)– အတ္ထ (၄၀) ဖြစ်သတည်း။

## သုဒ္ဓခန္ဓမူလစက္ကဝါရ– အနုလုံ– ပစ္စနိက်

| မူ | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | | မူလီ | | | |
|---|---|---|---|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ | | | | |
| ရူ | ရူပ် | ခန္ဓော | ခန္ဓာ | ဝေဒနာ | ဝေ | ည | ခ်ါ | ဝိ |
| ဝေ | ဝေဒနာ | ခန္ဓော | ခန္ဓာ | ရူပ် | ရူ | ည | ခ်ါ | ဝိ |
| ည | သညာ | ခန္ဓော | ခန္ဓာ | ရူပ် | ရူ | ဝေ | ခ်ါ | ဝိ |
| ခ်ါ | သခ်ါရာ | ခန္ဓော | ခန္ဓာ | ရူပ် | ရူ | ဝေ | ည | ဝိ |
| ဝိ | ဝိညာဏ် | ခန္ဓော | ခန္ဓာ | ရူပ် | ရူ | ဝေ | ည | ခ်ါ |

ခန္ဓယမိုက် ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ၌ ဝါရ (၄) ပါး နယ (၈) ပါး၊ ယမက (၁၀၀) ပုစ္ဆာ (၂၀၀)၊ အတ္ထ (၄၀၀) ဖြစ်သတည်း။

## ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ ပြီး၏

## ခန္ဓယမိုက် ပဏ္ဏတ္တိဝါရ တရားပုံ ပဒသောဓနဝါရ

### ရူပက္ခန္ဓာယမက

၁။ တဏှာ၏ အာရုံဖြစ်ထိုက်သေ ချစ်အပ်, သာယာအပ်သော လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသဟု ဆိုအပ်သော ပိယရုပ်– သာတရုပ်သည် ရုပ်သာမည်၏၊ ရူပက္ခန္ဓာမမည်။

၂။ ရုပ္ပနလက္ခဏာရှိသော ရုပ်အဋ္ဌဝီသ သည် ရုပ်လည်းမည်၏။ ရူပက္ခန္ဓာလည်း မည်၏။

၃။ လောကုတ္တရာစိတ် (၈) ခု၊ စေတသိက်ဆတ္တိံသ၊ နိဗ္ဗာန် ပညတ် သည် ရုပ်လည်းမမည်၊ ရူပက္ခန္ဓာလည်းမမည်။

### ဝေဒနက္ခန္ဓာယမက

၁။ ဝေဒနာ စေတသိက်သည် ဝေဒနာလည်းမည်၏။ ဝေဒနက္ခန္ဓာလည်း မည်၏။

၂။ ဝေဒနက္ခန္ဓာမှ တစ်ပါး ခန္ဓာ (၄) ပါး၊ နိဗ္ဗာန်၊ ပညတ် သည် ဝေဒနာလည်း မမည်။ ဝေဒနက္ခန္ဓာလည်း မမည်။

### သညက္ခန္ဓာယမက

၁။ ဒိဋ္ဌိစေတသိက်သည် သညာသာမည်၏- သညက္ခန္ဓာမမည်။

၂။ သညာ- စေတသိက်သည်၊ သညာလည်း မည်၏။ သညက္ခန္ဓာလည်း မည်၏။

၃။ ဒိဋ္ဌိသညာ- သညက္ခန္ဓာ- မှတစ်ပါး ခန္ဓာ (၄) ပါး၊ နိဗ္ဗာန်၊ ပညတ်သည် သညာလည်း မမည်။ သညက္ခန္ဓာလည်း မမည်။

### သင်္ခါရက္ခန္ဓာယမက

၁။ စိတ်တစ်ခုယုတ် (၉၀)၊ ဝေဒနာ- သညာ- ရုပ်အဌဝိသ သည် သင်္ခါရ သာမည်၏။ သင်္ခါရက္ခန္ဓာ မမည်။

၂။ သင်္ခါရက္ခန္ဓာ (၅၀) သည် သင်္ခါရလည်း မည်၏။ သင်္ခါရက္ခန္ဓာလည်း မည်၏။

၃။ နိဗ္ဗာန်၊ ပညတ် သည် သင်္ခါရလည်း မမည်၊ သင်္ခါရက္ခန္ဓာလည်း မမည်။

### ဝိညာဏက္ခန္ဓာယမက

၁။ စိတ်တစ်ခု ယုတ် (၉၀) သည် ဝိညာဉ်လည်း မည်၏။ ဝိညာဏက္ခန္ဓာလည်း မည်၏။

၂။ ဝိညာဏက္ခန္ဓာမှ တစ်ပါး ခန္ဓာ (၄) ပါး၊ နိဗ္ဗာန်၊ ပညတ် သည် ဝိညာဉ်လည်း မမည်။ ဝိညာဏက္ခန္ဓာလည်း မမည်။

**ပဒသောဓနဝါရတရားပုံပြီး၏။**

---

### ပဒသောဓနမူလစက္ကဝါရတရားပုံ

၁။ ခန္ဓာ (၅) ပါးသည် ခန္ဓာ မည်၏။

၂။ နိဗ္ဗာန်၊ ပညတ် သည် ခန္ဓာမမည်။

(ဤမျှဖြင့် အားလုံးဟောနိုင်ပြီ)

---

### ပဏ္ဏတ္တိဝါရ နိဒ္ဒေသဟောရိုးစစ်

ဥဒ္ဒေသ-၌ နိဒ္ဒေသဟော။ ထိုသည်လည်း ပဒသောဓနဝါရ စသောအားဖြင့် (၄) ပါး။ ထိုတွင် ပဒသောဓနဝါရဟော။ ထိုသည်လည်း အနုလုံ+ပစ္စနိက်+အားဖြင့် (၂) ပါး။ ထိုတွင် အနုလုံဟော။ ထိုသည်လည်း ရူပက္ခန္ဓာယမက (ပ) ဝိညာဏက္ခန္ဓာယမကအားဖြင့် (၅) ပါး။ ထိုတွင် ရူပက္ခန္ဓာယမကဟော။ ထိုသည်လည်း အနုလောမ, ပဋိလောမ အားဖြင့် (၂) ပါး။ ထိုတွင် အနုလောမဟော။ ထိုသည်လည်း ပုစ္ဆာ-ဝိဿဇ္ဇနာ အားဖြင့် (၂) ပါး။ ထိုတွင် ပုစ္ဆာဟော။ ထိုသည်လည်း သန္နိဋ္ဌာန်+သံသယ+အားဖြင့် (၂) ပါး။ ထိုတွင် သန္နိဋ္ဌာန်ဟော ဟောဟန်ကား "ရူပံ" ဟူသည်တည်း။

ပဒသောဓနဝါရအနုလုံဇယား

| စိဘင်းပါဠိ | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | ရူပံ | ရူပက္ခန္ဓောတိ | ရူပက္ခန္ဓော | ရူပန္တိ |
| ပိယရူပံသာတရူပံ ☞ | ။ | န ။ | | |
| ရူပက္ခန္ဓော ☞ | ။ ဉ္စေဝ | ။ စ | = | = |
| | ဝေဒနာ | ဝေဒနက္ခန္ဓောတိ | ဝေဒနက္ခန္ဓော | ဝေဒနာတိ |
| ဝေဒနာစေတသိက် | = | = | = | = |
| | သညာ | သညက္ခန္ဓောတိ | သညက္ခန္ဓော | သညာတိ |
| ဒိဋ္ဌိသညာ ☞ | ။ | န ။ | | |
| သညက္ခန္ဓော ☞ | ။ စေဝ | ။ စ | = | = |
| | သင်္ခါရာ | သင်္ခါရက္ခန္ဓောတိ | သင်္ခါရက္ခန္ဓော | သင်္ခါရာတိ |
| သင်္ခါရက္ခန္ဓထပေတွာ အဝသေသာ ☞ | ။ | န ။ | | |
| သင်္ခါရက္ခန္ဓော ☞ | ။ စေဝ | ။ စ | = | = |
| စိတ် ၈၉ | ဝိညာဏံ<br>= | ဝိညာဏက္ခန္ဓောတိ<br>= | ဝိညာဏက္ခန္ဓော<br>= | ဝိညာဏံတိ<br>= |

**စိဘင်းထုတ်ပုံ စဉ်းစားခန်း**

အနုလောမပုစ္ဆာ၌ ရုပ်မည်သောတရားသည် "ရူပက္ခန္ဓာ မည်သလော" ဟု မေးထား၏။ ရုပ်မည်သော တရားက (၁+၂) ဖြစ်၏။ (ရူပက္ခန္ဓာယမက အပုံကြည့်ပါ။

(၁) သည် ရုပ်သာမည်၏။ ရူပက္ခန္ဓာမမည်။

(၂) သည် ရုပ်လည်းမည်၏။ ရူပက္ခန္ဓာလည်း မည်၏။ ထို့ကြောင့် (၁) သည် တစ်ဘက်ရ။

(၂) သည် နှစ်ဘက်ရ ဖြစ်လာ၏။

တစ်ဘက်ရကို ရေးဦးစွာ- ပိယရူပံ, သာတရူပံ- ဟုဆိုပြီး သန္နိဋ္ဌာန် ပါဠိရှိသည့်အတိုင်း (ရူပံ) ဟုလိုက်ပါ။ သံသယပါဠိကို (န, မရိုက- န,ကိုသွင်း- န, ရှိလျှင် က- နကိုပယ်) ဆိုသည့်အတိုင်း ရှေ့က (န) ကိုထည့်ပြီး "နရူပက္ခန္ဓော" ဟုလိုက်ပါ။

ပါဠိအပြည့်အစုံမှာ- ပိယရူပံ သာတရူပံ- ရူပံ၊ နရူပက္ခန္ဓော ဟု ဖြစ်လာ၏။ နှစ်ဘက်ရ (၂) ကို ရူပက္ခန္ဓော- ဟု ဆိုပြီး သန္နိဋ္ဌာန် ပါဠိရှိသည့်အတိုင်း အဆုံး၌ "စေ၀" ထည့်၍ ရူပဉ္စေ၀။ သံသယပုဒ် ပါဠိရှိသည့်အတိုင်း အဆုံး၌ "စ" ထည့်လျှင် ရူပက္ခန္ဓောစ ဖြစ်လာ၏။

ပါဠိအပြည့်အစုံမှာ- ရူပက္ခန္ဓော- ရူပဉ္စေ၀, ရူပက္ခန္ဓောစ။

အနက်ပေး - ပိယရူပံ၊ ပိယရုပ်သည်။ သာတရူပံ၊ သာတရုပ်သည်။ ရူပံ၊ ရုပ်မည်၏။ နရူပက္ခန္ဓော၊ ရူပက္ခန္ဓာမမည်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ရူပဉ္စေ၀၊ ရုပ်လည်းမည်၏။ ရူပက္ခန္ဓောစ၊ ရူပက္ခန္ဓာလည်း မည်၏။

ပဋိလောမ ပုစ္ဆာ၌ ရူပက္ခန္ဓာမည်သောတရားသည် "ရုပ်မည်သလော" ဟု မေးထား၏။ ယင်းပုစ္ဆာ၌ရူပက္ခန္ဓာမည်သော တရားက (၂) ဖြစ်၏။ (၂) သည် ရူပက္ခန္ဓာလည်း မည်၏။ ရုပ်လည်း မည်၏။ ထို့ကြောင့် (သန္နိဋ္ဌာန် သံသယ+လုံးတူမျှ+သည် ပုစ္ဆာ+အာမန္တာဝိဘင်းနှင့် မယွင်းကြရာ) ဆိုသည့်အတိုင်း သန္နိဋ္ဌာန် သံသယ အားလုံး အရတူနေလျှင် ယမိုက်တစ်ကျမ်းလုံးမှာ "အာမန္တာ" ဝိဘင်း ထုတ်ရမည်ဟု အမြဲမှတ်ထားပါ။

ထို့ကြောင့် ပဋိလောမပုစ္ဆာ၌ "အာမန္တာ" ဟု ဝိဘင်းထုတ်ထားသည်။

အနက်ကား- အာမန္တာ၊ ရူပက္ခန္ဓာမည်သောတရားသည် ရုပ်မည်၏။

အရကောက်- အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား (၁) ရ၏။ (၂) လည်းရ၏။ သံသယပုဒ်၏ အရကား (၂) သာရ၏။ ပဋိလောမလည်း ၎င်း (၂)သာရ၏။

(တရားပုံအတိုင်းကောက်ပါလေ)

## ပဒသောဓနဝါရ- ပစ္စနိက်

| အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | | |
|---|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ | ဝိဘင်းပါဠိ |
| နရူပံ | နရူပက္ခန္ဓောတိ | နရူပက္ခန္ဓော ။ | နရူပံတိ + ရူပံ | ပိယရူပံသာတရူပံ |
| = | = | နစေဝရူပံ | နစရူပက္ခန္ဓော | ရူပဉ္စ,ရူပက္ခန္ဓဉ္စထပေတွာ အဝသေသာ |
| နဝေဒနာ = | နဝေဒနက္ခန္ဓောတိ = | နဝေဒနက္ခန္ဓော = | နဝေဒနာတိ = | ဝေမှတပါးခန်၄ပါးနိဗ္ဗာန် ပညတ် |
| နသညာ | နသညက္ခန္ဓောတိ | နသညက္ခန္ဓော ။ | နသညာတိ + သညာ | ဒိဋ္ဌိသညာ |
| = | = | နစေဝသညာ | နစသညက္ခန္ဓော | သညဉ္စ,သညက္ခန္ဓဉ္စထပေတွာ အဝသေသာ |
| နသင်္ခါရာ | နသင်္ခါရက္ခန္ဓောတိ | နသင်္ခါရက္ခန္ဓော ။ | နသင်္ခါရာတိ + သင်္ခါရာ | သင်္ခါရက္ခန္ဓံထပေတွာအဝသေသာ |
| = | = | နစေဝသင်္ခါရာ | နစသင်္ခါရက္ခန္ဓော | သင်္ခါရေစသင်္ခါရက္ခန္ဓဉ္စထပေတွာ အဝသေသာ |
| နဝိညာဏံ | နဝိညာဏက္ခန္ဓောတိ | နဝိညာဏက္ခန္ဓော | နဝိညာဏံတိ | |
| = | = | = | = | ဝိမှတစ်ပါး ခန် ၄ ပါး နိဗ္ဗာန် ပညတ်ရ၏ |

**အမှာ-** ပစ္စနိက်၌ "စေဝ" နှင့် "စ" တစ်မျိုးလိုက်ထား၍ မျက်စိလည်တတ်သည်။ အတူတူပင်မှတ်လေ။

ပစ္စနိက် အနုလောမ၌ နရူပ် အရ (၃) ဖြစ်၏။ (၃) သည် န ရူပက္ခန္ဓာ လည်းမည်၍ အရတူသောကြောင့် "အာမန္တာ" ဝိဘင်းထုတ်။ အရကောက်မှာ (၃) အပုံအတိုင်းကောက်။ ပစ္စနိက် ပဋိလောမ၌ - န ရူပက္ခန္ဓော အရ (၁) နှင့် (၃) ဖြစ်၏။ (၁) သည် ရူပက္ခန္ဓာ မမည်၊ ရုပ်သော်ကား မည်၏။ ထို့ကြောင့် (၁) ကို တစ်ဘက်ရဝိဘင်းထုတ်၊ ထုတ်ပုံမှာ "ပိယရူပံ, သာတရူပံ" ဟု ဆိုပြီး သန္နိဋ္ဌာန် ပါဠိရှိသည့်အတိုင်း န ရူပက္ခန္ဓော ဟုလိုက်။ သံသယမှာ (န) ရှိနေသောကြောင့် (န) ကိုပယ်ပြီး ရူပံ ဟုလိုက်ပါ။

**အပြည့်အစုံပါဠိမှာ-**

ပိယရူပံ သာတရူပံ၊ န ရူပက္ခန္ဓော၊ ရူပံ ဖြစ်လေသည်။

နှစ်ဘက်ရဖြစ်သော (၃) ကို၊ "(၁) နှင့် (၂) ပယ်လျှင် (၃) ကျန်၏" ဆိုသည့်အတိုင်း; "ရူပဉ္စ ရူပက္ခန္ဓဉ္စ ထပေတွာ အဝသေသာ" ဟု ပါဠိရေးပြီး သန္နိဋ္ဌာန်ပါဠိ ရှိသည့်အတိုင်း "စေဝ"ထည့်၍ သံသယ "စ" ထည့်လျှင် "န စေဝ ရူပက္ခန္ဓော နစရူပံ" ဖြစ်၏။ သို့သော် ပါဠိတော်မှာ ရူပဉ္စ ရူပက္ခန္ဓဉ္စ ထပေတွာ အဝသေသာ နစေဝရူပံ နစရူပက္ခန္ဓော ရှိသည်။

**အနက်ယေး** - ရူပဉ္စ၊ ကိုလည်းကောင်း၊ ရူပက္ခန္ဓဉ္စ၊ ကိုလည်းကောင်း။ ထပေတွာ၊ ၍။ အဝသေသာ၊ ကြွင်းသော တရားတို့သည်။ န စေဝရူပံ၊ ရုပ်လည်းမမည်။ နစ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာလည်းမမည်။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

န စေဝရူပံ၊ ရုပ်လည်းမမည်။ နစ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာလည်းမမည်။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

**အရကောက်** - (၃) အပုံအတိုင်းကောက်ပါ။

**ဝေဒနက္ခန္ဓာယမက** ၌-ဝေဒနာမည်သော တရားသည် ဝေဒနက္ခန္ဓာ မည်သောကြောင့် အနုလောမ ပဋိလောမ "အာမန္တာ" ထုတ် - (၁) အရကောက်ပါ။ ပစ္စနိက်မှာလည်း:- ဝေဒနာမမည်သော တရားသည် ဝေဒနက္ခန္ဓာ မမည်သောကြောင့် အာမန္တာ-ဝိဘင်းထုတ် (၂) အရကောက်ပါ။

**သညက္ခန္ဓာယမက** ၌ သညာမည်သောတရားသည် "သညက္ခန္ဓာမည်သလော"ဟု မေးထား၏။ သညာမည်သောတရားကား (၁) နှင့် (၂) ဖြစ်၏။ (၁) သည်တစ်ဘက်ရ။ (၂) သည် နှစ်ဘက်ရဖြစ်၍ (၁) ကို ဒိဋ္ဌိသညာ-ဟုထုတ်။ သန္နိဋ္ဌာန်ပါဠိရှိသည့်အတိုင်း "သညာ"ဟုလိုက်ပါ။ သံသယ၌ (န) သွင်းပြီး န သညက္ခန္ဓော လိုက်ပါ။ (၂) သည် နှစ်ဘက်ရဖြစ်၍- သညက္ခန္ဓော ဟုထုတ်၊ သန္နိဋ္ဌာန်၌ စေဝ- သံသယ၌ (စ) ထည့်လျှင် "သညာ စေဝ သညက္ခန္ဓောစ" ဖြစ်၏။

**ပါဠိအပြည့်အစုံမှာ-**

သညာ, သညက္ခန္ဓောတိ။ ဒိဋ္ဌိသညာ၊ သညာ၊ နသညက္ခန္ဓော။

သညက္ခန္ဓော၊ သညာ စေဝ၊ သညက္ခန္ဓော စ။

ပဋိလောမ ပုစ္ဆာ၌ သညက္ခန္ဓာမည်သော တရားသည် (၂) ဖြစ်၏။ (၂) သည် သညာ လည်းမည်သောကြောင့် အာမန္တာ-ဝိဘင်းထုတ်။

**အနက်ပေး-** သညာ၊ ၏။ သညက္ခန္ဓော၊ လော။ ဣတိ ပုစ္ဆာယ၊ သည်။ သတိ၊ သော်။ ဒိဋ္ဌိသညာ၊ ဒိဋ္ဌိသညာသည်။ သညာ၊ သညာမည်၏။ နသညက္ခန္ဓော၊ မမည်။ သညက္ခန္ဓော၊သည်။ သညာစေဝ၊ လည်းမည်၏။ သညက္ခန္ဓောစ၊ လည်းမည်၏။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။ (ပဋိလောမအာမန္တာအနက်လွယ်ပြီ။)

**အရကောက်** အနုလောမ သန္နိဋ္ဌာန်အရ-(၁)ရ၏။ (၂)လည်းရ၏။ သံသယကားနောက်သာရ၏။ ပဋိလောမလည်းငင်း နောက်သာရ၏။

**ပစ္စနိက်** နသညာ နသညက္ခန္ဓောတိဒွိ နသညာ အရ-(၃) ဖြစ်၏။ (၃) သည် နသညက္ခန္ဓာ လည်းမည်သောကြောင့် အာမန္တာဝိဘင်းထုတ်။ (၃)အရကောက်။ န သညက္ခန္ဓော နသညာတိ ဟူသာ ပဋိလောမဒွိ နသညက္ခန္ဓောအရ (၁) နှင့် (၃) ဖြစ်၏။ (၁) သည် တစ်ဘက်ရ၊ (၃) သည် နှစ်ဘက်ရ။ (၁) ကို ဒိဋ္ဌိသညာ၊ နသညက္ခန္ဓော၊သညာ၊ ဟု ထုတ်ပါ။ (၃) ကို သညဉ္စသညက္ခန္ဓဉ္စ ထပေတွာ အဝသေသာ- နစေဝသညာ- နစသညက္ခန္ဓောဟုထုတ်ပါ။ ပါဠိအပြည့်အစုံမှာ- နသညက္ခန္ဓော၊ နသညာတိ၊ ဒိဋ္ဌိသညာ၊ နသညက္ခန္ဓော၊ သညာ။ သညဉ္စ, သညက္ခန္ဓဉ္စ, ထပေတွာအဝသေသာ၊ နစေဝသညာ နစသညက္ခန္ဓော ဖြစ်၏။

(အနက်သိသာပြီ)

**အရကောက်-** ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏အရ (၁) ရ၏။ (၃) လည်းရ၏၊ သံသယပုဒ်၏အရကား (၃) သာရ၏။

**သင်္ခါရက္ခန္ဓာယမက-** အနုလုံ အနုလောမဒွိ သင်္ခါရမည်သောတရားသည် သင်္ခါရက္ခန္ဓာမည်သလော ဟု မေးထား၏။ သင်္ခါရမည်သောတရားကား (၁) နှင့် (၂) ဖြစ်၏။ (၁) သည်တစ်ဘက်ရ (၂) သည်နှစ်ဘက်ရ။ (၁) ကိုတစ်ဘက်ရထုတ်သောအခါ (၂) ကိုထား၍ (၁) သည် သင်္ခါရသာမည်၏။ သင်္ခါရက္ခန္ဓာမမည်၊ (၂) သည်သင်္ခါရလည်းမည်၏၊ သင်္ခါရက္ခခန္ဓာလည်း မည်၏။ ၎င်းကို ပါဠိလို တစ်ဘက်ရထုတ်သော်- သင်္ခါရက္ခန္ဓံ ထပေတွာ အဝသေသာ- သင်္ခါရာ၊ နသင်္ခါရက္ခန္ဓော။

နှစ်ဘက်ရကို သင်္ခါရက္ခန္ဓော- သင်္ခါရာစေဝ သင်္ခါရက္ခန္ဓောစ ဟု ထုတ်ပါ။ တစ်ဘက်ရကို (၁) အပုံအတိုင်းကောက်ပါ။ နှစ်ဘက်ရကို (၂) အပုံအတိုင်းကောက်ပါ။ (ဤဒွိ အဝသေသာပါသော်လည်း ဝိဘင်းကောက်မဟုတ်ပါ။)

ပဋိလောမပုစ္ဆာဒွိ သင်္ခါရက္ခန္ဓာမည်သောတရားကား (၂) ဖြစ်၏။ (၂) သည် သင်္ခါရာလည်း မည်သောကြောင့် "အာမန္တာ" ဟုဝိဘင်းထုတ်ပါ။ အရကောက် (၂) သာရ၏။ သံသယ လည်း ၎င်းရ၏။

ပစ္စနိက်အနုလောမဒွိ နသင်္ခါရာ အရကား (၃) ဖြစ်၏။ ၎င်း (၃) သည် နသင်္ခါရက္ခန္ဓာလည်း မည်သောကြောင့် "အာမန္တာ" ဟုထုတ်။ အရကောက် (၃) ကိုကြည့်ပြီး နိဗ္ဗာန်ပညတ်ရ၏။ သံသယလည်း ၎င်းရ၏။

ပဋိလောမဒွိ- နသင်္ခါရက္ခန္ဓော နသင်္ခါရာဒွိ နသင်္ခါရ တရားကား (၁) နှင့် (၃) ဖြစ်၏။ (၁) သည် တစ်ဘက်ရ၊ (၃) သည် နှစ်ဘက်ရ။ (၁) ကို တစ်ဘက်ရ ထုတ်သောအခါ အနုလုံမှာ ထုတ်ခဲ့သည့်အတိုင်း-

“သင်္ခါရက္ခန္ဓ ထပေတွာ အဝသေသာ” နသင်္ခါရက္ခန္ဓော (ဌာန်လိုက်) သံသယပုဒ်၌ “န” ပယ်၍ သင်္ခါရာ ဖြစ်၏။ (၃) ကိုနှစ်ဘက်ရထုတ်သောအခါ “(၁) နှင့် (၂) ကိုထား၍” ကျန်သောတရား (၃) ဖြစ်၏။

၎င်းကို ပါဠိလို “သင်္ခါရေစ သင်္ခါရက္ခန္ဓဉ္စ ထပေတွာ အဝသေသာ” နစေဝသင်္ခါရာ, နစသင်္ခါရက္ခန္ဓော။ ပဋိလောမ၌ သန္နိဋ္ဌာန်ပုဒ်၏အရကား စိတ် (၈၉) ခု၊ ဝေဒနာ-သညာ-ရုပ်အဌဝီသ ရ၏။ နိဗ္ဗာန် ပညတ်လည်းရ၏။ သံသယကား နောက်သာရ၏။

**ဝိညာဏက္ခန္ဓာယမက** - အနုလုံ၌ (၁) သာရ၏။ “အာမန္တာ” ဝိဘင်းထုတ်။ (၁) ကောက်။ ပစ္စနိက်မှာလည်း (၂) သာရ၏။ “အာမန္တာ” ဝိဘင်းထုတ်။ (၂) အရကောက်ပါ။

**မှာထားချက်** - ဝိဘင်းထုတ်ရာ၌ တရားပုံကို တစ်ဘက်ရ- နှစ်ဘက်ရ တွေ့အောင်ရှာပါ။ များသောအားဖြင့် တစ်ဘက်ရကို ရှေ့မှာထုတ်။ နှစ်ဘက်ရကို နောက်မှ ထုတ်ရမည်။ တစ်ရံတစ်ခါ တစ်ဘက်ရက- အရများပြီး နှစ်ဘက်ရက အရနည်းသောအခါ အကြွင်းကို သိလွယ်စိမ့်သောငှာ နှစ်ဘက်ရကို ရှေ့ကထား၍ တစ်ဘက်ရကို နောက်မှာထားပြီး “အဝသေသာ” စသည်ဖြင့် ဝိဘင်းကောက် ထုတ်ရသေးသည်။ ထို့အပြင် သန္နိဋ္ဌာန် အရကျဉ်းပြီး သံသယပုဒ် အရကျယ်လျှင် အာမန္တာ ထုတ်၊ သန္နိဋ္ဌာန်-သံသယ အရတူလျှင်လည်း အာမန္တာဝိဘင်း ထုတ်ရမည်။ ဤပြဆိုခဲ့ပြီးသော စကားကို နားလည်ပါက တရားပုံရုံဖြင့် ဝိဘင်းထုတ်၊ အရကောက် ကျွမ်းကျင်လိမ္မာပါလိမ့်မည်။

### ပဒသောဓနမူလစက္ကဝါရတရားပုံ

၁။ ခန္ဓာ (၅) ပါးသည် ခန္ဓာမည်၏။
၂။ နိဗ္ဗာန်ပညတ် သည် ခန္ဓာမမည်။

### ပဒသောဓနမူလစက္ကဝါရ အနုလုံ

| ဝိဘင်းပါဠိ | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | | မူလီ | | |
|---|---|---|---|---|---|---|---|
| | ရုပ် | ရုပက္ခန္ဓောတိ | ခန္ဓာ | ဝေဒနက္ခန္ဓောတိ | ည | ခ်ါ | ဝိ |
| ပိယရုပ်+သာတရုပ် ☞ | ။ | န ။ | | | | | |
| ရုပက္ခန္ဓော ☞ | ။ ဋ္ဌေဝ | ။ ဝ | | | | | |
| ဝေဒနက္ခန္ဓော ☞ | | | ။ စေဝ | ။ ဝ | | | |
| အဝသေသာ ☞ | | | ။ | န ။ | | | |

မူကို ပဒသောဓနအတိုင်း ဟောပါ။ ဝေဒနာကို မူလီသွင်းလျှင် “ဝေဒနက္ခန္ဓော” ခန္ဓာစေဝ

ဝေဒနက္ခန္ဓောစ ဟု နှစ်ဘက်ရကို ရှေးဦးစွာထုတ်။ ကြွင်းသော ခန္ဓာကို "အဝသေသာ" ခန္ဓာ နဝေဒနက္ခန္ဓော ဟု တစ်ဘက်ရကို နောက်မှထုတ်၊ **(ကောဋ္ဌာသပြန်- ဝိဘင်းကောက်- အနုလောမကောက်မြဲ)**

ပဋိလောမ သန္နိဋ္ဌာန်ပုဒ်၏ အရကား ဝေဒနက္ခန္ဓာမှ တစ်ပါး ခန္ဓာ (၄) ပါးရ၏။ ဝေဒနက္ခန္ဓာလည်း ရ၏။ သံသယပုဒ်၏ အရကား ဝေဒနက္ခန္ဓာသာရ၏။ (သညက္ခန္ဓာ စသည်တို့၏)

**ပဒသောဓနမူလစက္ကဝါရ- ပစ္စနိက်**

| အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | | မူလီ | | |
|---|---|---|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ | | | |
| နရူပံ | နရူပက္ခန္ဓောတိ | နခန္ဓာ | နဝေဒနက္ခန္ဓောတိ | ည | ခ်ါ | ဝိ |
| = | = | = | = | | | |

အနုလောမ ပဋိလောမ အားလုံး အာမန္တာဝိဘင်းထုတ်။ အနုလောမ မှန်သမျှ ပဒသောဓနအတိုင်း ကောက်ပါ။ ပဋိလောမ မှန်သမျှ နိဗ္ဗာန်- ပညတ်ရ၏ ဟု ကောက်၊ ဤ၌ ပစ္စနိက်မှာ မူ-မူလီ မှန်သမျှ ဤနည်းချည်းမှတ်။

**သုဒ္ဓခန္ဓဝါရ-အနုလုံ**

| အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | | |
|---|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ | |
| ရူပံ | ခန္ဓောတိ | ခန္ဓာ | ရူပက္ခန္ဓောတိ | |
| = | = | ။ စေဝ | ။ စ | ရူပက္ခန္ဓော |
| | | ။ | န ။ | အဝသေသာ |

ဝိဘင်းထုတ်ရာ၌ အနုလောမမှန်သမျှ "အာမန္တာ"၊ ပဋိလောမ- (ကောဋ္ဌာသပြန် ဝိဘင်းကောက် ထုတ်ပါ။) အနုလောမ ရုပ်ကုန်- သညာကုန်- သင်္ခါရကုန်- ကောက်ပါ။ ကောက်ဟန်ကား- ရုပ်၌ တဏှာ၏ အာရုံဖြစ်သော ချစ်အပ် သာယာအပ်သော လောကီစိတ် (၈၁) စေ (၅၂) ရုပ် (၂၈) ရ၏။ သညာ၌ ဒိဋ္ဌိသညာ- သညက္ခန္ဓာရ၏။ သင်္ခါရ၌ စိတ် (၈၉)၊ စေ (၅၂) ရုပ် (၂၈) ရ၏။

## သုဒ္ဓခန္ဓဝါရ- ပစ္စနိက်

| | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | နရူပံ | နခန္ဓောတိ | နခန္ဓာ | နရူပက္ခန္ဓောတိ |
| ရူပံထပေတွာအဝသေသာခန္ဓာ | ။ | + ခန္ဓာ | | |
| ရူပဥ္စခန္ဓဥ္စထပေတွာအဝသေသာ | နစေဝရူပံ | နစခန္ဓာ | = | = |
| | နသင်္ခါရာ | နခန္ဓောတိ | နခန္ဓာ | နသင်္ခါရက္ခန္ဓောတိ |
| | = | = | = | = |

အနုလောမ နရူပံ၌- လောကုတ် (၈) စေ (၃၆) ရ၏။ နိဗ္ဗာန်-ပညတ်လည်းရ၏။

နဝေဒနက္ခန္ဓော၌ ဝေဒနက္ခန္ဓာ မှတစ်ပါး ခန္ဓာလေးပါးရ၏။ နသညာ၌ ဒိဋ္ဌိသညာ- သညက္ခန္ဓာ မှတစ်ပါး ခန္ဓာလေးပါးရ၏။ နသင်္ခါရာ၌ အနုလောမ- ပဋိလောမ- နိဗ္ဗာန်- ပညတ်ရ၏။ နဝိညာဏံ၌ ဝိညာဏက္ခန္ဓာ မှတစ်ပါး ခန္ဓာလေးပါးရ၏။ နိဗ္ဗာန်ပညတ်လည်းရ၏။ ပဋိလောမမှန်သမျှ နိဗ္ဗာန်ပညတ်ရ၏။

**(သုဒ္ဓခန္ဓမူလစက္ကဝါရ လည်း ဝိဘင်းအရကောက် သိလောက်ပြီ။)**

## ခန္ဓယမကပဏ္ဏတ္တိဝါရ ပြီး၏။

# ၃။ အာယတနယမကပဏ္ဏတ္တိဝါရ

## ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ

ခန္ဓယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌– အာယတနယမိုက်ကို ဟောတော်မူ၏။ ထိုသည်လည်း၊ ပဏ္ဏတ္တိဝါရ– ပဝတ္တိဝါရ– ပရိညာဝါရ (၃) ပါး– ထိုတွင် ပဏ္ဏတ္တိဟော– ထိုသည်လည်း ဥဒ္ဒေသ– နိဒ္ဒေသ အားဖြင့် (၂) ပါး။ ထိုတွင် ဥဒ္ဒေသဟော– ထိုသည်လည်း– ပဒသောဓနဝါရ– ပဒသောဓနမူလစက္ကဝါရ ဝိဘာဂဝါရ– (၃) ပါး၊ ထိုတွင် ပဒသောဓနဝါရဟော– **တစ်နည်းကား** အာယတနဒ္ဒေသ– နာမဝဝတ္ထာန်– နယဝါရ အားဖြင့် (၃) ပါး– ထိုတွင် အာယတနဒ္ဒေသ ဟော–– ဟောဟန်ကား– ဒွါဒသာယတနာနိ– ဟူသည်တည်း။ ထို့နောင် နာမဝဝတ္ထာန် ဟော– ဟောဟန်ကား၊ စက္ခာယတနံ၊ သောတာယတနံ၊ ဃာနာယတနံ၊ ဇိဝှာယတနံ၊ ကာယာယတနံ၊ ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗါယတနံ၊ မနာယတနံ၊ ဓမ္မာယတနံ ဟူသည်တည်း။

ဒွါဒသ၊ (၁၂) နစ်ပါးကုန်သော။ အာယတနာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ စက္ခာယတနံ၊ စက္ခာယတနလည်းကောင်း။ (ပ)၊ ဓမ္မာယတနံ၊ ဓမ္မာယတန လည်းကောင်း။ ဣတိဣမေ၊ ဤသည်တို့တည်း။ တစ်နည်းကား– စက္ခာယတနံ၊ လည်းကောင်း။ (ပ)၊ ဓမ္မာယတနံ၊ လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွါဒသ၊ ကုန်သော။ အာယတနာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

## ပဒသောဓနဝါရ

နာမဝဝတ္ထာန်– ၌ – နယဝါရဟော၊ ထိုသည်လည်း၊ ပဒသောဓနဝါရ၊ ပဒသောဓနမူလစက္ကဝါရ၊ သုဒ္ဓါယတနဝါရ၊ သုဒ္ဓါယတနမူလစက္ကဝါရ (၄) ပါး။ ထိုတွင် ပဒသောဓနဟော၊ ထိုသည်လည်း– နု– နိုက်– နစ်ပါး။ ထိုတွင် အနုဟော၊ ထိုသည်လည်း၊ စက္ခာယတန၊ အစရှိသောအားဖြင့် (၁၂) ပါး။ ထိုတွင် စက္ခာယတနဟော၊ ထိုသည်လည်း၊ အနုလောမ– ပဋိလောမ နစ်ပါး။ ထိုတွင် အနုလောမဟော၊ ထိုသည်လည်း၊ သန္နိဋ္ဌာန်– သံသယ နစ်ပါး။ ထိုတွင် သန္နိဋ္ဌာန်ဟော၊ ဟောဟန်ကား– စက္ခု။ စက္ခာယတနံ၊ စက္ခု၊ စက္ခုမည်၏။ စက္ခာယတနံ၊ စက္ခာယတနမည်သလော။ အနုလောမပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမကို ဟောတော်မူ၏။ ဟောဟန်ကား၊ စက္ခာယတနံ၊ စက္ခု၊ **အနက်ပေး**–စက္ခာယတနံ၊ စက္ခာယတနမည်၏။ စက္ခု၊ မည်သလော။ (သောတာယတန စသည်ဟောပါလေ။)

ဤသို့လျှင် ပဒသောဓနဝါရ အနုလုံ၌ ယမက (၁၂) ပါး၊ ပုစ္ဆာ (၂၄) ပါး၊ အတ္ထ (၄၈) ပါး ဖြစ်သည်တည်း။

**(ခန္ဓယမိုက် ဥဒ္ဒေသကို နည်းမှီး၍ ဟောနိုင်လောက်ပြီ)**

## ပဏ္ဏတ္တိဝါရ အပုံ

၁။ ဒိဗ္ဗစက္ခု ဟုဆိုအပ်သော ဒုတိယဝိဇ္ဇာဉာဏ်– ပညာစက္ခု ဟု ဆိုအပ်သော တတိယ ဝိဇ္ဇာဉာဏ်သည် စက္ခုသာမည်၏။ စက္ခာယတနမမည်၊

၂။ စက္ခာယတန သည် စက္ခုလည်းမည်၏။ စက္ခာယတနလည်းမည်၏။

၃။ စက္ခု (၃) ပါးမှ တစ်ပါး၊ အာယတန (၁၁) ပါး၊ ပညတ်သည် စက္ခုလည်း မမည်– စက္ခာယတနလည်း မမည်။

၁။ ဒိဗ္ဗသောတ ဟု ဆိုအပ်သော အဘိညာဉ်– တဏှာသောတ ဟု ဆိုအပ်သော လောဘစေတသိက်သည် သောတသာမည်၏။ သောတာယတန မမည်။

၂။ သောတာယတနသည် သောတလည်းမည်၏။ သောတာယတန လည်းမည်၏။

၃။ သောတ (၃) ပါး မှတစ်ပါး အာယတန (၁၁) ပါး၊ ပညတ်သည် သောတလည်း မမည်။ သောတာယတနလည်း မမည်။

၁။ ဃာနာယတနသည် ဃာနလည်းမည်၏။ ဃာနာယတနလည်းမည်၏။

၂။ ဃာနာယတနမှတစ်ပါး အာယတန (၁၁) ပါး၊ ပညတ်သည် ဃာနလည်းမမည်။ ဃာနာယတနလည်း မမည်။

၁။ ဇိဝှာယတနသည် ဇိဝှာလည်းမည်၏။ ဇိဝှာယတနလည်းမည်၏။

၂။ ဇိဝှာယတနမှ တစ်ပါး အာယတန (၁၁) ပါး၊ ပညတ်သည် ဇိဝှာလည်း မမည်။ ဇိဝှာယတနလည်း မမည်။

၁။ စိတ်တစ်ခု ယုတ် (၈၀)၊ စေတသိက် ဒွေပညာသ– နိဗ္ဗာန်ဟု ဆိုအပ်သော နာမကာယ– ကာယာယတနမှတစ်ပါး– ရုပ်သတ္တဝီသဟု ဆိုအပ်သော ရူပကာယ– ဆင်အပေါင်း– မြင်းအပေါင်း အစရှိသော ပညတ္တိကာယ သည်– ကာယသာ မည်၏။ ကာယာယတန မမည်။

၂။ ကာယာယတနသည် ကာယလည်းမည်၏။ ကာယာယတန လည်းမည်၏။

၃။ တွင်း– လိုဏ်– အစရှိသော အစိတ်အစိတ်သော ကေဒေသ ပညတ်သည် ကာယလည်း မမည်။ ကာယာယတနလည်း မမည်။

၁။ တဏှာ၏ အာရုံဖြစ်သော ချစ်အပ်၊ သာယာအပ်သော လောကီစိတ် ကောသီတိ– စေတသိက် ဒွေပညာသ ရူပါယတန မှတစ်ပါး၊ ရုပ်သတ္တဝီသသည် ရူပသာမည်၏။ ရူပါယတန မမည်။

၂။ ရူပါယတနသည် ရူပလည်းမည်၏။ ရူပါယတနလည်းမည်၏။

၃။ လောကုတ္တရာစိတ် (၈) ခု၊ စေတသိက် ဆတ္တိံသ- နိဗ္ဗာန်- ပညတ်- သည် ရူပလည်း မမည်။ ရူပါယတနလည်း မမည်။

၁။ သဒ္ဒါယတနသည် သဒ္ဒလည်းမည်၏။ သဒ္ဒါယတနလည်း မည်၏။
၂။ သဒ္ဒါယတနမှတစ်ပါး အာယတန (၁၁) ပါး၊ ပညတ်သည် သဒ္ဒလည်းမမည်။ သဒ္ဒါယတနလည်း မမည်။

၁။ သီလဂန္ဓ, သမာဓိဂန္ဓ, ပညာဂန္ဓ သည် ဂန္ဓသာမည်၏။ ဂန္ဓာယတန မမည်။
၂။ ဂန္ဓာယတနသည် ဂန္ဓလည်း မည်၏။ ဂန္ဓာယတနလည်း မည်၏။
၃။ ဂန္ဓ (၄) ပါး:မှ တစ်ပါး အာယတန (၁၁) ပါး၊ ပညတ်သည် ဂန္ဓလည်းမမည်။ ဂန္ဓာယတန လည်းမမည်။

**အမှာ**- ဂန္ဓကိုကောက်ရာ၌ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟုဆိုအပ်သော သီလဂန္ဓ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော သမာဓိဂန္ဓ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဟုဆိုအပ်သော ပညာဂန္ဓ ရ၏- ဟုဆို၍ ကောက်ပါလေ။

၁။ အတ္ထရသ, ဓမ္မရသ, ဝိမုတ္တိရသ သည် ရသသာမည်၏။ ရသာယတန မမည်။
၂။ ရသာ ယတနသည် ရသလည်း မည်၏။ ရသာယတနလည်းမည်၏။
၃။ ရသ (၄) ပါး မှတစ်ပါး၊ အာယတန (၁၁) ပါး၊ ပညတ်သည် ရသလည်း မမည်။ ရသာယတနလည်း မမည်။

**အမှာ**- ရသကိုကောက်ရာ၌ ဖိုလ် (၄) ခု၊ စိတ္တုပ္ပါဒ် ဟုဆိုအပ်သော အတ္ထရသ၊ မဂ် (၄) ခု၊ စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော ဓမ္မရသ၊ နိဗ္ဗာန်- ပညတ်ဟုဆိုအပ်သော ဝိမုတ္တိရသ၊

**တစ်နည်းကား** - ကုသိုလ်, အကုသိုလ်, အစရှိသော ပရမတ္ထဟု ဆိုအပ်သော အတ္ထရသ၊ ကုသလာဓမ္မာ, အကုသလာဓမ္မာ အစရှိသော ဝစီဘေဒ၊ သဒ္ဒဟုဆိုအပ်သော ဓမ္မရသ, နိဗ္ဗာန်ဟုဆိုအပ်သော ဝိမုတ္တိရသ ရ၏ဟု ဆို၍ကောက်ပါလေ။

၁။ ဖေါဋ္ဌဗ္ဗာယတနသည် ဖောဋ္ဌဗ္ဗလည်း မည်၏။ ဖောဋ္ဌဗ္ဗာယတနလည်း မည်၏။
၂။ ဖောဋ္ဌဗ္ဗာယတနမှတစ်ပါး အာယတန (၁၁) ပါး၊ ပညတ်သည် ဖေါဋ္ဌဗ္ဗလည်းမမည်။ ဖေါဋ္ဌဗ္ဗာ ယတနလည်းမမည်။

၁။ မနာယတနသည် မနလည်းမည်၏။ မနာယတနလည်းမည်၏။
၂။ မနာယတန မှတစ်ပါး အာယတန (၁၁) ပါး၊ ပညတ်သည် မနလည်းမမည်။ မနာယတနလည်းမမည်။

၁။ ဓမ္မာယတနမှတစ်ပါး စိတ်တစ်ခု ယုတ် (၉၀)၊ ဩဠာရိကရုပ် ၁၂ ါသ ဟုဆိုအပ်သော ပရမတ္ထဓမ္မ၊ အပေါင်းဖြစ်သော ပညတ္တိဓမ္မသည် ဓမ္မသာမည်၏။ ဓမ္မာယတနမမည်။
၂။ ဓမ္မယတနသည် ဓမ္မလည်းမည်၏။ ဓမ္မာယတနလည်းမည်၏။
၃။ တွင်း, လိုဏ် အစရှိသော အစိတ်အစိတ်သော ဧကဒေသပညတ်သည် ဓမ္မလည်း မမည်။ ဓမ္မာယတနလည်း မမည်။

## ပဏ္ဏတ္တိဝါရတရားပုံပြီး၏

## ပဒသောဓနဝါရ အနုလုံ

| | | အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|---|---|
| | | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ဝိဘင်းပါဠိ | | စက္ခု | စက္ခာယတနန္တိ | စက္ခာယတနံ | စက္ခုတိ |
| စက္ခု | ဒိဗ္ဗစက္ခု- ပညာစက္ခု | ☞ ။ | ၄ ။ | ၂ | ၂ |
| | စက္ခာယတနံ | ☞ ။ ၆၀၀ | ။ ၃ | = | = |
| သောတ | ဒိဗ္ဗသောတံ- တဏှာသောတံ | ။ | ၄ ။ | ၂ | ၂ |
| | သောတာယတနံ | ။ ၆၀၀ | ။ ၃ | = | = |
| ဃာန | ဃာန | ၁ = | ၁ = | ၁ = | ၁ = |
| ဇိဝှာ | ဇိဝှာ | ၁ = | ၁ = | ၁ = | ၁ = |
| ကာယ | ကာယာယတနံ ထပေတွာအဝသေသော | ။ | ၄ ။ | ၂ | ၂ |
| | ကာယာယတနံ | ။ ၆၀၀ | ။ ၃ | = | = |
| ရူပ | ရူပါယတနံထပေတွာ အဝသေသံ | ။ | ၄ ။ | ၂ | ၂ |
| | ရူပါယတနံ | ။ ၆၀၀ | ။ ၃ | = | = |

## ပဒသောဓနဝါရ အနုလုံ အဆက်

| သဒ္ဒ | သဒ္ဒေါ | ၁ = | ၁ = | ၁ = | ၁ = |
|---|---|---|---|---|---|
| ဂန္ထ | သီလဂန္ထော, သမာဓိဂန္ထော, ပညာဂန္ထော | ။ | နံ ။ | ၂ = | ၂ = |
| | ဂန္ထာယတနံ | ။ ၈၀ | ။ ၉ | | |
| ရသ | အတ္တရသော,ဓမ္မရသော ဝိမုတ္တိရသော | ။ | နံ ။ | ၂ = | ၂ = |
| | ရသာယတနံ | ။ ၈၀ | ။ ၉ | | |
| ဖောဋ္ဌဗ္ဗ | ဖောဋ္ဌဗ္ဗ | ၁ = | ၁ = | ၁ = | ၁ = |
| မန | မန | ၁ = | ၁ = | ၁ = | ၁ = |
| | ဓမ္မာယတနံထပေတွာ အဝသေသော | ။ | နံ ။ | ၂ = | ၂ = |
| | ဓမ္မာယတနံ | ။ ၈၀ | ။ ၉ | | |

**အထူးမှတ်ထားချက်၊** (၁) အမှတ်သည် (၁) တရားပုံ၊ (၂) အမှတ်သည် (၂) တရားပုံကို ညွှန်ပြသည်။ ၎င်းတရားပုံများကိုကြည့်၍ အရာဌာနအားလျော်စွာ အရကောက်ပါလေ။

**ထူးရာအနက်** – ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခုဟု ဆိုအပ်သော ဒုတိယဝိဇ္ဇာဉာဏ်သည်၊ ပညာစက္ခု၊ ပညာစက္ခုဟုဆိုအပ်သော တတိယဝိဇ္ဇာဉာဏ်သည်၊ ဒိဗ္ဗသောတံ၊ ဒိဗ္ဗသောတဟုဆိုအပ်သော အဘိညာဉ်သည်၊ တဏှာသောတံ၊ တဏှာသောတဟုဆိုအပ်သော လောဘစေတသိက်သည်။ ကာယာယတနံ၊ ကို။ ထပေတွာ၊ ၍။ အဝသေသော၊ သော။ ကာယော၊ သည်။ နကာယာယတနံ၊ မမည်။ တစ်နည်း–အဝသေသော၊ ကြွင်းသော တရားသည်။ ကာယော၊ မည်၏။ နကာယာယတနံ၊ မမည်။

## ပဒသောဓနဝါရ ပစ္စနိက်

| အနုလောမပုစ္ဆာ | | ပဋိလောမပုစ္ဆာ | | |
|---|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ | ဝိဘင်းပါဠိ |
| နစက္ခု | နစက္ခာယတနန္တိ<br>´ | နစက္ခာယတနံ<br>။ | နစက္ခုတိ<br>+ က္ခု | ဒိဗ္ဗစက္ခု, ပညာစက္ခု |
| ၃<br>= | ၃<br>= | နစ ။ | နစေဝ ။ | စက္ခုံစ,စက္ခာယတနဉ္စ<br>ထပေတွာ အဝသေသံ |
| | | ။ | + တံ | ဒိဗ္ဗသောတံ, တဏှာသောတံ |
| ၃<br>= | ၃<br>= | နစ ။ | နစေဝ ။ | သောတဉ္စသောတာယတနဉ္စ<br>ထပေတွာအဝသေသံ |
| | | ။ | + ယော | ကာယာယတနံ ထပေတွာ<br>အဝသေသော |
| ၃<br>= | ၃<br>= | နစ ။ | နစေဝ ။ | ကာယဉ္စ ကာယာယတနဉ္စ<br>ထပေတွာ အဝသေသော |
| | | ။ | + ပံ | ရူပါယတနံ ထပေတွာ<br>အဝသေသံ |
| ၃<br>= | ၃<br>= | နစ ။ | နစေဝ ။ | ရူပဉ္စ ရူပါယတနဉ္စ<br>ထပေတွာ အဝသေသံ |
| | | ။ | + န္ဓော | သီလဂန္ဓော,သမာဓိဂန္ဓော<br>ပညာဂန္ဓော |
| ၃<br>= | ၃<br>= | နစ ။ | နစေဝ ။ | ဂန္ဓဉ္စ ဂန္ဓာယတနဉ္စ<br>ထပေတွာ အဝသေသော |
| | | ။ | + သော | အတ္ထရသော ဓမ္မရသော<br>ဝိမုတ္တိရသော |
| ၃<br>= | ၃<br>= | နစ ။ | နစေဝ ။ | ရသဉ္စ ရသာယတနဉ္စ<br>ထပေတွာ အဝသေသော |
| | | | | ဓမ္မာယတနံ ထပေတွာ<br>အဝသေသော |
| ၃<br>= | ၃<br>= | ။<br>နစ ။ | + မ္မော<br>နစေဝ ။ | ဓမ္မဉ္စ ဓမ္မာယတနဉ္စ<br>ထပေတွာ အဝသေသော |

**အမှာ-** နယာန, နဇိဝါ, နသဒ္ဓ, နဖောဋ္ဌဗ္ဗာယတန၊ နမနာယတနတို့၌ အနုလောမ, ပဋိလောမ, အာမန္တာဝိဘင်းထုတ် ဆိုင်ရာတရားပုံ (၂) နံပါတ်ကို အသီးသီးကောက်လေ။
ပဒသောဓနဝါရ အနုလုံ၌ ယမက (၁၂) ပါး- ပုစ္ဆာ (၂၄) ပါး၊ အတ္ထ (၄၈) ပါး ဖြစ်သတည်း။
ပစ္စနိက်လည်းတူပြီ။ န, နိက် နှစ်ပါးပေါင်းသည့်ရှိသော် ပဒသောဓနဝါရ၌ နယ(၂)ပါး၊ ယမက (၂၄) ပါး၊ ပုစ္ဆာ (၄၈) ပါး၊ အတ္ထ (၉၆) ပါး ဖြစ်သတည်း။

## ပဒသောဓနမူလစက္ကဝါရ အနုလုံ

| ဝိဘင်းပါဠိ | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | . စက္ခု | စက္ခာယတနန္တိ | အာယတနာ | သောတာယတနန္တိ |
| ဒိဗ္ဗစက္ခုပညာစက္ခု | ။ | န ။ | | |
| စက္ခာယတနံ | ။ စေဝ | ။ စ | | |
| သောတာယတနံ | | | ။ ဥဓေဝ | ။ စ |
| အဝသေသာ | | | ။ | , န ။ |

**မှတ်ချက်-** အာယတန (၁၂) ပါးမူတည်၊ (၁၁) ပါးမူလီသွတ်၊ မူမှာ သုဒ္ဓအတိုင်းဟောပြီး။ မူလီမှာ သွင်းသောမူလီကို "သောတာယတနံ" ဟု နှစ်ဘက်ရဝိဘင်းထုတ်ပြီး၊ သန္နိဋ္ဌာန်ကို အာယတနဥ္စေဝ၊ သံသယကို သောတာယတနဥ္စ ဟု လိုက်ပါ။ တစ်ဘက်ရကို နောက်မှာ "အဝသေသာ" ဟု ဝိဘင်းထုတ်ပြီး သန္နိဋ္ဌာန်ကို ရှိရင်းအတိုင်း အာယတနာဟု- လိုက်ပါ။ သံသယကို (န) မြစ်ခါ, နသောတာယတနံ, ဟု လိုက်ပါလေ။ အရကောက်မှာ အနုလောမသုဒ္ဓအတိုင်း ကောက်ပါ။ ပဋိလောမကို သောတာယတနမှတစ်ပါး အာယတန (၁၁) ပါးရ၏။ သောတာယတန လည်းရ၏ဟု ကောက်ပါ။

## ပဒသောဓနမူလစက္ကဝါရ ပစ္စနိက်

| အနုလောမ | | ပဋိလောမ | |
|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသပ |
| နစက္ခု | နစက္ခာယတနံ | နအာယတနာ | နသောတာယနံ |
| = | = | = | = |

**မှတ်ချက်-** ဤနည်းအတူ အာယတန (၁၂) ပါးမူတည် (၁၁) ပါးမူလီသွတ်၍ ဟောလေ။ အာမန္တာချည်း ဝိဘင်းထုတ်၊ ပထမအာမန္တာကို သုဒ္ဓအတိုင်းကောက်၊ ဒုတိယအာမန္တာကို ပညတ်သာကောက်၊ အာယတန မထိုက်သောတရားကား ပညတ်သာတည်း။

ပဒသောဓနေ မူလစက္ကဝါရ၌- မူလီ (၁၁) ပါး၊ တစ်ပါးတစ်ပါးလျှင် ယမက (၁၂) ပါး၊ ပုစ္ဆာ (၂၂) ပါး၊ အတ္ထ (၄၈) ပါးစီ အသီးသီးရသည်။

ပဒသောဓနမူလစက္ကဝါရ အနုလုံ၌ မူလ (၁၂) ပါး ယမက (၁၃၂) ပါး၊ ပုစ္ဆာ (၂၆၄) ပါး၊ အတ္ထ (၅၂၈) ပါး ရ၏။ (ပစ္စနိက်လည်းတူ၏။)

န, နိက် နှစ်ပါး ပေါင်းသည်ရှိသော် နယ (၂)ပါး မူလ (၂၄) ပါး၊ ယမက (၂၆၄) ပါး၊ ပုစ္ဆာ (၅၂၈) ပါး၊ အတ္ထ (၁၀၅၆) ပါး ဖြစ်သတည်း။

## သဒ္ဒါယတနဝါရ အနုလုံ

| ဝိဘင်းပါဠိ | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | စက္ခု | အာယတနန္တိ | အာယတနာ | စက္ခာယတနန္တိ |
| | = | = | | |
| စက္ခာယတနံ | | | ။ ဠေဝ | ။ ဥ |
| အဝသေသာ | | | ။ | နှ ။ |

ဤနည်းအတူ အနု -အာမန္တာ၊ ပဋိ သရူပဒဿန-ချည်းထုတ်၊ ကောဋ္ဌာသပြန်၊

**သဒ္ဒါယတနအကောက်-** စ, ၌ စက္ခု (၃) ပါးရ၏။ သော, ၌ သောတ (၃) ပါးရ၏။ ဃာ, ၌ ဃာနာယတန ရ၏။ ဇိဝှာ၌ ဇိဝှာယတနရ၏။ ကာယ၌- အာယတနထိုက်သော စိတ် (၈၉) ခု၊ စေ (၅၂) ခု၊ နိဗ္ဗာန်ဟု ဆိုအပ်သော နာမကာယ၊ ရုပ် (၂၈) ပါးဟုဆိုအပ်သော ရူပကာယရ၏။ ရူပါ၌- တဏှာ၏အာရုံဖြစ်ထိုက်သော ချစ်အပ်သာယာအပ်သော လောကီစိတ် (၈၁) ခု၊ စေ (၅၂)၊ ရုပ်(၂၈) ရ၏။ သဒ္ဒါ၌- သဒ္ဒါယတနရ၏။ ဂန္ဓ၌- ဂန္ဓ (၄)ပါးရ၏။ ရသ၌- ရသ (၄) ပါးရ၏။ ဖောဋ္ဌဗ္ဗ၌- ဖောဋ္ဌဗ္ဗာယတနရ၏။ မန၌- မနာယတနရ၏။ ဓမ္မ၌ ပရမတ္ထဓမ္မရ၏။

**အမှာ-** သဒ္ဒါယတနဝါရ၌ အာယတနထိုက်သော ပရမတ္ထတရားသက်သက်သာ ဟောသောကြောင့် ပညတ်ကိုမရသတည်း။

### သုဒ္ဓါယတနဝါရ ပစ္စနိက်

| ဝိဘင်းပါဠိ | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | နစက္ခု | နာယတနန္တိ | နာယတနာ | နစက္ခာယတနန္တိ |
| စက္ခုံ ထပေတွာ အဝသေသာ အာယတနာ | ။ | + ။ | | |
| စက္ခုံစ, အာယတနဥ္စ ထပေတွာ ့အဝသေသာ | နစေဝ ။ | နစ ။ | = | = |
| | နကာယော<br>= | နာယတနန္တိ<br>= | နာယတနာ<br>= | နကာယောတိ<br>= |

**မှတ်ချက်–** ကာယနှင့်ဓမ္မ ဝိဘင်းအရကောက်တူ၏။ ပညတ်ရ၏။ သံသယ ၎င်းရ၏။ စက္ခုစသော ကျန် (၁၀) ပါးတို့ကား၊ ဝိဘင်းအသွားအလာတူ၏။ ရူပမှာ- ဝိဘင်းတူသော်လည်း အရကောက်ထူး၏။

**အရကောက်** - လောကုတ် (၈) ခု၊ စေ (၃၆) နိဗ္ဗာန်ရ၏။ ပညတ်လည်းရ၏။ သံသယနောက်သာရ၏။ စက္ခုစသည်တို့၌ စက္ခု (၃) ပါးမှတစ်ပါး၊ အာယတန (၁၁) ပါးရ၏။ ပညတ်လည်းရ၏။ ဃာနာယတန၌ ဃာနာယတန မှတစ်ပါး အာယတန (၁၁) ပါးရ၏။ ပညတ်လည်းရ၏။ ဂန္ဓ-ရသ တို့ဖြစ်လျှင်လည်း ဂန္ဓ (၄) ပါးမှတစ်ပါး၊ ရသ (၄) ပါးမှတစ်ပါး၊ အာယတန (၁၁) ပါးရ၏။ ပညတ်လည်းရ၏။

### သုဒ္ဓါယတနမူလစက္ကဝါရ အနုလုံ

| အနုလောမ | | ပဋိလောမ | | |
|---|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ | |
| စက္ခု | အာယတနန္တိ | အာယတနာ | သောတာယတနန္တိ | |
| = | = | ။ ဋ္ဌေဝ | ။ စ | သောတာယတနံ |
| | | ။ | န ။ | အဝသေသာ |

ဤကဲ့သို့ အာယတန (၁၂) ပါးတွင် တပါးစီမူတည်ပြီး အကြွင်း (၁၁) ပါး မူလီသွတ်၍ ဟောလေ။ အရကောက်မှာ သုဒ္ဓါယတနနှင့်တူပြီ- - အနုလုံပြီး၏။

## သုဒ္ဓါယတနမူလစက္ကဝါရ ပစ္စနိက်

| | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | နစက္ခု | နာယတနန္တိ | နာယတနာ | နသောတာယနန္တိ |
| စက္ခုံထပေတွာ အဝသေသာ အာယတနာ | ။ | + ။ | | |
| စက္ခုံစ, အာယတနဉ္စ ထပေတွာ အဝသေသာ | နစေဝ ။ | နစ ။ | = | = |

ဤကဲ့သို့ အာယတန (၁၂) ပါးတွင် (၁) ပါးစီ မှုတည်၍ အကြွင်း (၁၁) ပါး အသီးသီးထည့်၍ ဟောလေ။

**သုဒ္ဓါယတနမူလစက္ကဝါရပြီး၏။**

# အာယတနယမက ပဏ္ဏတ္တိဝါရပြီး၏။

# ၄။ ဓာတုယမိုက်

အာယတန - အခြားမဲ့၌ ဓာတုယမိုက်ကိုဟော - ထိုသည်လည်း ပဏ္ဏတ္တိဝါရ ပဝတ္တိဝါရ - ပရိညာဝါရ - (၃) ပါး။ ထိုတွင် ပဏ္ဏတ္တိဝါရဟော (ပ) အာယတနကို နည်းမှီး၍ ဟောလေ ။

## ဓာတုယမိုက်ပဏ္ဏတ္တိဝါရ - ထူးရာ - တရားပုံ

၁။ ဓာတုယမိုက်၌ ဩဠာရိကဓါတ် (၁၀) ပါးသည် ဩဠာရိကာယတနနှင့်တူ၏။
၂။ ဝိညာဏဓါတ် (၆) ပါးတွင် စက္ခုဝိညာဉ်ဒွေးသည် စက္ခုလည်းမည်၏။ စက္ခုဝိညာဏဓါတ်လည်း မည်၏။
၃။ စက္ခုဝိညာဏဓါတ်မှတပါး စိတ် (၈၇) ပါး၊ စေ (၅၂) ရုပ် (၂၈) နိဗ္ဗာန်ပညတ်သည် စက္ခုလည်း မမည်။ စက္ခုဝိညာဏဓါတ်လည်း မမည်။
( သောတ - ဃာန - ဇိဝှာ - ကာယဝိညာဏဓါတ် [၄] ပါး တူပြီ )
၁။ ။ မနောဓါတ်မှတပါး စိတ် (၈၆) ခုသည် မနသာမည်၏။ မနောဓါတ် မမည်။
၂။ ။ မနောဓါတ် (၃) ခုသည် မနလည်း မည်၏။ မနောဓါတ်လည်း မည်၏။
၃။ ။ စေ (၅၂) ရုပ် (၂၈) နိဗ္ဗာန်ပညတ် သည် မနလည်း မမည်- မနောဓါတ်လည်း မမည်။

( အာယတနထက်ဤမျှသာထူး၏။ )

## ဓာတုယမကပဒသောဓနဝါရ - အနုလုံ

| | အနုလောမ | | ပဋိလောမပုစ္ဆာ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | စက္ခု | စက္ခုဓာတုတ္တိ | စက္ခုဓာတု | စက္ခုတ္တိ |
| ဒွိပ္ပစက္ခုပညာစက္ခု | ။ | နံ ။ | | |
| စက္ခုဓာတု | ။ ဧဝ | ။ စ | = | = |
| | စက္ခုဝိညာဏံ | စက္ခုဝိညာဏဓါတုတ္တိ | စက္ခုဝိညာဏဓါတု | စက္ခုဝိညာဏန္တိ |
| စက္ခုဝိညာဏဓါတ်ရဏ်။ သံသယ ငင်းရဏ်။ | = | = | = | = |
| | မနော | မနောဓါတုတ္တိ | မနောဓါတု | မနောတိ |
| မနောဓါတုံ ထပေတွာ အဝသေသော | ။ | နံ ။ | . | |
| မနောဓါတု | ။ ဧဝ | ။ စ | = | = |

## ပဒသောဓနဝါရ ပစ္စနိက်

| | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| ဝိဘင်းပါဠိ | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | နစက္ခု | နစက္ခုဓါတုတိ | နစက္ခုဓါတု | နစက္ခုတိ |
| | = | = | . | |
| ဒိဗ္ဗစက္ခု, ပညာစက္ခု | | | ။ | + ။ |
| စက္ခုံစ,စက္ခုဓါတုံစ, ထပေတွာ အဝသေသံ | | | နစ ။ | နစေဝ ။ |
| | နမနော | နမနောဓါတုတိ | နမနောဓါတု | နမနောတိ |
| | = | = | | |
| မနောဓါတုံ, ထပေတွာ အဝသေသော | | | ။ | + ။ |
| မနဉ္စ,မနောဓာတုံစ, ထပေတွာအဝသေသော | | | နစ ။ | နစေဝ ။ |

**အမှာ** - ပစ္စနိက် အနုလောမ- အာမန္တာ - တရားပုံအတိုင်းကောက်လေ - အကြွင်းသိသာပြီ

## ဓာတုယမကပဏ္ဏတ္တိဝါရပြီး၏

## ၅။ သစ္စယမိုက်ပဏ္ဏတ္တိဝါရ - ဥဒ္ဒေသ

ဓါတုယမိုက် အခြားမဲ့၌ သစ္စယမိုက်ဟော ထိုသည်လည်း ပဏ္ဏတ္တိဝါရ (ပ) တနည်းကား သစ္စုဒ္ဒေသ နာမဝဝတ္ထာန် နယဝါရ - (၃) ပါး။ ထိုတွင် သစ္စုဒ္ဒေသဟော ဟောဟန်ကား စတ္တာရိသစ္စာနိ ဟူသည်တည်း။ ထို့နောင် နာမဝဝတ္ထာန်ဟော-ကား - ဒုက္ခသစ္စံ, သမုဒယသစ္စံ, နိရောဓသစ္စံ, မဂ္ဂသစ္စံ ဟူသည်တည်း။ ဒုက္ခသစ္စံ လည်းကောင်း။ (ပ) မဂ္ဂသစ္စံ၊ လည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ နာမဝဝတ္ထာန် အခြားမဲ့၌၊ နယဝါရဟော။ ထိုသည်လည်း ပဒသောဓနဝါရ (ပ) ဟောဟန်ကား ဒုက္ခံတည်း။ ထို့နောင် ဒုက္ခသစ္စံတည်း။ ဒုက္ခံ၊ ဒုက္ခမည်၏။ ဒုက္ခသစ္စံ -ဒုက္ခသစ္စာမည်သလော။ ( ဇယားကြည့်ဟောပါလေ )

### ပဒသောဓနဝါရ - ( န - နိက် )

| အနုလောမ | | ပဋိလောမ | |
|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| ဒုက္ခံ | ဒုက္ခ သစ္စံ | ဒုက္ခသစ္စံ | ဒုက္ခံ |
| သမုဒယော | သမုဒယသစ္စံ | သမုဒယသစ္စံ | သမုဒယော |
| နိရောဓော | နိရောဓသစ္စံ | နိရောဓသစ္စံ | နိရောဓော |
| မဂ္ဂေါ | မဂ္ဂသစ္စံ | မဂ္ဂသစ္စံ | မဂ္ဂေါ |
| | ပစ္စနိက် | | |
| နဒုက္ခံ | နဒုက္ခသစ္စံ | နဒုက္ခသစ္စံ | နဒုက္ခံ |

ဤသို့လျှင် ပဒသောဓနဝါရအနုလုံ၌ ယမက - ၄ ပါး ။ - ပုစ္ဆာ - ၈ ပါး ။ - အတ္ထ - ၁၆ ပါး ။ - န - နိက် - နှစ်ပါးပေါင်း - ယမက - ၈ ပါး ။ - ပုစ္ဆာ - ၁၆ - ပါး ။ အတ္ထ - ၃၂ - ပါး ဖြစ်သတည်း ။ ခန္ဓယမိုက်ပဏ္ဏတ္တိဝါရ - ဥဒ္ဒေသကို နည်းမှီး၍ ကုန်စင်အောင်ဟောပါလေ ။

# သစ္စယမိုက်

## ပဏ္ဏတ္တိဝါရနိဒ္ဒေသ - ပဒသောဓနဝါရ
## ဒုက္ခသစ္စာယမက - တရားပုံ

၁။ လောကီစိတ် ကောသိတိ၊ တဏှာ ကာယိကဒုက္ခ စေတသိကဒုက္ခ မှတပါး စေတသိက် ကေပညာသ ဣန္ဒြိယဇာရုပ် (၂၈) ခုသည် ဒုက္ခမမည်။ ဒုက္ခသစ္စာသာမည်၏။

၂။ ကာယိကဒုက္ခ, စေတသိကဒုက္ခ သည် ဒုက္ခလည်း မည်၏ ဒုက္ခသစ္စာလည်း မည်၏။

၃။ ကာယိကဒုက္ခ, စေတသိကဒုက္ခ, ဒုက္ခသစ္စာ မှတပါး သစ္စာ (၃) ပါး၊ သစ္စာဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် (၂၉) ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု၊ အနိန္ဒြိယဇာဖြစ်သော ဥတုဇရုပ်ကလာပ် (၂) ခု၊ ပညတ် သည် ဒုက္ခလည်း မမည်၊ ဒုက္ခသစ္စာလည်း မမည်။

အရကောက်သောအခါ (၂) ဒုက္ခသဟဂုတ်ကာယဝိညာဉ်၌ရှိသောဝေဒနာဟုဆိုအပ်သော ကာယိကဒုက္ခ။ ဒေါသမူဒွေ၌ရှိသော ဝေဒနာဟုဆိုအပ်သော စေတသိက ဒုက္ခရ၏ ဟုကောက်ပါ။

### သမုဒယသစ္စာတရားပုံ

၁။ သမုဒယသာမညသည် သမုဒယ သာမည်၏။ သမုဒယသစ္စာ မမည်။

၂။ တဏှာ ဟုဆိုအပ်သော သမုဒယ သစ္စာသည် သမုဒယ လည်းမည်၏။ သမုဒယသစ္စာလည်း မည်၏။

၃။ သမုဒယသာမည, သမုဒယသစ္စာ မှတပါး သစ္စာ (၃) ပါး သစ္စာဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် (၂၉) ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု၊ အနိန္ဒြိယဇာဖြစ်သော ဥတုဇရုပ်ကလာပ် (၂)ခု၊ ပညတ် သည်- သမုဒယ လည်းမမည်၊ သမုဒယသစ္စာ လည်းမမည်။

**အရကောက်သောအခါ** - - တဏှာမှတပါးသော ကိလေသာ (၉) ပါး ၊ ထိုကိလေသာ (၉) ပါးနှင့်တကွဖြစ်သော အကုသိုလ် ဒွါဒသစိတ္တုပ္ပါဒ်၊ ထိုအကုသိုလ် စိတ္တုပ္ပါဒ်၏ အာရုံဖြစ်သော လောကီကုသိုလ် စိတ္တုပ္ပါဒ် ဟုဆိုအပ်သော သမုဒယသာမညရ၏။

## နိရောဓသစ္စာ - တရားပုံ

၁။ နိရောဓ သာမညသည် နိရောဓ သာမည်၏။ နိရောဓသစ္စာ မမည်။
၂။ နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာသည် နိရောဓ လည်းမည်၏ ၊ နိရောဓသစ္စာလည်းမည်၏။
၃။ နိရောဓသာမည နိရောဓသစ္စာ မှတပါး သစ္စာ (၃) ပါး၊ သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် (၂၉)ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု ၊ အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇရုပ် ကလာပ် (၂) ခု ၊ ပညတ်သည် နိရောဓ လည်းမမည်၊ နိရောဓသစ္စာ လည်းမမည်။

**အရကောက်သောအခါ** ကာမကုသိုလ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟုဆိုအပ်သော တဒင်္ဂနိရောဓ၊ မဟဂ္ဂုတ်ကုသိုလ်သည် ပယ်အပ်သော နီဝရဏ၏ အဘာဝ ဟုဆိုအပ်သော ဝိက္ခမ္ဘနနိရောဓ ၊ မဂ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝ ဟုဆိုအပ်သော သမုစ္ဆေဒ နိရောဓ ၊ ဖိုလ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟုဆိုအပ်သော ပဋိပဿဒ္ဓိနိရောဓ၊ စိတ် စေတသိတ် တို့၏ ဘင် ဟုဆိုအပ်သော ခဏနိရောဓ အစရှိသော နိရောဓ သာမညရ၏ ။

## မဂ္ဂသစ္စာတရားပုံ

၁။ မဂ္ဂသာမညသည် မဂ်သာမည်၏။ မဂ္ဂသစ္စာ မမည်။
၂။ မဂ်စိတ် (၄) ခု၌ရှိသော မဂ္ဂင် (၈) ပါး ဟုဆိုအပ်သော မဂ္ဂသစ္စာသည်- မဂ္ဂ လည်းမည်၏။ မဂ္ဂသစ္စာ လည်း မည်၏။
၃။ မဂ္ဂသာမည, မဂ္ဂသစ္စာ မှတပါး သစ္စာ (၃) ပါး သစ္စာဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ်(၂၉)ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု၊ အနိန္ဒြိယဗဒ္ဓ ဖြစ်သော ဥတုဇရုပ်ကလာပ် (၂) ခု၊ ပညတ်သည် မဂ္ဂလည်း မမည်။ မဂ္ဂသစ္စာ လည်း မမည်။

**အရကောက်သောအခါ - -** သဟိတ်ကာမာဝစရဝိပါက် ကြိယာ မဟဂ္ဂုတ် စိတ်၌ ရှိသော ပဉ္စင်္ဂိကမဂ်၊ မဟာကုသိုလ်စိတ် (၈) ခု၌ ရှိသောအဋ္ဌင်္ဂိကမဂ်၊ ဖိုလ်စိတ် (၄) ခု ၌ရှိသော အဋ္ဌင်္ဂိကမဂ်၊ မိစ္ဆာမဂ်၊ ဈာန်မဂ်၊ သကဋမဂ် အစရှိသော မဂ္ဂသာမည ရ၏။

## ပဒသောဓနဝါရအနုလုံ

| | | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|---|
| | ဝိဘင်းပါဠိ | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | | ဒုက္ခံ | ဒုက္ခသစ္စန္တိ | ဒုက္ခသစ္စံ | ဒုက္ခန္တိ |
| ဒုက္ခ | ကာယိကံဒုက္ခံ,စေတသိကံဒုက္ခံ ထပေတွာ အဝသေသံ | | | ။ | နံ ။ |
| | ကာယိကံဒုက္ခံ, စေတသိကံ | = | = | ။ ဧဋ္ဌဝ | ။ ဋ္ဌ |
| သမုဒ | သမုဒယသစ္စံ - တွာ - သော - | ။ | နံ ။ | | |
| | သမုဒယသစ္စံ | ။ ဓေဝ | ။ ဋ္ဌ | = | = |
| နိရောဓ | နိရောဓသစ္စံ - တွာ - သော - | ။ | နံ ။ | | |
| | နိရောဓသစ္စံ | ။ ဓေဝ | ။ ဋ္ဌ | = | = |
| မဂ္ဂ | မဂ္ဂသစ္စံ - တွာ - သော - | ။ | နံ ။ | | |
| | မဂ္ဂသစ္စံ | ။ ဓေဝ | ။ ဋ္ဌ | = | = |

[ အနက်ပေး - အရကောက် - (၁) ပုံ - (၂) ပုံ ကြည့်ကောက် ]

## နိရောဓသစ္စာ - တရားပုံ

၁။ နိရောဓ သာမညသည် နိရောဓ သာမည်၏။ နိရောဓသစ္စာ မမည်။
၂။ နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာသည် နိရောဓ လည်းမည်၏ ၊ နိရောဓသစ္စာလည်းမည်၏။
၃။ နိရောဓသာမည နိရောဓသစ္စာ မှတပါး သစ္စာ (၃) ပါး၊ သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် (၂၉)ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု ၊ အနိဒ္ဒြိယဗဒ္ဓဖြစ်သော ဥတုဇရုပ် ကလာပ် (၂) ခု ၊ ပညတ်သည် နိရောဓ လည်းမမည်၊ နိရောဓသစ္စာ လည်းမမည်။

**အရကောက်သောအခါ** ကာမကုသိုလ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟုဆိုအပ်သော တဒင်္ဂနိရောဓ၊ မဟဂ္ဂုတ်ကုသိုလ်သည် ပယ်အပ်သော နီဝရဏ၏ အဘာဝ ဟုဆိုအပ်သော ဝိက္ခမ္ဘနနိရောဓ ၊ မဂ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝ ဟုဆိုအပ်သော သမုစ္ဆေဒ နိရောဓ ၊ ဖိုလ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟုဆိုအပ်သော ပဋိပဿဒ္ဓိနိရောဓ၊ စိတ် စေတသိတ် တို့၏ ဘင် ဟုဆိုအပ်သော ခဏနိရောဓ အစရှိသော နိရောဓ သာမညရ၏ ။

## မဂ္ဂသစ္စာတရားပုံ

၁။ မဂ္ဂသာမညသည် မဂ်သာမည်၏။ မဂ္ဂသစ္စာ မမည်။
၂။ မဂ်စိတ် (၄) ခု၌ရှိသော မဂ္ဂင် (၈) ပါး ဟုဆိုအပ်သော မဂ္ဂသစ္စာသည်- မဂ္ဂ လည်းမည်၏။ မဂ္ဂသစ္စာ လည်း မည်၏။
၃။ မဂ္ဂသာမည, မဂ္ဂသစ္စာ မှတပါး သစ္စာ (၃) ပါး သစ္စာဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ်(၂၉)ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု၊ အနိဒ္ဒြိယဗဒ္ဓ ဖြစ်သော ဥတုဇရုပ်ကလာပ် (၂) ခု၊ ပညတ်သည် မဂ္ဂလည်း မမည်။ မဂ္ဂသစ္စာ လည်း မမည်။

**အရကောက်သောအခါ - -** သဟိတ်ကာမာဝစရဝိပါက် ကြိယာ မဟဂ္ဂုတ် စိတ်၌ ရှိသော ပဉ္စင်္ဂိကမဂ်၊ မဟာကုသိုလ်စိတ် (၈) ခု၌ ရှိသောအဋ္ဌင်္ဂိကမဂ်၊ ဖိုလ်စိတ် (၄) ခု ၌ရှိသော အဋ္ဌင်္ဂိကမဂ်၊ မိစ္ဆာမဂ်၊ ဈာန်မဂ်၊ သကဋမဂ် အစရှိသော မဂ္ဂသာမည ရ၏။

## ပဒသောဓနဝါရအနုလုံ

| | ဝိဘင်းပါဠိ | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|---|
| | | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | | ဒုက္ခံ | ဒုက္ခသစ္စန္တိ | ဒုက္ခသစ္စံ | ဒုက္ခန္တိ |
| ဒုက္ခ | ကာယိကံဒုက္ခံ,စေတသိကံဒုက္ခံ ထပေတွာ အဝသေသံ | | | ။ | နု ။ |
| | ကာယိကံဒုက္ခံ, စေတသိကံ | = | = | ။ ေဥ္ဘဝ | ။ ဥဘ |
| သမုဒ | သမုဒယသစ္စံ - ဌတွာ - သော - | ။ | နုံ ။ | | |
| | သမုဒယသစ္စံ | ။ ဧဝ | ။ ဥဘ | = | = |
| နိရောဓ | နိရောဓသစ္စံ - ဌတွာ - သော - | ။ | နုံ ။ | | |
| | နိရောဓသစ္စံ | ။ ဧဝ | ။ ဥဘ | = | = |
| မဂ္ဂ | မဂ္ဂသစ္စံ - ဌတွာ - သော - | ။ | နု ။ | | |
| | မဂ္ဂသစ္စံ | ။ ဧဝ | ။ ဥဘ | = | = |

[ အနက်ပေး - အရကောက် - (၁) ပုံ - (၂) ပုံ ကြည့်ကောက် ]

## ပဒသောဓနဝါရ - ပစ္စနိက်

| အနုလောမ | | ပဋိလောမ | | ဝိဘင်းပါဠိ |
|---|---|---|---|---|
| သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ | |
| နဒုက္ခံ | နဒုက္ခသစ္စန္တိ | နဒုက္ခသစ္စံ | နဒုက္ခန္တိ | |
| ။ | + ။ | | | ကာ,စေ,ဒုက္ခံ,တွာ,သံ, ၁ ကောက် |
| နစေဝ ။ | နစ ။ | = | = | ဒုက္ခဥ္စဒုက္ခသစ္စဥ္စ,တွာ,သံ ၂ ကောက် |
| | | ။ | န ။ | သမုဒယသစ္စံ,တွာ,သော (၁) |
| = | = | နစေဝ,ယော | နစ- စ္စံ | သမုဒယဥ္စသမုဒယသစ္စဥ္စ,တွာသော (၂) |
| | | ။ | + ။ | နိရောဓသစ္စံတွာ, သော (၁) |
| = | = | နစေဝ, ဓေါ | နစ- စ္စံ | နိရောဓဥ္စနိရောဓသစ္စဥ္စ, တွာ, သော (၂) ကောက် |
| | | ။ | + ။ | မဂ္ဂသစ္စံ, တွာ, သော (၁) |
| = | = | နစေဝ,မဂ္ဂေါ | နစ- စ္စံ | မဂ္ဂဥ္စ,မဂ္ဂသစ္စဥ္စ-တွာ- သော (၂) |

## ပဒရသောဓနမူလစက္ကဝါရ အနုလုံ

| ဝိဘင်းပါဠိ | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | ဒုက္ခံ | ဒုက္ခသစ္စန္တိ | သစ္စာ | သမုဒယသစ္စန္တိ |
| | = | = | | |
| သမုဒယသစ္စံ | | | ။ ဥ္စေဝ | ။ ဥ္စ |
| အဝသေသာ | | | ။ | န ။ |

**အနက်-** အဝသေသာ၊ သမုဒယသစ္စာမှ ကြွင်းကုန်သော။ သစ္စာ၊ တို့သည်။ နသမုဒယ သစ္စံ၊ မမည်။

အနုလောမမှန်သမျှ ပဒသောဓနအတိုင်းဟောပါ။ ပဋိလောမမှာ သွတ်သောမူလီကို ရှေးဦးစွာ နစ်ဘက်ရ ထုတ်ပြီးမှ- ကျန်သစ္စာ သုံးပါးကို တစ်ဘက်ရထုတ်ပါ။

**အရကောက်မှာ-** သမုဒယသစ္စာမှ တစ်ပါး သစ္စာ သုံးပါးရ၏။ သမုဒယသစ္စာလည်းရ၏။ သံသယကား နောက်သာရ၏။ သမုဒယ သစ္စာမှ အစရှိသော မူသုံးပါးတို့၌လည်း မူလီသုံးပါးစီ သွတ်၍ ဟောပါလေ။

## ပဒသောဓနမူလစက္ကဝါရ ပစ္စနိက်

| ဝိဘင်းပါဠိ | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | နဒုက္ခံ | နဒုက္ခသစ္စန္တိ | နသစ္စာ | နသမုဒယသစ္စန္တိ |
| ကာ, စေ,ဒုက္ခံတွာ- သံ | ။ | + ။ | | |
| ဒုက္ခဋ္ဌ,ဒုက္ခသစ္စဋ္ဌ,တွာ သံ | နစေဝ ။ | နစ ။ | = | = |

**အမှာ**- အနုလောမ ပဒသောဓနအတိုင်းကောက်။ ပဋိလောမ- သစ္စာဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် (၂၉) ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု၊ အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇ ရုပ်ကလာပ်နှစ်ခု ပညတ်ရ၏။ ကြွင်းသော မူ-မူလိ- တို့၌လည်း အနုလောမ ပဒသောဓနအတိုင်းကောက်၊ ပဋိလောမအားလုံး အာမန္တာ ဝိဘင်းထုတ်။ သစ္စာဝိမုတ်ကောက်ပါလေ။

## သုဒ္ဓသစ္စဝါရ အနုလုံ

| ဝိဘင်းပါဠိ | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | ဒုက္ခံ | သစ္စန္တိ | သစ္စာ | ဒုက္ခသစ္စန္တိ |
| | = | = | | |
| ဒုက္ခသစ္စံ | | | ။ ဋ္ဌေဝ | ။ ဋ္ဌ |
| အဝသေသာ | | | ။ | န ။ |

**အမှာ**- အနုလောမမှန်သမျှ အာမန္တာ ဝိဘင်းထုတ်။ အရကောက်သောအခါ၊ ဒုက္ခံ၌ ကာယိကဒုက္ခ, စေတသိက ဒုက္ခ ရ၏။ သမုဒယ၌- သမုဒယသာမညႇ သမုဒယ သစ္စာရ၏။ နိရောဓ၌- သစ္စာထိုက်သော နိရောဓသာမညႇ နိရောဓသစ္စာရ၏။ မဂ္ဂ၌- သစ္စာထိုက်သော မဂ္ဂသာမညႇ မဂ္ဂသစ္စာရ၏။ ပဋိလောမမှန်သမျှ, ကောဋ္ဌာသပြန်, ဝိဘင်းကောက်ထုတ်၊ အရကောက်မှာ ဒုက္ခသစ္စာမှတစ်ပါး သစ္စာ သုံးပါးရ၏။ ဒုက္ခသစ္စာလည်းရ၏။ သံသယ နောက်သာရ၏။

## သုဒ္ဓသစ္စဝါရ ပစ္စနိက်

| ဝိဘင်းပါဠိ | အနုလောမ | | ပဋိလောမ | |
|---|---|---|---|---|
| | သန္နိဋ္ဌာန် | သံသယ | သန္နိဋ္ဌာန် | သံသယ |
| | နဒုက္ခံ | နသစ္စန္တိ | နသစ္စာ | နဒုက္ခသစ္စန္တိ |
| ဒုက္ခံ-တွာ, အဝသေသာသစ္စာ | ။ | + စ္စာ | | |
| ဒုက္ခဥ္စ,သစ္စဥ္စ,တွာ,သံ | နဧဝ ။ | နစ ။ | = | = |

**မှတ်ချက်**- နဒုက္ခံ၌ အနုလောမအရကား ကာယိကဒုက္ခ, စေတသိကဒုက္ခမှတစ်ပါး သစ္စာလေးပါးရ၏။ သစ္စာဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် (၂၉) ခု၊ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု၊ အနိဗ္ဗြယဗ္ဗဖြစ်သော ဥတုဇ ရုပ်ကလာပ်နှစ်ခု ပညတ်လည်းရ၏။ သံသယကား နောက်သာရ၏။ ပဋိလောမ လည်း ၎င်းနောက်သာရ၏။

နသမုဒယ၌- သမုဒယသာမည, သမုဒယသစ္စာမှတစ်ပါး သစ္စာသုံးပါးရ၏။ သစ္စာဝိမုတ်လည်းရ၏။

နနိရောဓ၌- နိရောဓသာမည, နိရောဓသစ္စာမှတစ်ပါး သစ္စာသုံးပါးရ၏။ သစ္စာဝိမုတ်လည်းရ၏။

နမဂ္ဂ၌- မဂ္ဂသာမည, မဂ္ဂသစ္စာမှတစ်ပါး သစ္စာသုံးပါးရ၏။ သစ္စာဝိမုတ်လည်းရ၏။

(သစ္စာဝိမုတ်အကျယ်ကို နဒုက္ခံ မှီး၍ဆိုပါလေ)

သံသယကား နောက်သာရ၏။ ပဋိလောမလည်း ၎င်းနောက်သာရ၏။

ဤဇယားကိုမှီး၍ ကြွင်းသောယမကတို့ကို ကုန်စင်အောင်ဟောပါလေ။

## သစ္စယမက ပဏ္ဏတ္တိဝါရပြီး၏။

## ၆။ ခန္ဓယမက ပဝတ္တိဥပ္ပါဒဝါရ

### ပစ္စုပ္ပန္နပုဂ္ဂလဝါရ တရားပုံ

၁။ အသညသတ် ဥပပဇ္ဇန္တ ပုဂ္ဂိုလ်သည် ရူပက္ခန္ဓာ (၁) ပါးသာ ဖြစ်ဆဲရ၏။
၂။ အရူပဥပပဇ္ဇန္တ ပုဂ္ဂိုလ်သည် နာမက္ခန္ဓာ (၄)ပါး ဖြစ်ဆဲရ၏။
၃။ ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်သည် ခန္ဓာ (၅) ပါးဖြစ်ဆဲရ၏။
၄။ ခပ်သိမ်းသော စဝန္တ ပုဂ္ဂိုလ်သည် ခန္ဓာ (၅) ပါးဖြစ်ဆဲမရ။

### ပစ္စုပ္ပန္နဩကာသဝါရ တရားပုံ

၁။ အသညတ်ဘုံ၌ ရူပက္ခန္ဓာ (၁)ပါးသာဖြစ်ဆဲရ၏။
၂။ အရူပ (၄) ဘုံ၌ နာမက္ခန္ဓာ (၄) ပါး ဖြစ်ဆဲရ၏။
၃။ ပဉ္စဝေါကာရ (၂၆) ဘုံ၌ ခန္ဓာ (၅) ပါးဖြစ်ဆဲရ၏။

### ပစ္စုပ္ပန္နပုဂ္ဂလောကာသ တရားပုံ

၁။ အသညသတ် ဥပပဇ္ဇန္တ ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ၌ ရူပက္ခန္ဓာ (၁) ပါးသာဖြစ်ဆဲရ၏။
၂။ အရူပဥပပဇ္ဇန္တ ပုဂ္ဂိုလ်တို့အား အရူပလေးဘုံ၌ နာမက္ခန္ဓာ (၄) ပါးသာ ဖြစ်ဆဲရ၏။
၃။ ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ပုဂ္ဂိုလ်တို့အား ပဉ္စဝေါကာရ (၂၆) ဘုံ၌ ခန္ဓာ (၅) ပါးဖြစ်ဆဲရ၏။
၄။ ခပ်သိမ်းသော စဝန္တ ပုဂ္ဂိုလ်တို့အား ခပ်သိမ်းသောဘုံ၌ ခန္ဓာ (၅) ပါးဖြစ်ဆဲမရ။

**အထူးမှာထားချက်—**

တရားပုံများကို ရှေးဦးစွာ အရကျက်ထားပါ။ ဤတရားပုံမျိုးတွေ့လျှင် ဤကဲ့သို့ ဝိဘင်းထုတ်ရမည်။ အနက်ပေး, အရကောက်ရမည်ကို စွဲစွဲမြဲမြဲမှတ်သားထားပါ။

### ဝိဘင်းထုတ်- အနက်ပေး- အရကောက်- ကိန်းသေနည်း

### ပစ္စုပ္ပန္နပုဂ္ဂလဝါရ

ပစ္စုပ္ပန္နပုဂ္ဂလဝါရတရားပုံတွင် နံပါတ် (၁) တရားပုံကို “အသညသတ္တံ ဥပပဇ္ဇန္တာနံ” ဟု ဝိဘင်းထုတ်ပါ။

**အနက်ပေး** – အသညသတ္တံ=အသညသတ္တဘဝေ၊ အသညသတ်ဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ပဋိသန္ဓေ နေဆဲဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။

အရကောက် - အစဖွာသော ဇီဝိတ နဝက, ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ဟုဆိုအပ်သော အသညသတ် ဥပပဇ္ဇန္တ ဖြစ်သော သုဂတိ အဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်ရှ၏။

ဝိဘင်းထုတ် - နံပါတ် (၂) တရားပုံကို "အရူပ ဥပပဇ္ဇန္တာနံ" ဟု ဝိဘင်းထုတ်ပါ။

အနက်ပေး - အရူပ=အရူပဘဝေ၊ ၌။ ဥပပဇ္ဇန္တာနံ၊ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော။

အရကောက် - အရူပ ပဋိသန္ဓေ (၄) ခု၊ စေတသိက် တိံသ တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ဟုဆိုအပ်သော အရူပ ဥပပဇ္ဇန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်, အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃) ယောက်ရှ၏။

ဝိဘင်းထုတ် - နံပါတ် (၃) တရားပုံကို "ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ" ဟု ဝိဘင်းထုတ်ပါ။

အနက်ပေး - ပဉ္စဝေါကာရံ= ပဉ္စဝေါကာရဘဝေ၊ ၌။ ဥပပဇ္ဇန္တာနံ၊ ကုန်သော။

အရကောက် - ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ- စေတသိက်ပဉ္စတ္တိံသ- ကမ္မဇကလာပ် (၃) စည်း၊ (၇) စည်း၊ (၄) စည်း တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ဟုဆိုအပ်သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ် (၄) ယောက်- အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃) ယောက်ရှ၏။ (ဂဗ္ဘသေယျက ကို ရည်၍ (၃) စည်း၊ သံသေဒဇ, ဩပပါတိက ကို ရည်၍ (၇) စည်း၊ရူပါဝစရကို ရည်၍ (၄) စည်း ဆိုသည်။)

ဝိဘင်းထုတ် - နံပါတ် (၄) တရားပုံကို "သဗ္ဗေသံ စဝန္တာနံ" ဟု ဝိဘင်းထုတ်ပါ။

အနက်ပေး - သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ စဝန္တာနံ၊ စုတေဆဲဖြစ်ကုန်သော။ တေသံ၊ တို့အား။

အရကောက် - စုတိစိတ် ဧကူနဝီသ, စေတသိက် ပဉ္စတ္တိံသ၊ အဆုံးစွန်သော ဇီဝိတ နဝက ကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟုဆိုအပ်သော ခပ်သိမ်းသောစဝန္တ ဖြစ်သော ပုထုဇဉ်လေးယောက်, ဖလဋ္ဌာန် ပုဂ္ဂိုလ် (၄) ယောက်ရှ၏။

အထူးမှာထားချက်–

နံပါတ် (၄) တရားပုံကို အရဋ္ဌာနအားလျော်စွာ ခွဲလျှင် အောက်ပါအတိုင်း ဖြစ်လာပေမည်။ ၁။ အသညသတ်စဝန္တ၊ ၂။ အရူပစဝန္တ၊ ၃။ ပဉ္စဝေါကာရစဝန္တ၊ ၄။ စတုဝေါကာရ ပဉ္စဝေါကာရ စဝန္တ ဟု အသီးသီး ဖြစ်လာနိုင်သည်။

ဝိဘင်းထုတ် - အသညသတ်စဝန္တကို- "အသညသတ္တာ စဝန္တာနံ" ဟု ထုတ်ရမည်။

အနက်ပေး - အသညသတ္တာ၊ မှ။ စဝန္တာနံ၊ စုတိဆဲဖြစ်ကုန်သော။

အရကောက် - အဆုံးစွန်သော ဇီဝိတ နဝက ကလာပ်ရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟုဆိုအပ်သော၊ အသညသတ်စဝန္တဖြစ်သော သုဂတိ အဟိတ်၊ ပုထုဇဉ်ပုဂ္ဂိုလ်ရှ၏။

ဝိဘင်းထုတ် - အရူပစဝန္တ ကို "အရူပါစဝန္တာနံ" ဟု ထုတ်ရမည်။ (အနက်သိသာပြီ)

အရကောက် - အရူပစုတိ လေးခု၊ စေတသိက် တိံသတို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟုဆိုအပ်သော အရူပစဝန္တဖြစ်သော တိဟိတ်ပုထုဇဉ်, ဖလဋ္ဌာန် ပုဂ္ဂိုလ် (၄) ယောက်ရှ၏။

ဝိဘင်းထုတ် - ပဉ္စဝေါကာရ စဝန္တကို "ပဉ္စဝေါကာရာ စဝန္တာနံ" ဟု ထုတ်ပါ။

အရကောက် - ပဉ္စဝေါကာရ စုတိ၊ ပန္နရသ, စေတသိက် ပဉ္စတိံသ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏ သမင်္ဂီ ဟုဆိုအပ်သော ပဉ္စဝေါကာရ စဝန္တဖြစ်သော ပုထုဇဉ် (၄) ယောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် (၄) ယောက်ရှ၏။

**ဝိဘင်းထုတ်** - စတုဝေါကာရ- ပဉ္စဝေါကာရ စဝန္တ ကို **"စတုဝေါကာရာ ပဉ္စဝေါကာရာ စဝန္တာနံ"** ဟုထုတ်ပါ။

**အရကောက်** - စတုဝေါကာရ-ပဉ္စဝေါကာရ ဖုတိဇကျေနဝိသ, **စေတသိက်** ပဉ္စတ္တိသ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟုဆိုအပ်သော စတုဝေါကာရ ပဉ္စဝေါကာရ စဝန္တဖြစ်သော ပုထုဇဉ် (၄) ယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် (၄) ယောက်ရှ၏- ဟု အသီးသီး ထုတ်နိုင်သည်ကို မှတ်သားခဲ့ပါလေ။

## ပစ္စုပ္ပန္နသြကာသဝါရ

**ဝိဘင်းထုတ်** - နံပါတ် (၁) တရားပုံကို "အသညသတ္တေ တတ္ထ" ဟု ထုတ်ပါ။

**အနက်ပေး** - အသညသတ္တေ=အသညသတ္တဘဝေ၊ အသညသတ်ဘုံ၌။ တတ္ထ၊ ထိုအသညသတ် ဘုံ၌။ ရူပက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ (စသည်ပေးပါလေ)

**အရကောက်** - ရူပက္ခန္ဓာ၏သာ ဖြစ်ရာဖြစ်သော အသညသတ်ဘုံရှ၏။

**ဝိဘင်းထုတ်** - နံပါတ် (၂) တရားပုံကို "အရူပေတတ္ထ" ဟု ထုတ်ပါ။ (အနက်သိသာပြီ)

**အရကောက်** - နာမက္ခန္ဓာ (၄) ပါး၏သာ ဖြစ်ရာဖြစ်သော၊ အရူပ (၄) ဘုံရှ၏။

**ဝိဘင်းထုတ်** - နံပါတ် (၃) တရားပုံကို "ပဉ္စဝေါကာရေတတ္ထ" ဟု ထုတ်ပါ။

**အရကောက်** - ခန္ဓာ (၅) ပါး၏ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရ (၂၆) ဘုံရှ၏။

## ပစ္စုပ္ပန္နပုဂ္ဂလောကာသဝါရ

**ဝိဘင်းထုတ်** - နံပါတ် (၁) တရားပုံကို "အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံတတ္ထ" ဟု ထုတ်ပါ။

**အမှာ** - အနက်, အရကောက် ပုဂ္ဂလနှင့်တူ၏။ ဘုံသတ်ရုံသာထူး၏။

**ဘုံသတ်ပုံ** - အစစ္စာသော ဓိဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ဟု ဆိုအပ်သော အသညသတ်ဥပပဇ္ဇန္တဖြစ်သော သုဂတိ အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ် ဘုံရှ၏။

(ကြွင်းသောတရားပုံတို့ကိုလည်း ပုဂ္ဂလအတိုင်း ဝိဘင်းထုတ်, အရကောက်, ဘုံသတ်ပါလေ၊ သိသာပြီ)

## ပစ္စုပ္ပန္နပုဂ္ဂလဝါရ အနုလုံ- ပုစ္ဆာ,ဝိသဇ္ဇနာ
## အပြည့်အစုံအနက်ပေး

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ရူပက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ ထိုရူပက္ခန္ဓာ ဖြစ်ဆဲသောပုဂ္ဂိုလ်အား။ ဝေဒနက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။ ဣတိပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အသညသတ္တံ= အသညသတ္တဘဝေ၊ အသညသတ်ဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော တေသံ၊ တို့အား။ ရူပက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဆဲ။ တေသံ၊ တို့အား။ ဝေဒနက္ခန္ဓော၊ သည်။

နောစဉပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်။ ပဋ္စဝေါကာရံ=ပဋ္စဝေါကာရဘဝေ၊ ၌။ တေသံ၊ တို့အား။ ရူပက္ခန္ဓောစ၊ သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဆဲ။ ဝေဒနက္ခန္ဓောစ၊ သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဆဲ။ (ပဋိလောမနည်းတူ )

**ဩကာသဝါရအနက်ပေးပုံ**

ယတ္ထ၊ အကြင်ဘုံ၌။ ရူပက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဆဲ။ (အကြွင်းသိသာပြီ)

**ပုဂ္ဂလောကာသဝါရအနက်ပေးပုံ**

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ယတ္ထ၊ အကြင်ဘုံ၌။ ရူပက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇတိ၊ ဆဲ။

**ပစ္စုပ္ပန္နပုဂ္ဂလ-ပစ္စနိက်အနက်ပေး**

ယဿ၊ အား။ ရူပက္ခန္ဓော၊ သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်ဆဲ။ တဿ၊ အား။ ဝေဒနက္ခန္ဓော၊ သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်ဆဲလော။ ဉာတိပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အသညသတ္တံ=အသညသတ္တဘဝေ၊ ၌။ ဥပပဇ္ဇန္တာနံ၊ ကပ်သော။ တေသံ၊ တို့အား။ ရူပက္ခန္ဓော၊ သည်။ နုပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်။ တေသံ၊ တို့အား။ ဝေဒနက္ခန္ဓော၊ သည်။ နောစနုပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ (ဒွိပဋိသေဓေ ပကတျတ္ထော နှင့်အညီပေးသည်။)

**တစ်နည်း:-** နုပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်သည်။ နော၊ မဟုတ်။ ဥပ္ပဇ္ဇတိဧဝ၊ ဖြစ်ဆဲဟုတ်သည်သာတည်း။

(ပဋိသေဓ-နှစ်ပါးပြမှု- ဧဝသဒ္ဒါ- ယှဉ်မြဲရာ- နိယံနှင့်အညီပေးသည်)

**ဟောကိုးစစ်**

ထိုပဝတ္တိဝါရသည်လည်း:- ဥပ္ပါဒ- နိရောဓ-ဥပ္ပါဒနိရောဓ (၃) ပါး၊ ထိုသည်လည်း ပစ္စုပ္ပန္နဝါရ- အတီတဝါရ- အနာဂတဝါရ- ပစ္စုပ္ပန္နာတီတဝါရ- ပစ္စုပ္ပန္နာနာဂတဝါရ- အတီတာနာဂတ ဝါရ (၆) ပါး။ ထိုတွင် ပစ္စုပ္ပန္နဝါရဟော- ထိုသည်လည်း အနုလုံ, ပစ္စနိက်, (၂) ပါး။ ထိုတွင် အနုလုံဟော၊ ဂိုသည်လည်း:- ပုဂ္ဂလဝါရ- ဩကာသဝါရ- ပုဂ္ဂလောကာသဝါရ (၃) ပါး၊ တုံသော်လည်း ရူပက္ခန္ဓာမူ (ပ)၊ သခ်ါရက္ခန္ဓာမူ အားဖြင့် (၄) ပါး။

မူ

| | | | | | |
|---|---|---|---|---|---|
| ရူ | ဝေ | ည | ခ်ါ | ဝိ | မူလ် |
| ဝေ | ည | ခ်ါ | ဝိ | မူလိ | |
| ည | ခ်ါ | ဝိ | မူလိ | | |
| ခ်ါ | ဝိ | မူလိ | | | |

## ပစ္စုပ္ပန္နပုဂ္ဂလ, ဩကာသ, ပုဂ္ဂလောကာသ အနုလုံဇယား

### ပုဂ္ဂလ

| ရူမူ၊ ဝေ၊ ည၊ သ၊ ဝိ၊ မူလိ | ယဿရူပက္ခန္ဓော ဥပ္ပဇ္ဇတိ | တဿဝေဒနက္ခန္ဓော, ဥပ္ပဇ္ဇတီတိ | ယဿဝါပန ဝေဒနက္ခန္ဓော ဥပ္ပဇ္ဇတိ | တဿရူပက္ခန္ဓော ဥပ္ပဇ္ဇတီတိ |
|---|---|---|---|---|
| အသညသတ္တံဥပပဇ္ဇန္တာနံ | ။ | နောစ | | |
| ပဉ္စဝေါကာရံဥပပဇ္ဇန္တာနံ | စ | စ | စ | စ |
| အရူပံဥပပဇ္ဇန္တာနံ | | | ။ | နောစ |
| ဝေမူ-ည၊ သ၊ ဝိ၊ မူလိ | ယဿ-ဝေ-တိ | တဿည, တီတိ | ဝါပန-ည တိ | တဿ ဝေ တီတိ |
| ပဋိ ၁၉, စတု, ပဉ္စ ဥပ | = | = | = | = |

### ဩကာသ

| ရူမူ၊ ဝေ၊ ည၊ သ၊ ဝိ၊ မူလိ | ယတ္ထ, ရူ, တိ | တတ္ထဝေ,တီတိ | ဝါပန,ဝေ,တိ | တတ္ထ ဝေတီတိ |
|---|---|---|---|---|
| အသညသတ္တေတတ္ထ | ။ | နောစ | | |
| ပဉ္စဝေါကာရေတတ္ထ | စ | စ | စ | စ |
| အရူပေတတ္ထ | | | ။ | နောစ |
| ဝေမူ၊ ည၊ သ၊ ဝိ၊ မူလိ | ယတ္ထ, ဝေ, တိ | တတ္ထ ည,တီတိ | ဝါပန ည,တိ | တတ္ထ ဝေ တီတိ |
| စတု - ၄ ဘုံ,ပဉ္စ - ၂၅ဘုံ | = | = | = | = |

## ပုဂ္ဂလောကာသ

| ရူမူ - ဝေ၊ ညာ၊ သ၊ ဝိ၊ မူလိ | ယဿ ယတ္ထ, ရူ,တိ | တဿ တတ္ထ, ဝေ, တိတိ | ဝါပန ယတ္ထ ဝေ, တိ | တဿ တတ္ထ ရူ,တိတိ |
|---|---|---|---|---|
| အသညသတ္တုပပဇ္ဇန္တာနံ | ။ | နောစ | | |
| ပဉ္စဝေါကာရုပပဇ္ဇန္တာနံ | စ | စ | စ | စ |
| အရူပုပပဇ္ဇန္တာနံ | | | ။ | နောစ |
| ဝေမူ - ညာ၊ သ၊ ဝိ၊ မူလိ | ယဿ ယတ္ထ, ဝေ, တိ | တဿ တတ္ထ, ညာ,တိတိ | ဝါပန ယတ္ထ ညာ, တိ | တဿ တတ္ထ ဝေ, တိတိ |
| ပဋိ၁၉, စတု ပဉ္စဥပ - ၄၄ အောက်ဖလဋ္ဌာန် ၃ | = | = | = | = |

ပုဂ္ဂလအနုလောမပါဠိ - ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတီတိ။
ပဋိလောမ- ယဿဝါပန ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတီတိ။
ဩကာသဝါရ၌ ယတ္ထ။ ပုဂ္ဂလောကာသဝါရ၌ ယဿယတ္ထ။ ဟု ပြောင်းဆိုပါ။

ဝိဘင်းပါဠိအဆုံး၌ - ပုဂ္ဂလ တေသံ။ ဩကာသ တတ္ထ။ ပုဂ္ဂလောကာသ တေသံတတ္ထ ဟုထည့်ရမည်။

မှတ်ချက် - ကြွင်း ဝါရတို့၌ ဩကာသဝါရ တူ၍ မရေးတော့ပြီ။

## ပစ္စုပ္ပန္နပုဂ္ဂလ, ဩကာသ, ပုဂ္ဂလောကာသ, ဝါရပစ္စနိက်ဇယား

### ပုဂ္ဂလဝါရ

| ရူမူ - ဝေ၊ ည၊ သ၊ ဝိ၊ မူလီ | ယဿ ရု, နုပ္ပဇ္ဇတိ | တဿ ဝေ, နုပ္ပဇ္ဇတီတိ | ဝါပန ဝေ, နုပ္ပဇ္ဇဟိ | တဿ ရူ, နုပ္ပဇ္ဇတီတိ |
|---|---|---|---|---|
| အရူပ် ဥပပဇ္ဇန္တခဏ် | ။ | နော၀ | | |
| သဗ္ဗေသံ စဝန္တခဏ် | ၀ | ၀ | ၀ | ၀ |
| အသညသတ္တ ဥပပဇ္ဇန္တခဏ် | | | ။ | နော၀ |
| ဝေမူ+ ည၊ သ၊ ဝိ၊ မူလီ | ယဿ,ဝေ,နုပ္ပဇ္ဇတိ | တဿ,ည,နုပ္ပဇ္ဇတီတိ | ဝါပန,ည,နုပ္ပဇ္ဇတိ | တဿ,ဆ,နုပ္ပဇ္ဇတီတိ |
| ခပ်သိမ်းသောစဝန္တ, အသညသတ်ဥပပဇ္ဇန္တ | = | = | = | = |

### ဩကာသဝါရ

| ရူမူ - ဝေ၊ ည၊ သ၊ ဝိ၊ မူလီ | ယတ္ထ,ရု,နုပ္ပဇ္ဇတိ | တတ္ထ, ဝေ,တီတိ | ဝါပန, ဝေ, တိ | တတ္ထ, ရူ, နုပ္ပဇ္ဇတီတိ |
|---|---|---|---|---|
| နာမက္ခန္ဓာလေးပါး၏သာဖြစ်ရာဖြစ်သောအရူပလေး ဘုံရ၏ | | ဥပ္ပဇ္ဇတိ | | |
| ရူပက္ခန္ဓာ၏သာဖြစ်ရာဖြစ်သောအသညသတ် ဘုံရ၏။ | | | | ဥပ္ပဇ္ဇတိ |
| ဝေမူ+ ည၊ သ၊ ဝိ၊ မူလီ | ယတ္ထ, ဝေ, တိ | တတ္ထ, ည,တီတိ | ဝါပန,ဝေ တိ | တတ္ထ, ည,တီတိ |
| အသညသတ်ဘုံရ၏ | = | = | = | = |

## ပုဂ္ဂလောကာသဝါရ

| | | | | |
|---|---|---|---|---|
| ရူမူ-ဝေ၊ ညာ၊သ၊ဝိ၊မူလိ | ယဿ ယတ္ထ ရူ, တိ | တဿ တတ္ထ ဝေ, တိတိ | ဝါပန,ဝေ,တိ | တဿ တတ္ထ- ရူ-နပ္ပဝ္ဝတိတိ |
| အရူပ ဥပပဇ္ဇန္တာနံ | ။ | နော စ | | |
| သဗ္ဗေသံ စဝန္တာနံ | စ | စ | စ | စ |
| အသညသတ္တံ ဥပပဇ္ဇန္တာနံ | | | ။ | နော စ |
| ဝေမူ+ညာ၊သ၊ဝိ၊မူလိ | ယဿ ယတ္ထ, ဝေ, တိ | တဿ တတ္ထ, ညာ, တိတိ | ဝါပန ယတ္ထ, ညာ, တိ | တဿ တတ္ထ, ဝေ, နပ္ပဝ္ဝတိတိ |
| ခပ်သိမ်းသော စဝန္တ - အသညသတ်ဥပပဇ္ဇန္တ - | = | = | = | = |

## အတီတပုဂ္ဂလဝါရ-တရားပုံ

၁။ ခပ်သိမ်းသော ဥပပဇ္ဇန္တ, စဝန္တ ဖြစ်သော ပုဂ္ဂိုလ်တို့သည် ခန္ဓာ (၅) ပါး ဖြစ်ဘူးပြီ၊ ချုပ်ဘူးပြီ ရ၏။

## အတီတပုဂ္ဂလောကာသဝါရ - တရားပုံ

၁။ အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုဂ္ဂိုလ်ဘုံသည် ရူပက္ခန္ဓာ (၁) ပါး သာ ဖြစ်ဘူး ပြီရ၏။
၂။ အရူပ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုဂ္ဂိုလ်ဘုံသည် နာမက္ခန္ဓာ (၄) ပါး သာ ဖြစ်ဘူးပြီရ၏။
၃။ သုဒ္ဓါဝါသ ကြဉ်သော ပဉ္စဝေါကာရဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုဂ္ဂိုလ်ဘုံသည် ခန္ဓာ (၅) ပါး ဖြစ်ဘူးပြီ ရ၏။
၄။ သုဒ္ဓါဝါသ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုဂ္ဂိုလ်ဘုံသည် ခန္ဓာ (၅) ပါး ဖြစ်ဘူးပြီ မရ။

## အတီတဝါရ - ဝိဘင်းထုတ် - အရကောက်ပိန်းသေနည်း
## ပုဂ္ဂလဝါရ

ဝိဘင်းထုတ် - အားလုံး အရတူသောကြောင့် အာမန္တာ ဝိဘင်း ထုတ်ပါ။
အရကောက် - ခပ်သိမ်းသော ဥပပဇ္ဇ, စဝန္တ ဖြစ်သော ပုထုဇဉ် (၄) ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် (၄) ယောက်ရ၏။

### အတီတပုဂ္ဂလောကာသဝါရ

ဝိဘင်းထုတ် - နံပါတ် (၁) တရားပုံကို "အသညသတ္တာနံ တေသံ တတ္ထ" ဟု ထုတ်ပါ။
အနက်ပေး - အသညသတ္တာနံ၊ ဘုံ၌ဖြစ်ကုန်သော။ တေသံ၊ တို့အား။ တတ္ထ၊ ထိုဘုံ၌။
အရကောက် - အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ရ၏။
ဝိဘင်းထုတ် - နံပါတ်(၂) တရားပုံကို "အရူပါနံ တေသံ တတ္ထ" ဟုထုတ်ပါ။ (အနက်သိသာပြီ)
အရကောက် - အရူပဥပပဇ္ဇန္တ စဝန္တ ဖြစ်သော တိဟိတ်ပုထုဇဉ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့အား အရူပလေးဘုံ ရ၏။
ဝိဘင်းထုတ် - နံပါတ် (၃) တရားပုံကို "ပဉ္စဝေါကာရာနံ တေသံ တတ္ထ" ဟုထုတ်ပါ။
အရကောက် - ပဉ္စဝေါကာရ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် တို့အား သုဒ္ဓါဝါသ ကြဉ်သော ပဉ္စဝေါကာရ (၂၁) ဘုံရ၏။
ဝိဘင်းထုတ် - နံပါတ် (၄) တရားပုံကို "သုဒ္ဓါဝါသာနံ တေသံ တတ္ထ" ဟုထုတ်ပါ။
အရကောက် - သုဒ္ဓါဝါသ ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော အနာဂါမိဖလဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ (၅)ဘုံ ရ၏။ (ယထာလာဘနည်း)
အမှာ - အထက်ပါ အပုံတို့ကို ဥပပဇ္ဇန္တ စဝန္တ ခွဲ၍ ထုတ်နိုင်သည်ကိုလည်း သတိထားပါ။နံပါတ် (၄) တရားပုံကို ၁- သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ ဟုလည်းကောင်း။ ၂-သုဒ္ဓါဝါသေ ပရိနိဗ္ဗာန္တာနံ ဟုလည်းကောင်း အသီးသီးခွဲရမည်။ (အနက်သိသာပြီ။)
အရကောက် - အထက်ပါ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ ကို အောက်ပါအတိုင်း ကောက်ရမည်။ ရူပါဝစရပဋိသန္ဓေ (၁) ခု၊ စေတသိတ် တိ သ၊ ကမ္မဇကလာပ် လေးစည်း တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော သုဒ္ဓါဝါသ ဥပပဇ္ဇန္တ ဖြစ်သောအနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ (၅) ဘုံရ၏။ "သုဒ္ဓါဝါသေ ပရိနိဗ္ဗာန္တာနံ" ကို အောက်ပါအတိုင်း ကောက်ရမည်။ ရူပါဝစရပဉ္စမဈာန်စုတိ (၁) ခု၊ စေတသိက်တိ သ၊ အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟု ဆိုအပ်သော သုဒ္ဓါဝါသပရိနိဗ္ဗာန္တ ဖြစ်သော အနာဂါမိ ဖလဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ (၅) ဘုံရ၏။
ဆောင် - **သုဒ္ဓါဝါသ ဘုံမရ၊ အသညသတ် ဖြစ်မရ။**
**အပါယိက စစ်မရ၊ အကနိဋ္ဌ တုမရ။**

**အနက်ပေး:** - ယဿ၊ အား။ ရူပက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဘူးပြီ။ တဿ၊ အား။ ဝေဒနက္ခန္ဓော၊ သည်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဘူးပြီလော။

**ပစ္စနိက်အနက်သး:** - နတ္ထိ၊ ရူပက္ခန္ဓာ မဖြစ်ဘူးသော ပုဂ္ဂိုလ်မည်သည်မရှိ။

**အတီတပုဂ္ဂလနှင့် ပုဂ္ဂလောကာသဝါရ အနုလုံဇယား**

| ရူပ+ဝေ၊ည၊ သ၊ ဝိ၊ မူလိ | ယဿ, ရူ, ဥပ္ပဇ္ဇိတ္ထ | တဿ, ဝေ, ဥပ္ပဇ္ဇိတ္ထာတိ | ဝါပန, ဝေ တ္ထ | တဿ ရူ, ဥပ္ပဇ္ဇိတ္ထာတိ |
|---|---|---|---|---|
| ခပ်သိမ်းသော ဥ,စ, ပု ၄ ဖလဋ္ဌာန် ၄ ယောက် | = | = | = | = |
| ဝေဒနက္ခန္ဓာမူ တူပြီ | | | | |
| ရူပ+ဝေ၊ည၊ သ၊ ဝိ၊ မူလိ | ယဿ ယတ္ထ ရူ, ဥပ္ပဇ္ဇိတ္ထ | တဿ တတ္ထ ဝေ,ဥပ္ပဇ္ဇိတ္ထာတိ | ဝါပန ယတ္ထ, ဝေ, တ္ထ | တဿ တတ္ထ ရူ, ဥပ္ပဇ္ဇိတ္ထာတိ |
| အသညသတ္တာနံ တေသံတတ္ထ | ။ | နောစ ။ | | |
| ပဉ္စဝေါကာရာနံတေသံတတ္ထ | စ | စ | စ | စ |
| အရူပါနံတေသံတတ္ထ | | | ။ | နောစ ။ |
| ဝေမူ+ည၊သ၊ဝိ၊ မူလိ | ယဿ ယတ္ထ ဝေ, ဥပ္ပဇ္ဇိတ္ထ | တဿ တတ္ထ ည,ဥပ္ပဇ္ဇိတ္ထာတိ | ဝါပန ယတ္ထ ည, တ္ထ | တဿ တတ္ထ ဝေ,ဥပ္ပဇ္ဇိတ္ထာတိ |
| စတုပဉ္စ+ဥ၊စ၊ ပု ၄ ယောက် ဋ္ဌာန် ၄ယောက် တို့အား: စတု ၄ ဘုံ သုဒ္ဓါကြည်- ပဉ္စ ၂၁ ဘုံ | = | = | = | = |

**အတီတပုဂ္ဂလဝါရ ပစ္စနိက်ဇယား**

| | ယဿ, ရူ နုပ္ပဇ္ဇိတ္ထ | တဿ, ဝေ နုပ္ပဇ္ဇိတ္ထာတိ | ဝါပန, ဝေ နုပ္ပဇ္ဇိတ္ထ | တဿ, ရူ နုပ္ပဇ္ဇိတ္ထာတိ |
|---|---|---|---|---|
| | နတ္ထိ | | နတ္ထိ | |

**အနက်ပေး:-** ယဿ၊ အား။ ရူပက္ခန္ဓော၊ သည်။ နုပ္ပဇ္ဇိတ္ထ၊ မဖြစ်ဘူးလေ။ နတ္ထိ၊ ရူပက္ခန္ဓာ မဖြစ်ဘူးသောပုဂ္ဂိုလ်မည်သည်မရှိ။

## အတီတပုဂ္ဂလောကာသဝါရ ပစ္စနိက်

| | ယဿယတ္ထ, ရူ နပ္ပဒ္ဒိတ္ထ | တဿတတ္ထ,ဝေ နပ္ပဒ္ဒိတ္ထာတိ | ဝါပန, ဝေ နပ္ပဒ္ဒိတ္ထ | တဿတတ္ထ, ရူ နပ္ပဒ္ဒိတ္ထာတိ |
|---|---|---|---|---|
| အရူပါနံတေသံတတ္ထ | ။ | နော၀ ။ | | |
| သုဒ္ဓါဝါသာနံ တေသံတတ္ထ | ၀ | ၀ | ၀ | ၀ |
| အသညသတ္တာနံ တေသံတတ္ထ | | | ။ | နော၀ ။ |

သမုဒယမူ မဂ္ဂမူလ် လည်းတူပြီ၊ အထက်ပါအတိုင်း ဟောလေ။

**အနက်ပေး:** အနဘိသမေတာဝီနံ၊ သစ္စာလေးပါး တရားတို့ကို သိဘူးပြီးသော အဖြစ်သို့ မရောက်ကုန်သေးသော။ တေသံ၊ တို့အား။
အဘိသမေတာဝီနံ၊ သစ္စာလေးပါး တရားတို့ကို သိဘူးပြီးသော အဖြစ်သို့ ရောက်ကုန်ပြီးသော။ တေသံ၊ တို့အား။

**အတီတပုဂ္ဂလဝါရပြီး၏။**

**ဩကာသဝါရတူပြီ။**

## အတီတ ပုဂ္ဂလောကာသ ဝါရ တရားပုံ

၁။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ဒုက္ခ,သမုဒယ,မဂ္ဂသစ္စာ (၃) ပါး ဖြစ်ဘူးပြီမရ။

၂။ ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ ဘဝနိကန္တိက ပထမ ဇောတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ (၁) ပါးသာ ဖြစ်ဘူးပြီရ၏။

၃။ ထိုဘဝ၌ အရဟတ္တမဂ်ကို မရသ သူဖြစ်အံ့၊ ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင် ရသ သူဖြစ်အံ့၊ ဘဝနိကန္တိက ဒုတိယဇောမှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ သမုဒယသစ္စာ (၂) ပါး ဖြစ်ဘူးပြီရ၏။

၄။ အရဟတ္တမဂ္ဂါနန္တရ ဖိုလ်မှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဒုက္ခ ,သမုဒယ, မဂ္ဂသစ္စာ (၃) ပါး ဖြစ်ဘူးပြီရ၏။

၅။ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရ ပုဂ္ဂိုလ်တို့အား ထိုဘဝ၌ မဂ်ကို မရသ သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ ရသ သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ် (၄) ယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဒုက္ခ,သမုဒယ,သစ္စာ (၂) ပါး ဖြစ်ဘူးပြီရ၏။

### ( ဤကား အနဘိသမေတာဝီ အစစ်တည်း )

၆။ မိမိ ဖြစ်ခိုက်သောဘုံ၌ ရှေးဘဝက မဂ်ကို မရသ သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဤဘဝတွင်မှသာ ရသ သူဖြစ်အံ့၊ ရစသောမဂ္ဂါနန္တရ ဖိုလ်မှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန် (၃) ယောက်၊ ဖလဋ္ဌာန် (၄) ယောက် တို့အား ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာ (၃) ပါး ဖြစ်ဘူးပြီရ၏။

### ( ဤကား အနဘိသမေတာဝီ အတုတည်း )

၇။ အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ၌ ဒုက္ခသစ္စာ (၁) ပါးဖြစ်ဘူးပြီရ၏။

## အရကောက်နှင့် ဝိဘင်း မှတ်ဘွယ်

**ဒုက္ခမှ,သမုဒယမှုလီ၌** တရားပုံ (၂)ကို သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ၊
တရားပုံ (၇) ကို "အသညသတ္တာနံ တေသံ တတ္ထ" တစ်ဘက်ရထုတ်။

**အရကောက်** - သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင်ဟု ဆိုအပ်သော မုချဒုတိယစိတ် ထိုစိတ်နှင့် သမုဒယသစ္စာ ဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟုဆိုအပ်သော ဘဝင် (၁၅) ချက်။ မနောဒွါရဝဇ္ဇန်း ဘဝနိကန္တိက ပထမဇော။ ဤ (၁၈) ချက်သော စိတ်တို့၏ ခဏတ္တယ သမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ (၅) ဘုံ၊ အသညသတ် အပုံအတိုင်းရ၏။

တရားပုံ (၃,၄,၅,၆) ကို "ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာနံ တေသံ တတ္ထ" ဟု နှစ်ဘက်ရ ဝိဘင်းထုတ်။

**အရကောက်** - သုဒ္ဓါဝါသဖြစ်အံ့ ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင်၊ ကြွင်း စတု ပဉ္စ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ ဖြစ်ထိုက်။ [ပ] သော ပု (၄)၊ အရိယာ (၈)၊ တို့အား၊ စတု (၄) ဘုံ၊ ပဉ္စ (၂၆) ဘုံလည်းရ၏။ သံသယကားနောက်သာရ၏။ ပဋိလောမ (အာမန္တာ) ထုတ်။ အထက်ပါ နှစ်ဘက်ရ ပြန်ကောက်လေ။

**ပဓ္ဓနိက်** - တရားပုံ (၁) ကို "သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ" ထုတ်။ ကောက်ပြ။

**ဒုက္ခမှမဂ္ဂမှလီ၌** - တရားပုံ (၂) ကို သုဒ္ဓါဝါသာနံဒုတိယေစိတ္တေဝတ္တမာနေ၊
(၃)ကို "အနဘိသမေတာဝီနံ။ (၇) ကို အသညသတ္တာနံ တေသံ တတ္ထ" ဟု တစ်ဘက်ရထုတ်။

**အရကောက်** - သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင် ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဘူးပြီးသည်ကို အတိတ်၌မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့်၊ တံသဒိသ ဒုတိယစိတ် ဟုဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ ဒုတိယဘဝင်မှစ၍ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့၊ ဒုတိယဘဝင်မှစ၍ အရဟတ္တမဂ်တိုင်အောင်၊ ဖြစ်။ [ပ] သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အားသုဒ္ဓါဝါသ (၅) ဘုံ။

တရားပုံ (၅) ကို ကြွင်းသော စတု ပဉ္စ တို့အား ထိုဘဝ၌ မဂ်ကို မရသသူဖြစ်အံ့။ [ပ] တို့အား စတုဝေါကာရ (၄) ဘုံ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ (၂၁) ဘုံ။

**( ဤကား အနဘိသမေတာဝီ အစစ်တည်း )**

ဖြစ်ပါးဘုံကပင် အောက်မဂ်ကိုရပြီးသော်လည်း မိမိဖြစ်နိုက်သောဘုံ၌ မဂ်ကို မရ မှုးသေးသောကြောင့် "တတ္ထ အနဘိသမေတာဝီ" မည်ကောင်းသော ပုဂ္ဂိုလ်တို့တွင်၊ ဖြစ်ပါးဘုံက သော, မဂ်ကိုရ၍ မိမိဖြစ်နိုက်သောဘုံ၌ သက, မဂ်ကို မရသသူဖြစ်အံ့၊ ပဋိမှစ၍ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့၊ ပဋိမှစ၍ သက, မဂ်တိုင်အောင်။ [ပ] သော သောတာပတ္တိဖလဋ္ဌာန်,သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

တစ်ပါးဘုံက သကဒါဂါမိမဂ်ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အနာဂါမိမဂ်ကို မရသ သူဖြစ်အံ့၊ ပဋိမှစ၍ စုတိတိုင်အောင်၊ ရသ သူဖြစ်အံ့၊ ပဋိမှစ၍ အနာဂါမိမဂ်တိုင်အောင်။ [ပ] သော သကဒါဂါမိဖလဋ္ဌာန်, အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

တစ်ပါးဘုံက အနာဂါမိမဂ်ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အရဟတ္တမဂ်ကို မရသ သူဖြစ်အံ့၊ ပဋိမှစ၍၊ စုတိတိုင်အောင် ရသ သူဖြစ်အံ့၊ ပဋိမှစ၍ အရဟတ္တမဂ်တိုင်အောင်။ [ပ] သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ (၄) ဘုံ၊ ကာမသုဂတိ (၇) ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ (၁၀) ဘုံ။ ( ဤကား အတု,တည်း) အသညသတ်ကောက်မြရ၏။

(၄-၆) ကို "အဘိသမေတာဝိနံ တေသံ တတ္ထ"ဟုနစ်ဘက်ရထုတ်။ (၄) ကို သုဒ္ဓါဝါသ ဖြစ်အံ့ အရဟတ္တမဂ္ဂါနန္တ ရ။ [ပ] ပုဂ္ဂိုလ်။ (၆) ကို ကြွင်း စတု ပဉ္စ ပုဂ္ဂိုလ်တို့အား မိမိဖြစ်ခိုက်သော ဘုံ၌။ [ပ] တို့အား စတု (၄) ဘုံ၊ အပါယ်ကြဉ် ပဉ္စ (၂၁) ဘုံလည်းရ၏။ သံသယနောက်သာရ၏။ ပဋိလောမလည်း, လည်းကောင်းနောက်သာရ၏။ (၄-၆) ကို အပုံအတိုင်း ကောက်ပါ။

**ပစ္စနိက်ကြွင်း** "သုဒ္ဓါဝါသံဥပပဇ္ဇန္တာနံ တေသံ တတ္ထ" ထုတ်။ ကောက်မြ။
**သမုဒယမူ မဂ္ဂမူလီ၌** (၃-၅) ကို "သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ တေသံ တတ္ထ" ဟု တစ်ဘက်ရထုတ်။

**အရကောက်** သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ဒုတိယဇော ဟုဆိုအပ်သော မုချဒုတိယ အကုသိုလ်စိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့်တူသောကြောင့် တံသဒိသဒုတိယစိတ်ဟုဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသ သူဖြစ်အံ့၊ တတိယဇောမှစ၍ စုတိတိုင်အောင် ရသ သူဖြစ်အံ့၊ တတိယဇောမှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သော။ [ပ] သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် တို့အား သုဒ္ဓါဝါသ (၅) ဘုံ။ ကြွင်းသော စတု ပဉ္စ ပုဂ္ဂိုလ်တို့အား ထိုဘဝ၌ မဂ်ကို မရသ သူပြစ်အံ့၊ (အကြွင်းကို ဒုက္ခနှင့်မဂ္ဂ သန္နိဋ္ဌာန် သံသယ အတိုင်းအားလုံးတူပြီ။)

**ပစ္စနိက်ကြွင်း** "သုဒ္ဓါဝါသာနံဒုတိယေစိတ္တေဝတ္တမာနေ, အသညသတ္တာနံ တေသံ တတ္ထ" ထုတ်။

**အရကောက်** သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင်ဟု ဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် သမုဒယသစ္စာ, မဂ္ဂသစ္စာ ဖြစ်ဘူးပြီးသည်ကို။ [ပ] ပဋိသန္ဓေ ဘဝင် (၁၅) ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပထမဇော၊ ဤ (၁၇) ချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ (၅) ဘုံ။ အသညသတ်ကောက်မြ၊

ဝိဘင်းထုတ်ရာ၌ ဉာဏ်အမြင်သန့်ရှင်းစေရန် သုဒ္ဓါဝါသကို (၄) ပိုင်းခွဲပြထားသည်။

| သုဒ္ဓါဝါသ,ပဋိ | ပဌမဘွင်,ဒုဘွင်စသည် ၁၅,မနော၊ပဓော | ဒုဓောအရဟတ္တမဂ် | ဖိုလ် - စုတိ |
|---|---|---|---|
| ၁/မ | ၂/ဒုက္ခ | ၃/ ဒု - သ | ၄/ဒု၊ သ၊ မ |

အထက်ဇယားပါ သုဒ္ဓါဝါသ (၄) ပိုင်းကို ဝိဘင်းထုတ်ပုံ

(၁) ကို "သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ" ထုတ်။ အားလုံး မှ မူလီတို့၏ ပစ္စနိက်။
ဒုက္ခမူ - သမုဒယ မူလီ၌ (၂) ကို "သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ"၊ (တစ်ဘက်ရ)
(၃,၄) ကို "ဣတရေသံ စတုဝေါကာရာနံ, ပဉ္စဝေါကာရာနံ" (နှစ်ဘက်ရထုတ်)
ဒုက္ခမူ-မဂ္ဂမူလီ၌ (၂) ကို သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ၊ (၃) ကို အနဘိသမေတာဝီနံ (တစ်ဘက်ရထုတ်) (၄) ကို အဘိသမေတာ ဝီနံ (နှစ်ဘက်ရထုတ်)၊
သမုဒယမူ, မဂ္ဂမူလီ၌ (၃) ကို သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ, အနဘိ သမေတာဝီနံ (တစ်ဘက်ရထုတ်) (၄) ကို အဘိသမေတာဝီနံ နှစ်ဘက်ရထုတ်။

အတီတပုဂ္ဂလောကာသဝါရ ဇယား

| ဒုက္ခမူ-သမုဒယမူလီ | ယဿယတ္ထ, ဒု ဥပ္ပဇ္ဇိတ္ထ | တဿ တတ္ထ, မှ ဥပ္ပဇ္ဇိတ္ထာတိ | ဝါပန ယတ္ထ, မှ ဥပ္ပဇ္ဇိတ္ထ | တဿ တတ္ထ, ဒု ဥပ္ပဇ္ဇိတ္ထာတိ |
|---|---|---|---|---|
| သုဒ္ဓါဝါသာနံဒုတိယေစိတ္တေ ဝတ္တမာနေ,အသညသတ္တာနံ တေသံတတ္ထ | ။ | နော စ ။ | | |
| ဣတရေသံ စတုဝေါ ကာရာနံ ပဉ္စဝေါရာနံ တေသံတတ္ထ | ။ ဥ | ။ ဥ | = | = |
| ပစ္စနိက်ကြွင်း:- သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ | | | | |

| ဒုက္ခမူ-မဂ္ဂမူလိ | ယဿ ယတ္ထ, ဒု ဥပ္ပဇ္ဇိတ္ထ | တဿ တတ္ထ,မဂ္ဂ ဥပ္ပဇ္ဇိတ္ထာတိ | ဝါပန ယတ္ထ,မဂ္ဂ ဥပ္ပဇ္ဇိတ္ထ | တဿ တတ္ထ, ဒု ဥပ္ပဇ္ဇိတ္ထာတိ |
|---|---|---|---|---|
| သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ၊ အနဘိသမေတာဝီနံ အသညသတ္တာနံ တေသံတတ္ထ | ။ | နောစ ။ | | |
| အဘိသမေတာဝီနံ တေသံတတ္ထ | ။ ဋ္ဌ | ။ ဋ္ဌ | = | = |
| ပစ္စနိက်ကြွင်း - သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။ | | | | |
| သမုဒယမူ-မဂ္ဂမူလိ | ယဿ ယတ္ထ, မု ဥပ္ပဇ္ဇိတ္ထ | တဿ တတ္ထ,မဂ္ဂ ဥပ္ပဇ္ဇိတ္ထာတိ | ဝါပန ယတ္ထ,မဂ္ဂ ဥပ္ပဇ္ဇိတ္ထ | တဿ တတ္ထ, မု ဥပ္ပဇ္ဇိတ္ထာတိ |
| သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေစိတ္တေဝတ္တမာနေ အနဘိသမေတာဝီနံ တေသံတတ္ထ | ။ | နောစ ။ | | |
| အဘိသမေတာဝီနံ တေသံတတ္ထ | ။ ဋ္ဌ | ။ ဋ္ဌ | = | = |
| ပစ္စနိက်ကြွင်း- သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ ဟေသံတတ္ထ။ | | | | |

**ဝိဘင်းအနက်ပေး**

၁။ ဒုတိယေ၊ နှစ်ခုမြောက်သော။ စိတ္တေ၊ ပဋိသန္ဓေနောင် ပထမဘဝင်စိတ်သည်။ ဝတ္တမာနေ၊ ဖြစ်လတ်သော်။ သုဒ္ဓါဝါသာနံ၊ သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားလည်းကောင်း။ အသညသတ္တာနံ၊ ကုန်သော။ တေသံ၊ တို့အားလည်းကောင်း။ တတ္ထ၊ ထိုသုဒ္ဓါဝါသဘုံ, အသညသတ်ဘုံ၌။

၂။ ဣတရေသံ၊ သုဒ္ဓါဝါသဘုံ၌ ဒုတိယစိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှ တစ်ပါးကုန်သော။

၃။ ဒုတိယေ၊ နှစ်ခုမြောက်သော။ အကုသလေ၊ အကုသိုလ်ဖြစ်သော။ စိတ္တေ၊ စိတ်သည်။

ဝတ္တမာနေ၊ ဖြစ်လတ်သော်။ သုဒ္ဓါဝါသာန်၊ ကုန်သော။ တေသံ၊ တို့အားလည်းကောင်း။
၄။ အနဘိသမေတာဝီနံ၊ သစ္စာလေးပါးကို သိဘူးပြီးသော အဖြစ်သို့ မရောက်ကုန်သေးသော။
၅။ အဘိသမေတာဝီနံ၊ သစ္စာလေးပါးတရားကို သိဘူးပြီးသော အဖြစ်သို့ ရောက်ကုန်ပြီးသော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။

**အတီတ ပုဂ္ဂလောကာသ ဝါရပြီး၏။**

---

## အနာဂတ ပုဂ္ဂလဝါရတရားမှုံ

၁။ မဂ်ကို မရလတ္တံ့သော, မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါး ဖြစ်လတ္တံ့ရာ၏။
၂။ တဏှာမခြားဘဲ မဂ် (၄) တန်ကို ရလတ္တံ့သောသူဖြစ်အံ့။ (အစမထင်သော သံသရာမှ စ၍ အဆုံးစွန်သော တဏှာ၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော) ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊
သောတာပန်ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင်သော [ပ]၊ ကျွတ်ထိုက်သော တိဟိတ် ပုထုဇဉ် သောတာပတ္တိ မဂ္ဂဋ္ဌာန်, သောတာပတ္တိ ဖလဋ္ဌာန်၊
သကဒါဂါမ် ဖြစ်ပြီးမှ တဏှာခြားမှုကား[ပ]၊ ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်, အောက်မဂ် (၂) အောက်ဖိုလ် (၂)၊
အနာဂါမ် ဖြစ်ပြီးမှ [ပ]၊ ကျွတ်ထိုက်သော တိဟိတ် ပုထုဇဉ်, အောက်မဂ် (၃) အောက်ဖိုလ် (၃) တို့အား ဒုက္ခ, သမုဒယ, မဂ္ဂသစ္စာ (၃) ပါး ဖြစ်လတ္တံ့ရာ၏။
၃။ တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့။ (အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်၏ အနန္တရ ဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီ ဟုဆိုအပ်သော) ကျွတ်ထိုက်သော တိဟိတ် ပုထုဇဉ်, အောက်မဂ် (၃) ယောက်၊ အောက်ဖိုလ် (၃) ယောက်၊ (၇) ယောက်။
သောတာပန် ဖြစ်ပြီးမှ တဏှာခြားမှုကား [ပ]၊ သောဖိုလ်, အလယ်မဂ် (၂) ယောက်၊ အလယ်ဖိုလ် (၂) ယောက်၊ (၅) ယောက်။
သကဒါဂါမ်ဖြစ်ပြီးမှ တဏှာခြားမှုကား [ပ]၊ သကဖိုလ်,အနာဂါမိမဂ်,အနာဂါမိဖိုလ်,(၃) ယောက်
အနာဂါမ် ဖြစ်ပြီးမှ တဏှာခြားမှုကား [ပ]၊ အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ, မဂ္ဂသစ္စာ (၂) ပါး ဖြစ်လတ္တံ့ရာ၏။
၄။ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်စိတ်၏ ခဏတ္တယ သမင်္ဂီ ဟုဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဒုက္ခ, မဂ္ဂသစ္စာ (၂) ပါး ဖြစ်လတ္တံ့ရာ၏။

၅။ အရဟတ္တမဂ်၏ ခဏတ္တယ သမင်္ဂီ ဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာ တစ်ပါးသာ ဖြစ်လတ္တံ့ရ၏။

၆။ အရဟတ္တ မဂ္ဂါနန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရ တိုင်အောင် [ပ]၊ အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်အား ဒုက္ခသစ္စာ (၁) ပါးသာဖြစ်လတ္တံ့ရ၏။

၇။ ပစ္ဆိမ စိတ္တ သမင်္ဂီ ပုဂ္ဂိုလ်အား သစ္စာ (၃) ပါး ဖြစ်လတ္တံ့ မရ။

### ပုဂ္ဂလဝါရ တရားပုံပြီး၏။

---

### ဝိဘင်းထုတ် အရကောက်

၁။ ဒုက္ခမူ သမုဒယမူလိဋ္ဌ (၅) ကို အဂ္ဂမဂ္ဂ သမင်္ဂီနံ။ (၆) ကို အရဟန္တာနံ။ (၄,၃) ကို "ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိ လဘိဿန္တိ တေသံ" ဟု တစ်ဘက်ရထုတ်။ (၂,၁) ကို "ဣတရေသံ တေသံ" ဟု နှစ်ဘက်ရထုတ်။
ပဋိလောမ အာမန္တာ ထုတ်။

**အနက်ပေး -** အဂ္ဂမဂ္ဂသမင်္ဂီနံ၊ အရဟတ္တမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အား လည်းကောင်း။ အရဟန္တာနံ တို့အားလည်းကောင်း။ ယဿ စိတ္တဿ၊ အကြင် ဝေါဒါန်စိတ်၏။ အန္တရာ၊ အခြားမဲ့၌။ အဂ္ဂမဂ္ဂံ၊ အရဟတ္တမဂ်ကို။ ပဋိလဘိဿန္တိ၊ ရကုန်လတ္တံ့။ တေန၊ ထို ဝေါဒါန်စိတ်နှင့် ။ သမင်္ဂီနံ၊ ပြည့်စုံကုန်သော။ တေသံ၊ ထို ပုဂ္ဂိုလ်တို့အား လည်းကောင်း။

**အရကောက်-** (၅,၆) အပုံအတိုင်း ကောက်ပြီး (၄,၃) ကောက်ပါ။ တစ်ဘက်ရ။ နှစ်ဘက်ရ(၂,၁) ကို ကောက်ပါ။ သံသယ လည်းကောင်းရ၏။ ပဋိလောမလည်း- လည်းကောင်းရ၏။

**ပစ္စနိက်ကြွင်း-**(၇) ကို ပစ္ဆိမ စိတ္တ သမင်္ဂီနံ တေသံ။ တိဟိတ်စုတိ တေရသ [ပ]၊ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။

၂။ ဒုက္ခမူ မဂ္ဂမူလိဋ္ဌ (၅) ကို အဂ္ဂမဂ္ဂ သမင်္ဂီနံ။ (၆) ကို အရဟန္တာနံ။ (၁) ကို "ယေစ ပုထုဇ္ဇနာ မဂ္ဂံ န ပဋိလဘိဿန္တိ တေသံ" တစ်ဘက်ရထုတ်ပါ။ (၄) ကို ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ။ (၂,၃) ကို "ယေစညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ" (နှစ်ဘက်ရထုတ်)
ပဋိလောမ,အာမန္တာ - ထုတ်။

**အနက်ပေး** ယေစ ပုထုဇ္ဇနာ၊ အကြင်ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ မဂ္ဂံ၊ မဂ်ကို။

နပဋိလဘိဿန္တိ၊ မရကုန်လတ္တံ့။ အညေ၊ ဝေါဒါန်စိတ်၏ ခဏတ္တယသမင်္ဂီမှ တပါးကုန်သော။ ယေစ၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း။ မဂ္ဂံ၊ မဂ်ကို။ ပဋိလဘိဿန္တိ၊ ရကုန်လတ္တံ့။ တေသံ၊ တို့အား။

**အရကောက်** (၄,၆,၁) ကို အပုံအတိုင်းကောက်။ (တစ်ဘက်ရ။) (၄) ကိုအပုံအတိုင်း (၂,၃) ကို အစမထင်သော သံသရာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင်။ [ပ] ကျွတ်ထိုက်သော ပုထုဇဉ် အောက်မဂ်သုံးယောက် အောက်ဖိုလ် သုံးယောက် လည်းရ၏။ (နှစ်ဘက်ရ)။ သံသယ- နောက်သာရ၏။ ပဋိလောမလည်း, လည်းကောင်းနောက်သာရ၏။

**ပစ္စနိက်** သမုဒယမူလ် - နှင့်တူပြီ။

၃။ သမုဒယမူ မဂ္ဂမူလ်၌ (၁) ကို "ယေ ပုထုဇ္ဇနာ မဂ္ဂံ နပဋိလဘိဿန္တိ တေသံ"(တစ်ဘက်ရ)။ (၂) ကို "ယေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ"။ (နှစ်ဘက်ရ)။ ပဋိလောမ၌ - (၄) ကို "ယဿ စိတ္တဿ အနန္တရာ အဂ္ဂ မဂ္ဂံ ပဋိလဘိဿန္တိတေသံ" (တစ်ဘက်ရ)။ (၂) ကို " ယေ စညေ မဂ္ဂံ ပဋိလဘိဿန္တိတေသံ " (နှစ်ဘက်ရ)။

**အရကောက်** (၁)ကို အပုံအတိုင်းကောက်။ (တစ်ဘက်ရ)။ (၂)ကို အပုံအတိုင်းကောက် (နှစ်ဘက်ရ)။ ပဋိလောမ၌ (၄)ကို ကောက်ပြီး။ (၃)ကို အပုံအတိုင်းရ၏။ အနုလောမ သံသယလည်းရ၏။

**ပစ္စနိက်ကြွင်း** (၅)ကို အဂ္ဂ မဂ္ဂ သမင်္ဂီနံ။ (၆,၇)ကို အရဟန္တာနံ တေသံ။

**အရကောက်** (၅) ကို အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် (၆,၇) ကို အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်။ [ပ] အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။

ပုဂ္ဂလဝါရပြီး၏။ ဩကာသလွယ်ပြီ။

**အနာဂတ ပုဂ္ဂလဝါရ ဇယား**

| ဒုက္ခမူ- သမုဒယမူလီ | ယဿ ဒုက္ခ သစ္စံ,ဥပ္ပဇ္ဇိဿတိ | တဿ သမုဒယ သစ္စံ,ဥပ္ပဇ္ဇိဿတီတိ | ဝါပန,သမုဒယ သစ္စံ,ဥပ္ပဇ္ဇိဿတိ | တဿ ဒုက္ခ သစ္စံ,ဥပ္ပဇ္ဇိဿတီတိ |
|---|---|---|---|---|
| ၅, အဂ္ဂမဂ္ဂသမင်္ဂီနံ<br>၆, အရဟန္တာနံ<br>၄,၃ ယဿစိတ္တဿအနန္တ ရာ,<br>အဂ္ဂမဂ္ဂံပဋိလဘိဿန္တိတေသံ<br>၄,၃ ကောက် | ။ | နော၀ ။ | | |
| ဣတရေသံ တေသံ၊<br>(၂,၁) ကောက် | ။ ဋ္ဌ | ။ ဋ္ဌ | = | = |

**နိက်ကြွင်း-** (၇)ပစ္ဆိမ စိတ္တ သမင်္ဂီနံ တေသံ - (၇) ကောက်ပါ။

| ဒုက္ခမူ- မဂ္ဂမူလီ | ယဿ ဒုက္ခ သစ္စံ,ဥပ္ပဇ္ဇိဿတိ | တဿ မဂ္ဂ သစ္စံ,ဥပ္ပဇ္ဇိဿတီတိ | ဝါပန မဂ္ဂ သစ္စံ,ဥပ္ပဇ္ဇိဿတိ | တဿ ဒုက္ခ သစ္စံ,ဥပ္ပဇ္ဇိဿတီတိ |
|---|---|---|---|---|
| ၅, အဂ္ဂမဂ္ဂသမင်္ဂီနံ<br>၆, အရဟန္တာနံ<br>၁, ယေစပုထုဇ္ဇနာမဂ္ဂံ<br>နပဋိလဘိဿန္တိတေသံ | ။ | နော၀ ။ | | |
| ၄, ယဿစိတ္တဿအနန္တ ရာ<br>အဂ္ဂမဂ္ဂံပဋိလဘိဿန္တိ<br>၂,၃ ယေစညေမဂ္ဂံပဋိ<br>လဘိဿန္တိတေသံ | ။ ဋ္ဌ | ။ ဋ္ဌ | = | = |

**နိက်ကြွင်း** (၇) ပစ္ဆိမ စိတ္တ သမင်္ဂီနံ တေသံ - (တိဟိတ်စုတိကောက်) ။

## အနာဂတ ပုဂ္ဂလဝါရ

| သမုဒယမူ - မဂ္ဂမူလ် | ယဿ သမုဒယ သစ္စံ,ဥပ္ပဇ္ဇိဿတိ | တဿ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတိတိ | ဝါပန မဂ္ဂ သစ္စံ,ဥပ္ပဇ္ဇိဿတိ | တဿ သမုဒယ သစ္စံ,ဥပ္ပဇ္ဇိဿတိတိ |
|---|---|---|---|---|
| ၁, ယေစပုထုဇ္ဇနာမဂ္ဂံ နပဋိလဘိဿန္တိတေသံ | ။ | နောစ ။ | | |
| ၂, ယေမဂ္ဂံပဋိလဘိဿန္တိတေသံ | ။ ဋ | ။ ဋ | ။ ဋ | ။ ဋ |
| ၄, ယဿစိတ္တဿအနန္တရာ အဂ္ဂမဂ္ဂံပဋိလဘိဿန္တိတေသံ | | | ။ | နောစ ။ |

**နိက်ကြွင်း:** (၂) အဂ္ဂ မဂ္ဂ သမင်္ဂီနံ။ (၆,၇) အရဟန္တာနံ တေသံ။
**အမှာ** ဝိဘင်းထုတ် အရကောက် ပြရုံဖြင့် သိလောက်သော်လည်း စာသင်သားများ အမှုယ်ဟကူလေ့လာနိုင်ရန် ဇယားဖြင့် ထပ်မံပြထားသည်။

### အနာဂတ ပုဂ္ဂလောကာသ တရေးပုံ

၁။ ပုဂ္ဂလောကာသဝါရ၌- ပဌမဘာဝိက၊ ဖြစ်ပြန်ကောင်း။ မဖြစ်ပြန်ကောင်းဟု (၃) ပါးအပြားရှိ၏။ ထိုတွင် ပဌမဘာဝိက၏ အပုံသည် ပုဂ္ဂလဝါရအပုံ၌ ဘုံသတ်ရုံသာ ထူး၏။
ဖြစ်ပြန်ကောင်း: စတု ပဉ္စ ပုဂ္ဂိုလ်ဖြစ်အံ့ ပဋိမှစ၍ ရုတိတိုင်အောင်။ [ပ] သော မကျွတ်ထိုက်၊ ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ် (၃)ယောက်၊ အောက်ဖလ (၃) ယောက်တို့အား စတု (၄) ဘုံ၊ သုဒ္ဓါဝါသ်ကြဉ်ပဉ္စ (၂၁) ဘုံ၌ ဒုက္ခ,သမုဒယ,မဂ္ဂသစ္စာ (၃) ပါးဖြစ်လတ္တံ့ရ၏။
မိမိ ဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော စတု ပဉ္စ ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇော ဇောမည့်သူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သောမဂ်၏ အနန္တရတိုင်အောင် (ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော မကျွတ်ထိုက်၊ ကျွတ်ထိုက်သော ပုထုဇဉ် အောက်မဂ် [၃]၊ အောက်ဖလ [၃] ယောက်တို့အား စတု[၄] ဘုံ၊ အကနိဋ္ဌကြဉ် ပဉ္စ [၂၅] ဘုံ၌) ဒုက္ခ သမုဒယ မဂ္ဂသစ္စာ (၃) ပါးဖြစ်လတ္တံ့ရ၏။
၂။ အဆုံးစွန်သော မဂ်မှစ၍ မရဏာသန္န စတုတ္ထဇော တိုင်အောင်။ [ပ] (၂၅) ဘုံ၌ ဒုက္ခ, သမုဒယ သစ္စာ (၂) ပါးဖြစ်လတ္တံ့ရ၏။
၃။ မရဏာသန္န ပဉ္စမဇော မှစ၍ စုတိ၏အနန္တရတိုင်အောင်။ [ပ] (၂၅) ဘုံ၌ ဒုက္ခသစ္စာ တစ်ပါးသာဖြစ်လတ္တံ့ရ၏။
၁။ မရဏာသန္နဇောသည် ဒေါသမူ, မောဟမူ, မဟာကုသိုလ်ဇော ဇောမည့်သူ ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင်။ [ပ] (၂၅) ဘုံ၌ ဒုက္ခ,သမုဒယ,မဂ္ဂသစ္စာ (၃) ပါး ဖြစ်လတ္တံ့ရ၏။

၂။ အဆုံးစွန်သော တဏှာမှစ၍မဂ်၏ ရေးဂေါတြဘူ၊ ဝေါဒါန် တိုင်အောင်။ [ပ] (၂၅) ဘုံ၌ ဒုက္ခသစ္စာ မဂ္ဂသစ္စာ (၂) ပါးဖြစ်လတ္တံ့ရ၏။

၃။ အဆုံးစွန်သော မဂ်မှစ၍ စုတိ၏ အနန္တရတိုင်အောင်။ [ပ] (၂၅) ဘုံ၌ ဒုက္ခသစ္စာ (၁) ပါးသာ ဖြစ်လတ္တံ့ရ၏။

၄။ စုတိစိတ်၏ ခဏာတ္တယသမံဂီ ပုဂ္ဂိုလ်တို့အား သစ္စာ (၃) ပါးဖြစ်လတ္တံ့မရ။

၁။ မိမိ ဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အပါယ်ပုဂ္ဂိုလ်ဖြစ်အံ့ ပဋိမှစ၍ စုတိတိုင်အောင်။ [ပ] သော ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ် (၄) ဘုံ၌ ဒုက္ခ,သမုဒယသစ္စာ (၂) ပါး ဖြစ်လတ္တံ့ရ၏။

၂။ မဖြစ်ပြန်ကောင်းသော အပါယ်ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့၊ ပဋိမှ စ၍ စတုတ္ထဇော တိုင်အောင်။ ဒေါ,မော,မဟာကု ဖြစ်အံ့ ပဋိမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင်။ [ပ] အပါယ် (၄) ဘုံ၌ ဒုက္ခ,သမုဒယသစ္စာ (၂) ပါးဖြစ်လတ္တံ့ရ၏။

၃။ မဖြစ်ပြန်ကောင်းသော အပါယ်ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘမူဖြစ်အံ့၊ ပဉ္စမဇောမှစ၍ စုတိတိုင်အောင် ဒေါ,မော,မဟာကုသိုလ် ဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ စုတိတိုင်အောင်။ [ပ] အပါယ် (၄) ဘုံ၌ ဒုက္ခသစ္စာ (၁) ပါးသာဖြစ်လတ္တံ့ရ၏။

၁။ မိမိ ဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော အသညသတ် ပုဂ္ဂိုလ်ဘုံ၌ ဒုက္ခသစ္စာတစ်ပါး သာဖြစ်လတ္တံ့ရ၏။

၂။ မဖြစ်ပြန်ကောင်းသော အသညသတ် ပုဂ္ဂိုလ်ဘုံ၌ သစ္စာ (၃) ပါး ဖြစ်လတ္တံ့မရ။

**အနာဂတ ပုဂ္ဂလောကာသ ဇယား**

| ဒုက္ခမူ- သမုဒယမူလီ | ယဿယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတိ | တဿတတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတီတိ | ဝါပနယတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတိ | တဿတတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတီတိ |
|---|---|---|---|---|
| ၅, အဂ္ဂမဂ္ဂသမံဂီနံ- ၆, အရဟန္တာနံ ၄, ယဿစိတ္တဿအနန္တရာ အဂ္ဂမဂ္ဂံပဋိလဘိဿန္တိ အသညသတ္တာနံတေသံတတ္ထ | ။ | နောစ ။ | | |
| ဣတရေသံစတုဝေါကာရာနံ ပဉ္စဝေါကာရာနံတေသံတတ္ထ | ။ ဋ္ဌ | ။ ဋ္ဌ | = | = |

**ပစ္စနိက်** ပစ္ဆိမ စိတ္တ သမံဂီနံ တေသံ တတ္ထ။

**အရကောက်** ဒုနလောမအရကား - (၅,၆,၄,၃) တို့ကို ပုဂ္ဂလအတိုင်း ကောက်ပြီး၊ ဤ ပုဂ္ဂိုလ်တို့အား စဟုဝေါကာရ (၄) ဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ (၂၂) ဘုံ။ မဖြစ်ပြန်ကောင်း– လောဘမူဇော (၃)၊ ဒေါသမူစသည် ဇော (၂,၃)၊ ပေ.င်းကောက်ပြီး ဆိုအပ်သော ကျွတ်ထိုက်,မကျွတ်ထိုက်သော ပုထုဇဉ်အောက်မဂ် (၃) ယောက်၊ အောက်ဖလ (၃) ယောက် တို့အား စတု (၄) ဘုံ အကနိဋ္ဌကြဉ် ပဉ္စ (၂၅) ဘုံ၊ ဖြစ်ပြန်ကောင်း အသညသတ် ပုဂ္ဂိုလ်ဘုံရ၏။ နှစ်ဘက်ရ ပုဂ္ဂလ (၂) ကိုကြည့်ပြီး တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သော သူဖြစ်အံ့၊ (အစမထင်သောသံသရာမှစ၍ အစား) ပဋိသန္ဓေမှစ၍ ဆိုပါ။ အားလုံးကောက်ပြီး၊ ဤပုဂ္ဂိုလ်တို့အား စတု (၄) ဘုံ၊ အပါယ်ကြဉ် ပဉ္စ (၂၁) ဘုံ၊ မဖြစ်ပြန်ကောင်း လောဘဇောဖြစ်အံ့ (၁,၂) ပေါင်းကောက်။ ဒေါသဇော စသည်ဖြစ်အံ့ (၁) ကောက်ပြီး ဆိုအပ်သော မကျွတ်ထိုက်,ကျွတ်ထိုက်သော ပုထုဇဉ် အောက်မဂ် (၃)ယောက်၊ အောက်ဖလ (၃) ယောက်တို့အား စတု (၄) ဘုံ၊ အကနိဋ္ဌကြဉ်ပဉ္စ (၂၅) ဘုံ၊ ဖြစ်ပြန်ကောင်း (၁) ကောက်ပြီး မကျွတ်ထိုက် ကျွတ်ထိုက်သော ပုထုဇဉ် အောက်မဂ် (၃) ယောက်၊ အောက်ဖလ (၃) ယောက်တို့အား စတု (၄) ဘုံ၊ သုဒ္ဓါကြဉ် ပဉ္စ (၂၁) ဘုံလည်းရ၏။ သံသယကား နောက်သာရ၏။ ပဋိလောမလည်း, လည်းကောင်းနောက်သာ ရ၏။

**ပစ္စနိက်ကောက်** တိဟိတ်စုတိ တေရသ-။ [ပ] အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား စတု (၄) ဘုံ၊ အပါယ်ကြဉ်ပဉ္စ (၂၂) ဘုံ၊ (ဤကားအစစ်တည်း) စုတိစိတ် ကေနဝိသ။ [၎] မကျွတ်ထိုက် ကျွတ်ထိုက်သော ပုထု (၄) ယောက်၊ အောက်ဖလ (၃) ယောက်တို့အား စတု (၄) ဘုံ အကနိဋ္ဌကြဉ်သောပဉ္စ (၂၅) ဘုံ၊ မဖြစ်ပြန်ကောင်း အသညသတ်ပုဂ္ဂိုလ်ဘုံရ၏။

**မှတ်ချက်** အနာဂတ ပုဂ္ဂလောကာသဝါရ၌ ဝိဘင်းထုတ် အရကောက်အားလုံး ပုဂ္ဂလဝါရနှင့် တူ၏။ ဘုံသတ်ရုံသာထူး၏။ ပုဂ္ဂလဝါရ ကြေညက်နေပါက ပုဂ္ဂလောကာသ လွယ်ကူပါလိမ့်မည်။ ရှေးဦးစွာ ပုဂ္ဂလဝါရကို ကျွမ်းကျင်အောင် လေ့လာပြီးမှ ပုဂ္ဂလောကာသဝါရကို လေ့လာပါ။ ပုဂ္ဂလောကာသဝါရဟူရားပုံ ကြေညက်မှသာ ဘုံသတ်ရာ၌ လွယ်ကူပါမည်။

## အနာဂတပုဂ္ဂလောကာသဝါရ

| ဒုက္ခမူ- မဂ္ဂမူလိ | ယဿယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတိ | တဿတတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတီတိ | ဝါပနယတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတိ | တဿတတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇိဿတီတိ |
|---|---|---|---|---|
| ၅, အဂ္ဂမဂ္ဂသမင်္ဂီနံ၊<br>၆, အရဟန္တာနံ၊<br>၁, ယေစပုထုဇ္ဇနာမဂ္ဂံ နပဋိ လဘိဿန္တိ အပါယိကာနံ အသညသတ္တာနံတေသံတတ္ထ | ။ | နောစ ။ | | |
| ၄, ယဿစိတ္တဿအနန္တ ရာအဂ္ဂ မဂ္ဂံပဋိလဘိဿန္တိ<br>၂,၃ ယေစညေမဂ္ဂံပဋိ လဘိဿန္တိတေသံတတ္ထ | ။ ဋ္ဌ | ။ ဋ္ဌ | = | = |

**ပစ္စနိက်ကြွင်း** ပစ္ဆိမ စိတ္တ သမင်္ဂီနံတေသံ တတ္ထ။

**အနုလောမကောက်** ပုဂ္ဂလ (၅,၆) ကောက်ပြီး - ဘုံသတ်ပါ။ (၁)ကို မိမိဖြစ်ခိုက်သော ဘုံ၌ မဂ်ကို မရလတ္တံ့သော ပုဂ္ဂိုလ် တို့တွင် ဤဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ ပဋိမှစ၍ စုတိတိုင်အောင်။ မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ (လောဘဇောစသည်မဆိုဘဲ ၁-၂-၃ ပေါင်းပြီး) ပဋိမှ စုတိအနန္တရ တိုင်အောင် ဖြစ်ထိုက်သော။ [ပ] သော မကျွတ်ထိုက် ကျွတ်ထိုက်သော သုဂတိအဟိတ် ဒွိဟိတ်,တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား စတု (၄) ဘုံ၊ ကာမသုဂတိ (၇) ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ (၁၀) ဘုံ၊ (ဤကား ယေစ၊ ပုထုဇ္ဇနာ အစစ်) အတုကား ကျယ်လွန်း၍ မကောက်ပြီ။

(အပါယိကာနံ) မိမိ ဖြစ်ခိုက်သော ဘုံ၌ နောင်ဖြစ်ပြန်ကောင်း ပဋိမှ စုတိတိုင်အောင် မဖြစ်ပြန်ကောင်း (၁,၂) ပေါင်းပြီး ပဋိမှ စုတိအနန္တ ရတိုင်အောင်။ [ပ] သော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်အား အပါယ် (၄) ဘုံ၊ ဖြစ်ပြန်ကောင်း အသညသတ်ပုဂ္ဂိုလ်ဘုံရ၏။

နှစ်ဘက်ရ - (၄) ကောက်ပြီး ဘုံသတ်။ (၃)ကို ပုဂ္ဂလောကာသဖြစ်၍ ချဲ့ကောက်ထားသည်။ မိမိ ဖြစ်နိုက်သောဘုံ၌ ဤဘဝမဂ်ကိုမရမူ၍ နောင်ဘဝမှ ရလတ္တံ့သောသူ ဖြစ်သော်လည်း ကောင်း၊ ဤဘဝ အောက်မဂ်ကိုသာရ၍ နောင်ဘဝမှ အထက်မဂ်ကို ရလတ္တံ့သောသူ ဖြစ်သော်လည်းကောင်း၊ ပဋိမှ စုတိတိုင်အောင်။ [ပ] သော သု,ဒွိ,တိ,ပု အောက်မဂ် (၃) ယောက်၊ အောက်ဖလ (၃) ယောက်တို့အား စတု (၄) ဘုံ၊ ကာမသုဂတိ (၇) ဘုံ၊ ရူပ (၁၀) ဘုံ၊ မိမိ ဖြစ်နိုက်သောဘုံ၌ ဤဘဝမဂ်ကိုရလတ္တံ့သောသူဖြစ်အံ့ ပဋိမှစ၍ အဆုံးစွန်သော မဂ်၏ ရှေးဝေါ်ကြဘူ, ဝေါဒါန် အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံ တိုင်အောင်။ [ပ] ကျွတ်ထိုက်သော တိပု၊ အောက်မဂ် (၃) ယောက်၊ အောက်ဖလ (၃)ယောက် တို့အား စတု (၄) ဘုံ၊ အပါယ်ကြဉ် ပဉ္စဝေါကာရ (၂၁) ဘုံလည်းရ၏။ သံသယနောက်သာရ၏။ ပဋိလောမလည်း လည်းကောင်းနောက်သာရ၏။

ပန္တိက်ကား ဒုက္ခနှင့် သမုဒယ အတိုင်း ကောက်လေ။

**အနာဂတပုဂ္ဂလောကာသ**

**သမုဒယမူ- မဂ္ဂမူလိ**

| သမုဒယမူ- မဂ္ဂမူလိ | ယဿယတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတိ | တဿတတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတီတိ | ဝါပနယတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇိဿတိ | တဿတတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇိဿတီတိ |
|---|---|---|---|---|
| အပါယိကာနံ၊ ယေစပုထုဇ္ဇနာမဂ္ဂံ နပဋိလဘိဿန္တိ တေသံတတ္ထ | ။ | နော စ ။ | | |
| ယေမဂ္ဂံပဋိလဘိဿန္တိ တေသံတတ္ထ | ။ ဉ | ။ ဉ | ။ ဉ | ။ ဉ |
| ယဿစိတ္တဿအနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ၊ ယေစညေမဂ္ဂံပဋိလဘိဿန္တိ တေသံတတ္ထ | | | ။ | နော စ ။ |

ပန္တိက် အဂ္ဂ မဂ္ဂ သမင်္ဂီနံ အရဟန္တာနံ အသညသတ္တာနံ တေသံ တတ္ထ။

**အနုလောမအရကား** အပါယိက (၁,၂) ဖြစ်ပြန်ကောင်း ဖြစ်အံ့၊ ပဋိမှ စုတိတိုင်အောင်၊ မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့ ပဋိမှ စတုတ္ထဇောတိုင်အောင်၊

ဒေါသဇော စသည်ဖြစ်အံ့၊ ပဋိမှအဆုံးစွန်သော တဇျာ၏ အနန္တရတိုင်မောင်။ [ပ] သော ဒုဂ္ဂတိပုထုဇဉ်ပုဂ္ဂိုလ်တို့အား အပါယ် (၄) ဘုံ၊ မိမိဖြစ်ခိုက်သော ဘုံ၌ မဂ်ကို မရလတ္တံ့သော ပုဂ္ဂိုလ်တို့တွင် ဖြစ်ပြန်ကောင်း ပဋိမှစုတိ။ မဖြစ်ပြန်ကောင်း လောဘဇော (၁,၂) ပေါင်းကောက်။ ဒေါသဇောစသည် (၁) ကောက်။ မကျွတ်ထိုက်,ကျွတ်ထိုက် သော သု, ဒွိ,တိ,ပု တို့အား စတု (၄) ဘုံ၊ ကာမသုဂတိ (၇) ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ (၁၀) ဘုံ စသည်ကောက်လေ။

**နှစ်ဘက်ရ** မိမိဖြစ်ခိုက်သောဘုံ၌ ဤဘဝမဂ်ကိုမရမူ၍၊ နောင်ဘဝမှ ရလတ္တံ့သော သူဖြစ်သော်လည်းကောင်း၊ဤဘဝအောက်မဂ်ကိုသာရ၍ နောင်ဘဝမှ အထက်မဂ်ကို ရလတ္တံ့သောသူ ဖြစ်သော်လည်းကောင်း၊ ပဋိမှ စုတိတိုင်အောင်။ [ပ] ကျွတ်ထိုက်သော သု,ဒွိ,တိ, ပုထုဇဉ်အောက်မဂ် (၃) ယောက်၊ အောက်ဖလ (၃) ယောက် တို့အား စတု (၄) ဘုံ၊ ကာမသု (၇) ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် သော ရူပ (၁၀) ဘုံ စသည် အကျယ်ကောက်ရ၏။ သံသယလည်း နောက်သာရ၏။ ပဋိလောမ ပုဂ္ဂလ (၃) ကို ကောက်ပြီး၊ မိမိဖြစ်ခိုက် သောဘုံ၌ ဤဘဝသာ မဂ်ကိုရလတ္တံ့ ဤဘုံ၌ မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့အား မဂ်ရပြီးမှ တဇျာဥပါဒ်သ သူဖြစ်အံ့ အဆုံးစွန် တဇျာမှစ၍ အဆုံးစွန် မဂ်၏ရှေး ဂေါတြဘူ,ဝေါဒါန် အရဟတ္တမဂ်၏ရှေး ဝေါဒါန်၏အနန္တရ ဖြစ်သော အနုလုံတိုင်အောင်။ [ပ] သော ကျွတ်ထိုက်သော တိ,ပု အောက်မဂ် (၃)၊ အောက်ဖလ (၃) ယောက်တို့အား စတု (၄) ဘုံ၊ အပါယ်ကြဉ်ပဉ္စ (၂၁) ဘုံရ၏။ ယခင်သံသယလည်းရ၏။

**ပစ္စနိက်ကား:** အဂ္ဂ မဂ္ဂ သမင်္ဂီနံ အရဟန္တာနံ အသညသတ္တာနံ တေသံ ဟတ္ထ။ အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သောအရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် အရဟတ္တ မဂ္ဂါနန္တရ ဖိုလ်မှ စ၍ ပစ္ဆိမစိတ်တိုင်အောင်။ [ပ] သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား စတု (၄) ဘုံ၊ အပါယ်ကြဉ်ပဉ္စ (၂၁) ဘုံ၊ **အပါယိကာန်**၏ အကြွင်း **ယေဧ ပုထုဇ္ဇနာ** ၏အကြွင်း တို့ကို ( အရကောက်စာအုပ်ကြီးကြည့်လေ ) အသညသတ် ဥပပဇ္ဇန္တ စဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။

**အနာဂတပုဂ္ဂလောကာသဝါရပြီး၏**

# သစ္စ ယမက ပဝတ္တိဝါရ ပြီး၏။

# ၉။ ပရိညာဝါရ

## တရားပုံ

၁။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ခန္ဓာ (၅) ပါးကို ပိုင်းခြား၍ သိဆဲရ၏။
၂။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်သည် ခန္ဓာ (၅) ပါးကို ပိုင်းခြား၍ သိဘူးပြီရ၏။
၃။ ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် (၃) ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် (၃) ယောက် သည် ခန္ဓာ (၅) ပါးကို ပိုင်းခြား၍ သိလတ္တံ့ရ၏။

## ပရိညာဝါရ ယောကိုးစစ်

ပဝတ္တိဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပရိညာဝါရကို ဟော၊ ထိုသည်လည်း- ပစ္စုပ္ပန္နဝါရ အတီတဝါရ, အနာဂတဝါရ, ပစ္စုပ္ပန္နာတီတဝါရ, ပစ္စုပ္ပန္နာ နာဂတဝါရ, အတီတာနာဂတဝါရ အားဖြင့် (၆) ပါး။ ထိုတွင် - ပစ္စုပ္ပန္နဝါရဟော ထိုသည်လည်း အနုလုံ ပစ္စနိက် အားဖြင့် (၂) ပါး။ ထိုတွင် အနုလုံဟော။ ထိုသည်လည်း ရူပက္ခန္ဓမူ, ဝေဒနက္ခန္ဓမူ အစရှိသောအားဖြင့် (၄) ပါး။ ထိုတွင် - ရူပက္ခန္ဓမူဟော။ ထိုသည်လည်း ဝေဒနက္ခန္ဓမူလ် အစရှိသောအားဖြင့် (၄) ပါး။ ထိုတွင် - ဝေဒနက္ခန္ဓမူလ်ဟော။ ထိုသည်လည်း အနုလောမ ပဋိလောမ (၂) ပါး။ ထိုတွင် - အနုလောမဟော။ ထိုသည်လည်း ပုစ္ဆာ ဝိဿဇ္ဇနာ (၂) ပါး။ ထိုတွင် - ပုစ္ဆာဟော။ ထိုသည်လည်း သန္နိဋ္ဌာန် သံသယ - (၂) ပါး။ ထိုတွင် - သန္နိဋ္ဌာန်ဟော။ ဟောဟန်ကား။

### ပစ္စုပ္ပန္နဝါရ အနုလုံ

ယော ရူပက္ခန္ဓံ ပရိဇာနာတိ၊
သော ဝေဒနက္ခန္ဓံ ပရိဇာနာတီတိ။ (အာမန္တာ)
ယော ဝါပန ဝေဒနက္ခန္ဓံ ပရိဇာနာတိ၊
သော ရူပက္ခန္ဓံ ပရိဇာနာတီတိ။ (အာမန္တာ)

**အနက်ပေး:** ယော၊ သည်။ ရူပက္ခန္ဓံ၊ ကို။ ပရိဇာနာတိ၊ ပိုင်းခြား၍သိဆဲ။ သော၊ သည်။ ဝေဒနက္ခန္ဓံ၊ ကို။ ပရိဇာနာတိ၊ လော။ ဣ တိပုစ္ဆာယ၊ သည်။ သတိ၊ ရှိသော်။ အာမန္တာ၊ ရူပက္ခန္ဓာကို ပိုင်းခြား၍ သိဆဲသောပုဂ္ဂိုလ်သည်၊ ဝေဒနက္ခန္ဓာကို ပိုင်းခြား၍သိဆဲ။ ဣတိ ဝိဿဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။ ( ပေးလေ )

အနုလောမ ပုစ္ဆာသန္နိဋ္ဌာန်ပုဒ်၏ အရကား- အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ရ၏၊ သံသယလည်း လည်းကောင်း ရ၏။ ပဋိလောမလည်း, လည်းကောင်းရ၏။ (သညက္ခန္ဓာမူစသည်တူပြီ)

## ပစ္စနိက်

ယော ရူပက္ခန္ဓံ နပရိဇာနာတိ၊ သော ဝေဒနက္ခန္ဓံ နပရိဇာနာတီတိ။ (အာမန္တာ)
ယောဝါပန။ [ပ] (အာမန္တာ)

**အနက်ပေး:** နပရိဇာနာတိ၊ ပိုင်းခြား၍သိဆဲမဟုတ်။ အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏အရကား - ပုထုဇဉ်, အရဟတ္တမဂ္ဂဋ္ဌာန်ကြဉ်သော အရိယာ (၇) ယောက်ရ၏။ သံသယ လည်းကောင်း ရ၏။ ပဋိလောမလည်း, လည်းကောင်းရ၏။ (ဝေဒနက္ခန္ဓာမူစသည်တူပြီ)

**အမှာ** **ပရိညာဟူသည် အထွတ်အမြတ်ကိုသာ ဟောသောကြောင့် ပရိဇာနာတိ အရ, အရဟတ္တမဂ္ဂဋ္ဌာန်ကိုသာ ဟောတော်မူသည်။**

## အတီတဝါရ အနုလုံ

ယော ရူပက္ခန္ဓံ ပရိဇာနိတ္ထ၊ သော ဝေဒနက္ခန္ဓံ ပရိဇာနိတ္ထာတိ။ (အာမန္တာ) ယော ဝါပန (အာမန္တာ)။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ သံသယ လည်းကောင်းရ၏။ ပဋိလောမလည်း, လည်းကောင်းရ၏။

## အတီတဝါရ ပစ္စနိက်

ယော ရူပက္ခန္ဓံ နပရိဇာနိတ္ထ၊ သော ဝေဒနက္ခန္ဓံ နပရိဇာနိတ္ထာတိ။ (အာမန္တာ) ယော ဝါပန (အာမန္တာ)။ ပုထုဇဉ် အရဟတ္တဖလဋ္ဌာန်ကြဉ်သော အရိယာပုဂ္ဂိုလ် (၇) ယောက်ရ၏။ သံသယ လည်းကောင်းရ၏။ ပဋိလောမ လည်း, လည်းကောင်းရ၏။

## အနာဂတဝါရ အနုလုံ

ယော ရူပက္ခန္ဓံ ပရိဇာနိဿတိ၊ သော ဝေဒနက္ခန္ဓံ ပရိဇာနိဿတီတိ။ (အာမန္တာ) ယော ဝါပန (အာမန္တာ)။ ကျွတ်ထိုက်သော ပုထုဇဉ် အောက်မဂ် (၃) ယောက်၊ အောက်ဖလ (၃) ယောက် ရ၏။ သံသယ လည်းကောင်းရ၏။ ပဋိလောမလည်း, လည်းကောင်းရ၏။

## အနာဂတဝါရ ပစ္စနိက်

ယော ရူပက္ခန္ဓံ နပရိဇာနိဿတိ၊ သော ဝေဒနက္ခန္ဓံ နပရိဇာနိဿတီတိ၊ (အာမန္တာ) ယောဝါပန (အာမန္တာ)။ မကျွတ်ထိုက်သော ပုထုဇဉ်, အရဟတ္တ မဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။ သံသယ လည်းကောင်းရ၏။ ပဋိလောမလည်း, လည်းကောင်းရ၏။

### (ဝေဒနက္ခန္ဓာမူစသည်လည်းတူပြီ)

### ပစ္စုပ္ပန္နာတီတဝါရ အနုလုံ

ယော ရူပက္ခန္ဓံ ပရိဇာနာတိ၊ သော ဝေဒနက္ခန္ဓံ ပရိဇာနိတ္ထာတိ။ (နော)
ယော ဝါပန (နော) အနုလောမအရကား အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ရ၏။
**ပဋိလောမအရကား** အရဟတ္တဖလဋ္ဌာန်ရ၏။

### ပစ္စုပ္ပန္နာတီတဝါရ ပစ္စနိက်

| ရူပက္ခန္ဓာမူ, ဝေဒနက္ခန္ဓာ မူလီ | ယော ရူပက္ခန္ဓံ, နပရိဇာနာတိ | သော ဝေဒနက္ခန္ဓံ နပရိဇာနိတ္ထာတိ | ဝါပန ဝေဒနက္ခန္ဓံ နပရိဇာနိတ္ထ | သော ရူပက္ခန္ဓံ နပရိဇာနာတီတိ |
|---|---|---|---|---|
| အရဟာ | ။ | နော၈ ။ | | |
| အဂ္ဂမဂ္ဂသမင်္ဂီမှ အရဟာကြဉ်၄ပေတွာ အဝသေသာပုဂ္ဂလာ | ။ ၄ | ။ ၄ | ။ ၄ | ။ ၄ |
| အဂ္ဂမဂ္ဂသမင်္ဂီ | | | ။ | နော၈ ။ |

### ပစ္စုပ္ပန္နာနာဂတဝါရ အနုလုံ

ယော ရူပက္ခန္ဓံပရိဇာနာတိ၊ သော ဝေဒနက္ခန္ဓံ ပရိဇာနိဿတီတိ။ (နော)
ယော ဝါပန (နော)။ အနုလောမအရကား:- အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ သံသယမရှိ။
ပဋိလောမအရကား - ကျွတ်ထိုက်သော ပုထုဇဉ်, အောက်မဂ် (၃) ယောက်၊ အောက်ဖလ (၃) ယောက်ရ၏။ သံသယ - အရမရှိ။

**ပစ္စုပ္ပန္နာနာဂတ ပစ္စနိက်**

| ရူပက္ခန္ဓာမူ, ဝေဒနက္ခန္ဓာ မူလီ | ယော ရူပက္ခန္ဓံ နပရိဇာနာတိ | သော ဝေဒနက္ခန္ဓံ နပရိဇာနိဿတီတိ | ဝါပန ဝေဒနက္ခန္ဓံ နပရိဇာနိဿတိ | သော ရူပက္ခန္ဓံ နပရိဇာနာတီတိ |
|---|---|---|---|---|
| ယေမဂ္ဂံ ပဋိ လဘိဿန္တိတေ | ။ | နောစ ။ | | |
| အရဟာ ယေစပုထုဇ္ဇနာမဂ္ဂံ နပဋိလဘိဿန္တိတေ | ။ ဋ္ဌ | ။ ဋ္ဌ | ။ ဋ္ဌ | ။ ဋ္ဌ |
| အဂ္ဂမဂ္ဂသမံဂီ | | | ။ | နောစ ။ |

**အတီတာနာဂတဝါရ အနုလုံ**

ယော ရူပက္ခန္ဓံ ပရိဇာနိတ္ထ၊ သော ဝေဒနက္ခန္ဓံ ပရိဇာနိဿတီတိ။ (နော)
ယော ဝါပန။ (နော) အနုလောမအရကား အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ သံသယ အရမရှိ။
ပဋိလောမအရကား - ကျွတ်ထိုက်သော ပုထုဇဉ်, အောက်မဂ် (၃) ယောက်၊ အောက်ဖလ (၃)
ယောက် ရ၏။ သံသယ အရမရှိ။

**အတီတာနာဂတဝါရ ပစ္စနိက်**

| ရူပက္ခန္ဓာမူ, ဝေဒနက္ခန္ဓာ မူလီ | ယော ရူပက္ခန္ဓံ နပရိဇာနိတ္ထ | သော ဝေဒနက္ခန္ဓံ နပရိဇာနိဿတီတိ | ဝါပန ဝေဒနက္ခန္ဓံ နပရိဇာနိဿတိ | သော ရူပက္ခန္ဓံ နပရိဇာနိတ္ထာတိ |
|---|---|---|---|---|
| ယေမဂ္ဂံ ပဋိလဘိဿန္တိတေ | ။ | နောစ ။ | | |
| အဂ္ဂမဂ္ဂသမံဂီ ယေစပုထုဇ္ဇနာမဂ္ဂံ ပဋိလဘိဿန္တိတေ | ။ ဋ္ဌ | ။ ဋ္ဌ | ။ ဋ္ဌ | ။ ဋ္ဌ |
| အရဟာ | | | ။ | နောစ ။ |

ဝေဒနက္ခန္ဓာမူလည်း ဤနည်းပင်

ဤပရိညာဝါရ၌ ပုဂ္ဂလဝါရသာ ရအပ်၏။ ဩကာသဝါရ, ပုဂ္ဂလောကာသဝါရ, မရအပ်။ **အကြောင်းသော်ကား တူသောအဖြေရှိသောကြောင့် တည်း။**

တနည်း: ပရိညာကိစ္စမည်သည် ပုဂ္ဂိုလ်အားသာဖြစ်၏၊ ဩကာသ အားဖြင့် မဖြစ်၊ ပုဂ္ဂိုလ်သာလျှင် ပိုင်းခြား၍ သိခြင်းငှာ စွမ်းနိုင်၏၊ ဩကာသသည်မစွမ်းနိုင်၊ ထို့ကြောင့် ပုဂ္ဂလဝါရသာ ရအပ်၏၊ ဩကာသ, ပုဂ္ဂလောကာသ မရအပ်။

ဤပရိညာဝါရ၌ ပစ္စုပ္ပန်အစရှိသော ကာလအပြားကို ပဝတ္တိဝါရကဲ့သို့ စုတိ,ပဋိသန္ဓေ ခဏ အားဖြင့် မယူအပ်။ ပဝတ္တိ၌ စိတ္တုပ္ပါဒ်အားဖြင့်သာ ယူအပ်၏။ အဘယ်ကြောင့်နည်းဟူမူကား ခန္ဓာ(၅)ပါးကို ပိုင်းခြား၍ သိခြင်းသည် မဂ်ခဏ၌သာဖြစ်၏၊ မဂ်ခဏတွင်လည်း ပရိညာကိစ္စ အနိုက်သို့ရောက်သော ရဟန္တာ၏ မဂ်ခဏကိုသာ ယူအပ်၏။

ဤပရိညာဝါရ၌ ဟောအပ်သော ပုဂ္ဂိုလ်ကား တစ်ကျိပ်တည်း။ တစ်ကျိပ်ဟူသော်ကား ပုထုဇဉ် (၂) ယောက်၊ အရိယာ (၈) ယောက်တည်း။ ပုထုဇဉ် (၂) ယောက်ဟူသော်ကား - နောင်အခါ၌ မဂ်ကို ရလတ္တံ့သော ဘဗ္ဗပုထုဇဉ် တစ်ယောက်၊ နောင်အခါ၌ မဂ်ကိုမရလတ္တံ့သော အဘဗ္ဗပုထုဇဉ် တစ်ယောက်တည်း။ အရိယာ (၈) ယောက်ဟူသော်ကား - မဂ္ဂဋ္ဌာန် (၄) ယောက်။ ဖလဋ္ဌာန် (၄) ယောက်တည်း။

### ခန္ဓယမိုက်ပရိညာဝါရပြီး၏။

### အာယတနယမိုက်ပရိညာဝါရ

ယော စက္ခာယတနံ ပရိဇာနာတိ၊ သော, သောတာယတနံ ပရိဇာနာတီတိ။ (အာမန္တာ) ယော ဝါပန (အာမန္တာ) အနက်ကား အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ရ၏။ ဤသို့ စသည်ဖြင့် ခန္ဓယမိုက် ပရိညာဝါရနှင့် မထူးပြီ။

### ဓာတုယမိုက်ပရိညာဝါရ

ယော စက္ခုဓာတုံ ပရိဇာနာတိ၊ စသည်ဖြင့် ခန္ဓယမက ကဲ့သို့ ဟောလေ။

### သစ္စယမိုက်ပရိညာဝါရ

ယော ဒုက္ခသစ္စံ ပရိဇာနာတိ၊ သော သမုဒယသစ္စံ ပဇဟတီတိ။ (အာမန္တာ)

အနက်ပေး: ပရိဇာနာတိ၊ ပိုင်းခြား၍သိဆဲ။ ပဇဟတိ၊ ပယ်ဆဲလော။ စသည်အနက်ပေး။

အရကောက် အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ ပဋိလောမလည်း, လည်းကောင်းရ၏။ အတီတဝါ၌- ပရိဇာနိတ္ထ ပဇဟိတ္ထ။ အနာဂတဝါရ၌- ပရိဇာနိဿတိ ပဇဟိဿတိ စသည်ဖြင့် ခန္ဓယမိုက်ကို နည်းမှီ၍ ဟောလေ။

ဤသစ္စယမိုက်၌ ဒုက္ခသစ္စာမူ,သမုဒယသစ္စာမူလ် တစ်ပါးသာရအပ်၏။ အကြောင်းသော်ကား- နိရောဓသစ္စာ,မဂ္ဂသစ္စာ ဤ(၂) ပါးသည် လောကုတ္တရာဖြစ်၍ ပရိညာကိစ္စ မရအပ်သော ကြောင့်တည်း။

## ပရိညာဝါရပြီး၏။

# ၁၀။ ကောဋ္ဌာသခဏ်း

## အမေး (၄) ထွေ,အဖြေ (၅) ဖြာ

**ဆောင်** ပုရေ, ပဉှာ, ပစ္ဆာ, ပရိ, မောဃ, ထည့် မှတ်ဘိ မေး (၄) ထွေ။

### အမေး (၄) ထွေ

၁။ ပုရိမ ကောဋ္ဌာသနှင့် အရတူသော ပဉှာသည် ပုရေ ပဉှာမည်၏။

၂။ ပစ္ဆိမ ကောဋ္ဌာသနှင့် အရတူသော ပဉှာသည် ပစ္ဆာပဉှာမည်၏။

၃။ ပုရေပဉှာ, ပစ္ဆာပဉှာ နှစ်ပါးနှင့် ပြည့်စုံသော ပဉှာသည် ပရိပုဏ္ဏပဉှာမည်၏။

၄။ ပဋိသေဓ, ပဋိက္ခေပ နှစ်ပါးတို့တွင် တစ်ပါးပါးကို ရသော ပဉှာသည် မောဃပဉှာမည်၏။

### တနည်းကား

၁။ သန္နိဋ္ဌာန် တစ်ဘက်ရသာ ရှိသော ပဉှာသည် ပုရေပဉှာ မည်၏။

၂။ သန္နိဋ္ဌာန်,သံသယ နှစ်ဘက်ရ ရှိသော ပဉှာသည် ပစ္ဆာပဉှာမည်၏။

၃။ တစ်ဘက်ရ နှစ်ဘက်ရ နှင့်ပြည့်စုံသော ပဉှာ ပရိပုဏ္ဏ ပဉှာမည်၏။

၄။ သန္နိဋ္ဌာန်,သံသယ နှစ်ပါးတို့တွင် တပါးပါး၌ အရကောက် ကင်းဆိတ်၍၊ အချိုးနှီး မေးအပ်သော ပဉှာသည် မောဃပဉှာမည်၏။

### အဖြေ (၅) ဖြာ

**ဆောင်** ပါဠိဂတိ, ပဋိဝစနာ, သရူပါနှင့် တဖြာပဋိသေ, ပဋိက္ခေ မှတ်လေ ဖြေ (၅) ဖြာ။

၁။ ပုစ္ဆာ ပါဠိသို့လိုက်၍ ဖြေဆိုခြင်းသည် ပါဠိဂတိ ဝိဿဇ္ဇနာမည်၏။

၂။ သန္နိဋ္ဌာန်ပုဒ်၏ အရကို ဝန်ခံသောအားဖြင့် ဖြေဆိုခြင်းသည် ပဋိဝစနဝိဿဇ္ဇနာမည်၏။

၃။ ပုရိမကောဋ္ဌာသ,ပစ္ဆိမကောဋ္ဌာသ သရုပ်သို့လိုက်၍ ဖြေဆိုခြင်းသည် သရူပဒဿန, ဝိဿဇ္ဇနာ မည်၏။

၄။ သံသယပုဒ်၏ အနက်ကိုမြစ်၍ ဖြေဆိုခြင်းသည် ပဋိသေဓ ဝိဿဇ္ဇနာ မည်၏။

၅။ သန္နိဋ္ဌာန်ပုဒ်၏ အရကို ပယ်၍ ဖြေဆိုခြင်းသည် ပဋိက္ခေပ ဝိဿဇ္ဇနာ မည်၏။

**မှတ်ချက်** ပဋိသေဓ ဝိဿဇ္ဇနာကို အနုလုံ၌သာ ရအပ်၏။
ပဋိက္ခေပဝိဿဇ္ဇနာကို ပစ္စနိက်၌သာ ရအပ်၏။

**တနည်း:** သံသယပုဒ်၏ အနက်ကိုမြစ်လျှင် ပဋိသေဓ။
သန္နိဋ္ဌာန်ပုဒ်၏ အနက်ကို ပယ်၍ ဖြေလျှင် ပဋိက္ခေပ။

အထက်ပါ အမေး (၄) ထွေ၊ အဖြေ (၅) ဖြာကို ဆောင်ပုဒ်နှင့်တကွ စကားပြေများကိုပါ အာဂုံရအောင် ကျက်ထားပါလေ။ သို့မှသာ ကောဋ္ဌာသ တင်ရာ၌ လွယ်ကူပါလိမ့်မည်။

## ကောဋ္ဌာသတင်ပုံ

### အာမန္တာ ဝိဘင်း ကောဋ္ဌာသ တင်ပုံ

ယေ ဝါ ပန ကုသလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာတိ။ (ပုစ္ဆာ)

အာမန္တာ (ဝိသဇ္ဇနာ)

အရကောက်ပြီး - ထိုသို့ ရသောကြောင့် (အကြင်သို့ သဘောရှိကုန်သော ကုသိုလ်ဟု ဆိုအပ်သော၊ မူလမည်ကုန်သော၊ တရားတို့သည် ကုသိုလ်မည်ကုန်သလော) ဟု မြတ်စွာဘုရား၌ တစ်စုံတစ်ခုသော သံသယသည် မရှိကြားသော်လည်း၊ ဝေနေယျရှိသယ အားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပစ္ဆိမ ကောဋ္ဌာသ၏ အရနှင့်တူသော ပဏ္ဏာပဉှာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ (ကုသိုလ်ဟု ဆိုအပ်သော မူလမည်ကုန်သော တရားတို့သည် ကုသိုလ် မည်ကုန်သည်သာလျှင် ဖြစ်သောကြောင့်) သန္နိဋ္ဌာန်ပုဒ်၏အရကို ဝန်ခံတော်မူသော အားဖြင့် အဖြေငါးပါး တို့တွင် (အာမန္တာ)ဟု ပဋိဝစန ဝိသဇ္ဇနာ ဖြင့်ဖြေတော်မူ၏။

**အမှာ** ပထမလက်သံကွင်းသည် (  ) ပုစ္ဆာကို မြန်မာ ပြန်ဆိုရပါမည်။ (  ) ဒုတိယ လက်သံကွင်းသည် ဝိသဇ္ဇနာ အာမန္တာ ကိုမြန်မာ ပြန်ဆိုရပါမည်။ ကြွင်းသောစကားရပ် တို့သည် အာမန္တာ ဝိဘင်း တွေတိုင်း ဆိုရမည်ဖြစ်၍ နှုတ်ကက် နေပါစေ။

### ဝိဘင်းဖြောင့် ကောဋ္ဌာသတင်

ယေ ဝါပန ကုသလမူလေန ဧကမူလာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာတိ။ (ပုစ္ဆာ)

ကုသလသမုဋ္ဌာန်ရှုပ်- ကုသလမူလေန ဧကမူလံ၊ နကုသလံ။ (တစ်ဘက်ရ)

ကုသလံ- ကုသလမူလေန ဧကမူလဉ္စေဝ၊ ကုသလဉ္စ။ (နှစ်ဘက်ရ)

အရကောက်ပြီး - ထို့ကြောင့် (အကြင်သို့ သဘောရှိကုန်သော ကုသိုလ်ဟု ဆိုအပ်သော မူလနှင့် (ဝါ) မူလအားဖြင့် တူသော မူလရှိကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သလော) ဟု မြတ်စွာ (ပ) မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပုရေပဉှာ, ပဏ္ဏာပဉှာ နှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော ပရိပုဏ္ဏပဉှာဖြင့် မေးတော်မူသည်အားလျောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏ အရသာဖြစ်၍ သံသယပုဒ်၏ အရမဖြစ်ကောင်းသော (ပဋ္ဌဝေါကာရဘုံ၌ [ပ] စိတ္တဇရုပ်ကို ကုသလ သမုဋ္ဌာန်။ [ပ]။ န ကုသလံ၊) ဟု ပုရိမ ကောဋ္ဌာသတင်တော်မူ၍ သံသယ ကို ပဋိသိဓ် မြစ်၍ သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်လုံး၏ အရဖြစ်သော (ကု, ၂၁-စေ ၃၈,ကို ကုသလံ။ [ပ] ကုသလဉ္စ) ဟု ပစ္ဆိမကောဋ္ဌာသ တင်တော်မူ၍ သံသယကို ပဋိသိဓ်

မမြစ်မှု၍ အဖြေငါးပါးတို့တွင် ပုရိမကောဋ္ဌာသ ပစ္ဆိမကောဋ္ဌာသ နှစ်ပါး၏ သရုပ်ကို ပြတော်မူသောအားဖြင့် သရူပ ဒဿန ဝိဿဇ္ဇနာ ဖြင့်ဖြေတော်မူ၏။

ပထမ ( ) ကို ပုစ္ဆာပါဠိ မြန်မာပြန်၊ ဒုတိယ ( ) ကို တစ်ဘက်ရ အရကောက်နှင့် ဝိဘင်းပါဠိဆို၊ တတိယ ( ) ကို နှစ်ဘက်ရအကောက်နှင့် ဝိဘင်းအရာအားလျော်စွာ ဆိုရမည်။ ကြွင်းစကားရပ်တို့ကား ဝိဘင်း ဖြောင့်မှန်သမျှ ဤနည်းပင်တည်း။

### ဝိဘင်းကောက် ကောဋ္ဌာသတင်

ယေ ကေစိ ကုသလာဓမ္မာ၊ သဗ္ဗေတေ ကုသလ မူလကာ။ (ပုစ္ဆာ)

တီဏေဝ ကုသလမူလာနိ (နှစ်ဘက်ရ) ။

အဝသေသာ ကုသလာ ဓမ္မာ န ကုသလာ (တစ်ဘက်ရ)

အရကောက်ပြီး - ထို့ကြောင့်။ (ပ) ပစ္ဆိမ ကောဋ္ဌာသ တင်တော်မူ၍ ဖြေတော်မူအပ်လျက် မဖြေမှု၍ အဝသေသာ ဟူသောပါဠ်ဖြင့် အကြွင်းကို သိလွယ်စိမ့်သောငှာ (သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသလမူသုံးခုကို တီဏေဝ ကုသလ မူလာနိ) ဟု ပုရိမကောဋ္ဌာသ တင်တော်မူ၍ သံသယကို ပဋိသိမ် မမြစ်မှု၍ သန္နိဋ္ဌာန်ပုဒ်၏ အရသာ ဖြစ်၍ သံသယပုဒ်၏ အရမဖြစ်ကောင်းသော (ကု, ၂၁ - ကုသလမူ [၃] ခု မှတပါး၊ စေ [၃၅] ကို အဝသေသာ ကုသလာ ဓမ္မာ န ကုသလာ) ဟု ပစ္ဆိမကောဋ္ဌာသ တင်တော်မူ၍ သံသယ ကို ပဋိသိမ် မြစ်၍ အဖြေငါးပါးတို့တွင် ပုရိမကောဋ္ဌာသ ပစ္ဆိမကောဋ္ဌာသ နှစ်ပါး၏ သရုပ်ကို ပြတော်မူသော အားဖြင့် သရူပဒဿန ဝိဿဇ္ဇနာ ဖြင့်ဖြေတော်မူ၏။

**အမှာ** တင်တော်မူ၍ တိုင်အောင် ဝိဘင်းဖြောင့်အတိုင်း ဆိုပြီး ပထမ ( ) ကို၊ နှစ်ဘက်ရကောက် ဝိဘင်း။ ဒုတိယ ( ) ကို တစ်ဘက်ရကောက် ဝိဘင်းအရာဌာန အားလျော်စွာ ပြောင်းဆိုပါ။ ကြွင်းစကားရပ် ဤနည်းသာ ဆိုလေ။

### နော ဝိဘင်း ကောဋ္ဌာသတင်

ယော ရူပက္ခန္ဓံ ပရိဇာနာတိ၊ သော ဝေဒနက္ခန္ဓံ ပရိဇာနိတ္ထာတိ။ (ပုစ္ဆာ)

နော (ဝိဿဇ္ဇနာ) အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ရ၏။

ထို အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည် ရူပက္ခန္ဓာကို ပိုင်ခြား၍ သိဆဲသော်ကား ဟုတ်၏။ ဝေဒနက္ခန္ဓာကို ပိုင်ခြား၍ မသိဘူးသောကြောင့် "သော ဝေဒနက္ခန္ဓံ ပရိဇာနိတ္ထ" ဟူသော သံသယ ပုဒ်၏ အရမရှိ၊ ထိုသို့ သန္နိဋ္ဌာန်ပုဒ်၏ အရသာရှိ၍ သံသယပုဒ်၏ အရမရှိသောကြောင့် (အကြင်ပုဂ္ဂိုလ်သည် ရူပက္ခန္ဓာကို ပိုင်ခြား၍ သိဆဲ၊ ထိုရူပက္ခန္ဓာ ကို ပိုင်ခြား၍ သိဆဲပုဂ္ဂိုလ်သည် ဝေဒနက္ခန္ဓာ ကို ပိုင်ခြား၍ သိဘူးပြီလော) ဟု မြတ်စွာဘုရား၌။ [ပ] အမေး(၄)ပါးတို့တွင် မောဃပဉှာ ဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ ရူပက္ခန္ဓာ ကိုပိုင်ခြား၍ သိဆဲပုဂ္ဂိုလ်သည် ဝေဒနက္ခန္ဓာ ကို ပိုင်ခြား၍ မသိဘူးသောကြောင့်

သံသယ ပုဒ်၏ အရကို မြစ်တော်မူသော အားဖြင့် အပြေငါးပါးတို့တွင် (နော) ဟု ပဋိသေဓ ဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

## နတ္ထိ ဝိဘင်း ကောဋ္ဌာသတင်

ယဿ ရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊ တဿ ဝေဒနက္ခန္ဓော နုပ္ပဇ္ဇိတ္ထာတိ။ (ပုစ္ဆာ)

နတ္ထိ (ဝိဿဇ္ဇနာ)

ဘဝများစွာ သံသရာ၌ ရူပက္ခန္ဓာ မဖြစ်ဘူးသော ပုဂ္ဂိုလ်မည်သည် မရှိ၊ ဖြစ်ဘူးသော သူသာ ရှိသောကြောင့် "ယဿရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊" ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရမရှိ၊ ထိုသို့ သန္နိဋ္ဌာန်ပုဒ်၏ အရမရှိလျှင် "တဿ ဝေဒနက္ခန္ဓော နုပ္ပဇ္ဇိတ္ထ" ဟူသော သံသယ ပုဒ်၏ အရလည်းမရှိ။ ထိုသို့ သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်လုံး၏ အရမရှိသောကြောင့် (အကြင် ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ မဖြစ်ဘူးလေ၊ ထို ရူပက္ခန္ဓာ မဖြစ်ဘူးသော ပုဂ္ဂိုလ်အား ဝေဒနက္ခန္ဓာ မဖြစ်ဘူး လေလော) ဟု မြတ်စွာ။ [ပ]။ အမေး လေးပါးတို့တွင် မောဃပဉှာ ဖြင့် မေးတော်မူသည်အားလျောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏ အရကို ပယ်တော်မူသောအားဖြင့် အပြေငါးပါးတို့တွင် "နတ္ထိ" ဟု ပဋိက္ခေပ ဝိဿဇ္ဇနာ ဖြင့်ဖြေတော်မူ၏။

## ဥပ္ပဇ္ဇတိ ဝိဘင်း ကောဋ္ဌာသတင်

ယတ္ထ ရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ တတ္ထ ဝေဒနက္ခန္ဓော နုပ္ပဇ္ဇတိတိ။ (ပုစ္ဆာ)

ဥပ္ပဇ္ဇတိ။ (ဝိဿဇ္ဇနာ)။

အရကောက်- နာမက္ခန္ဓာ (၄) ပါး၏သာ ဖြစ်ရာဖြစ်သော အရူပ(၄) ဘုံရှိ၏။ ထိုအရူပ (၄)ဘုံသည် ရူပက္ခန္ဓာ၏ ဖြစ်ရာသော်ကား မဟုတ်။ ဝေဒနက္ခန္ဓာ၏သာဖြစ်ရာဖြစ်သောကြောင့် "တတ္ထ ဝေဒနက္ခန္ဓော နုပ္ပဇ္ဇတိ" ဟူသော သံသယ ပုဒ်၏ အရမရှိ။ ထိုသို့ သန္နိဋ္ဌာန်ပုဒ်၏ အရသာရှိ၍၊ သံသယပုဒ်၏ အရမရှိသောကြောင့်၊ (အကြင်ဘုံ၌ ရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ် ထို ရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ်သောဘုံ၌ ဝေဒနက္ခန္ဓာ ဖြစ်ဆဲမဟုတ်လောဟု) မြတ်စွာ။ [ပ]။ အမေးလေးပါးတို့တွင် ပုရိမ ကောဋ္ဌာသ ၏ အရနှင့်တူသော ပုရေပဉှာဖြင့်မေးတော်မူသည်အား လျောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏ အရသို့ လိုက်၍ "နုပ္ပဇ္ဇတိ" ဟူသော ပုစ္ဆာပါဠိ၌ (န) အက္ခရာကို ပယ်တော်မူ၍ အနုလုံ ပါဠိဖြင့် "ဥပ္ပဇ္ဇတိ "ဟု ပါဠိဂတိ ဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

ကောဋ္ဌာသစကားပြီး၏။

## ၁၁။ ယမက အမေး အဖြေ

**မေး။** ကထာဝတ္ထုကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌ အဘယ့်ကြောင့် ယမိုက်ကျမ်းကို ဟောတော်မူပါသနည်း။

**ဖြေ။** ကထာဝတ္ထုကျမ်းဝယ် အကျဉ်းအားဖြင့် ဟောတော်မူအပ်သော တရားဟို့၌ သန္နိဋ္ဌာန် စသည်တို့၏ အစွမ်းအားဖြင့် အထူးထူးသော နည်းတို့၌ လိမ္မာစေခြင်းငှာ ကထာဝတ္ထုကျမ်း၏ အခြားမဲ့၌ ယမိုက်ကျမ်းကို ဟောတော်မူပါသည်။

**မေး။** အဘယ့်ကြောင့် ယမိုက်ကျမ်း မည်ပါသနည်း။

**ဖြေ။** အနက်အားဖြင့် လည်းကောင်း၊ ပါဠိဓမ္မ အားဖြင့် လည်းကောင်း၊ အစုံစုံပြု၍ ဟောသော ကျမ်းဖြစ်သောကြောင့် ယမိုက်ကျမ်း မည်ပါသည်။

**မေး။** အဘယ်သို့ အစုံစုံဖြစ်ပါသနည်း။ အစုံစုံ ဖြစ်ပုံ ရေးခဲ့ပါ။

**ဖြေ။** အနုလောမ ပုစ္ဆာ၌ သန္နိဋ္ဌာန် သံသယ အရဖြစ်သော ကုသိုလ်မူစသော အတ္ထ၊ ပဋိလောမ ပုစ္ဆာ၌ သန္နိဋ္ဌာန် သံသယ အရဖြစ်သော ကုသိုလ်မူလ စသော အတ္ထ၊ ယင်းအတ္ထ နှစ်ပါးစုံသည်ကို "အတ္ထယမက" ဟု ခေါ်ပါသည်။

အနုလောမပုစ္ဆာ ပါဠိဓမ္မ၊ ပဋိလောမပုစ္ဆာ ပါဠိဓမ္မ၊ ယင်းဓမ္မနှစ်ပါးစုံသည်ကို "ဓမ္မယမက" ဟုခေါ်ပါသည်။

အနုလောမပုစ္ဆာ၊ ပဋိလောမပုစ္ဆာ၊ ယင်းပုစ္ဆာနှစ်ပါး စုံသည်ကို "ပုစ္ဆာယမက" ဟု ခေါ်ပါသည်။ ( ဤသည်ကား အစုံစုံ ဖြစ်ပုံတည်း )

**မေး။** ယမိုက် (၁၀) ကျမ်းတို့တွင် ခန္ဓယမိုက် စသည်ကို ရေးဦးစွာ မဟောဘဲ အဘယ့်ကြောင့် မူလယမိုက်ကို ရေးဦးစွာ ဟောတော်မူပါသနည်း။

**ဖြေ။** မူလယမိုက်၌ ဟောသော ကုသိုလ်,အကုသိုလ်,အဗျာကတ စသော တရားတို့ကို ခန္ဓာစသည်ဖွဲ့၍ ဟောရသောကြောင့် ခန္ဓယမိုက် စသည်ကို ရေးဦးစွာ ဟောတော်မမူဘဲ မူလယမိုက်ကိုသာ ရေးဦးစွာ ဟောရပါသည်။

**မေး။** အဘယ့်ကြောင့် ဝါရ မည်ပါသနည်း၊ ဝါရဆယ်ပါး၏ အဓိပ္ပါယ်ကို အသီးသီး ရှင်းပြပါ။

**ဖြေ။** "ဝါရိယတိ ပရိစ္ဆိန္ဒိယတိ ဧတေနာတိ ဝါရော" ဟူသည်နှင့်အညီ ပိုင်းခြားကြောင်း ဖြစ်သောကြောင့် ဝါရမည်ပါသည်။

ထိုဝါရတို့တွင် –

(၁) အကျိုး ပစ္စုပ္ပန် တရားတို့၏ တည်ရာဖြစ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်းတရားသည် မူလမည်၏။ (ထို မူလအားဖြင့် ဟောသော ဝါရ ဖြစ်သောကြောင့် " မူလဝါရ " မည်၏။)

(၂) အကျိုး ပစ္စုပ္ပန် တရားတို့၏ ဖြစ်ရာ ဖြစ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်းတရားသည် ဟေတုမည်၏။ ထိုဟေတုအားဖြင့်ဟောသောဝါရဖြစ်သောကြောင့် " ဟေတုဝါရ " မည်၏။

(၃) မိမိတို့၏ အကျိုးပစ္စယုပ္ပန် တရားတို့ကို ဖြစ်စေတတ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်းတရားသည် နိဒါနမည်၏။ ထို နိဒါနအားဖြင့် ဟောသော ဝါရ ဖြစ်သောကြောင့် " နိဒါနဝါရ " မည်၏။

(၄) အကျိုး ပစ္စယုပ္ပန် တရားတို့၏ ကောင်းစွာ ဖြစ်ရာ ဖြစ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်းတရားသည် "သမ္ဘဝ" မည်၏။ ထိုသမ္ဘဝအားဖြင့် ဟောသောဝါရ ဖြစ်သောကြောင့် သမ္ဘဝ ဝါရ မည်၏။

(၅) အကျိုး ပစ္စယုပ္ပန် တရားတို့၏ အပြားအားဖြင့် ဖြစ်ရာ ဖြစ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်းတရားသည် ပဘဝ မည်၏။ ထို ပဘဝ အားဖြင့်ဟောသော ဝါရဖြစ်သောကြောင့် "ပဘဝဝါရ" မည်၏။

(၆) အကျိုး ပစ္စယုပ္ပန် တရားတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်းတရားသည် သမုဋ္ဌာနမည်၏ ထို သမုဋ္ဌာန အားဖြင့် ဟောသော ဝါရဖြစ်သော ကြောင့် " သမုဋ္ဌာနဝါရ " မည်၏။

(၇) အကျိုး ပစ္စယုပ္ပန်တရားတို့ကို ဆောင်တတ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်းတရားသည် အာဟာရမည်၏။ ထို အာဟာရ အားဖြင့် ဟောသော ဝါရဖြစ်သောကြောင့် "အာဟာရ ဝါရ" မည်၏။

(၈) အကျိုး ပစ္စယုပ္ပန် တရားတို့သည် ဆွဲယူအပ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်းတရားသည် အာရမ္မဏမည်၏။ ထို အာရမ္မဏ အားဖြင့် ဟောသော ဝါရဖြစ်သောကြောင့် "အာရမ္မဏဝါရ" မည်၏။

(၉) အကျိုး ပစ္စယုပ္ပန် တရားတို့ကို စွဲ၍ ဖြစ်ရာဖြစ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်း တရားသည် ပစ္စယမည်၏။ ထို ပစ္စယ အားဖြင့် ဟောသော ဝါရ ဖြစ်သောကြောင့် " ပစ္စယ ဝါရ" မည်၏။

(၁၀) အကျိုး ပစ္စယုပ္ပန် တရားတို့၏ ကောင်းစွာ တတ်ရာဖြစ်သောကြောင့် ဟိတ် (၆) ပါး ပစ္စည်းတရားသည် သမုဒယ မည်၏။ ထို သမုဒယအားဖြင့်ဟောသော ဝါရ ဖြစ်သောကြောင့် "သမုဒယဝါရ" မည်၏။

မေး။ မူလဝါရနှင့် တရားကိုယ်ခြင်း တူပါလျက် အဘယ့်ကြောင့် ဟေတုဝါရ စသည်ဖြင့် ဝါရဆယ်ပါး ဟောတော်မူရပါသနည်း။

ဖြေ။ မူလဝါရနှင့် တရားကိုယ်ချင်း တူပါသော်လည်း ဒေသနာဝိလာသ, ပုဂ္ဂလဇ္ဈာသယ ၏ အစွမ်းအားဖြင့် ဟေတုဝါရ စသည်ဝါရ (၁၀) ပါး ဟောကြားတော် မူပါသည်။

မေး။ အနုလောမပုစ္ဆာ, ပဋိလောမပုစ္ဆာ တို့၏ အဓိပ္ပါယ်ကို ရေးသားခဲ့ပါ။

ဖြေ။ ပါဋိမဲ့ အားဖြင့် လျှော်စွာ မေးအပ်သော ပုစ္ဆာကို အနုလောမ ပုစ္ဆာဟုခေါ်ပါသည်။ အပြန်အားဖြင့် မေးအပ်သော ပုစ္ဆာကို ပဋိလောမ ပုစ္ဆာ ဟု ခေါ်ပါသည်။

**မေး။** သန္နိဋ္ဌာန် သံသယ ခေါ်ရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။
**ဖြေ။** အမြဲမှတ်အပ်သော အနက်ကြောင့် သန္နိဋ္ဌာန် ခေါ်ပါသည်။
ယုံမှားအပ်သော အနက်ကြောင့် သံသယ ခေါ်ပါသည်။
**မေး။** ဘုရားရှင်တို့အား ယုံမှား သံသယ ရှိပါသေးသလော၊ အဘယ်ကြောင့် သံသယကို ဟောတော်မူပါသနည်း။
**ဖြေ။** ဘုရားရှင်တို့အား ယုံမှား သံသယမရှိပါ၊ ဝေနေယျ တို့၏ သံသယ ဖြစ်လောက်သောအရာ၌ သံသယ ဖြစ်ပုံကို ပြလိုသောကြောင့် သံသယကို ဟောတော်မူပါသည်။
**မေး။** သန္နိဋ္ဌာန်, သံသယ အမြဲမရှိကြောင်း ရှင်းပြပါ။
**ဖြေ။** သတ္တဝါတို့မှာ အဇ္ဈာသယ အမျိုးမျိုး ရှိသောကြောင့် အချို့သော သတ္တဝါတို့မှာ ကုသိုလ်မည်သော တရားသည် ကုသိုလ်မူလ မည်လေသလော ဟူ၍လည်းကောင်း၊ ကုသိုလ်မူလမည်သော တရားသည် ကုသိုလ် မည်လေသလောဟူ၍လည်းကောင်း၊ ဤသို့ အမျိုးမျိုး ဖြစ်သောကြောင့် သန္နိဋ္ဌာန် သံသယ အမြဲမရှိပါ။
**မေး။** ဧကမူလယမက၌ အဘယ်သို့လျှင် တူသောမူလ ရှိပါသနည်း။ တူသောမူလ ရှိပုံကို ရေးခဲ့ပါ။
**ဖြေ။** ဧကမူလ အရ ဟေတု ပစ္စယပ္ပန် တရားတို့ကို ကောက်ရပါသည်။ ထို တရားတို့တွင် သဟိတ် နာမက္ခန္ဓာ တို့၏ အကြောင်းလည်း ဟိတ် (၆) ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် တို့၏ အကြောင်းလည်း ဟိတ် (၆) ပါး၊ ဤသို့လျှင် အကြောင်းပစ္စည်းတရားတို့၏ တူသည်ကို ဧကမူလ တူသောမူလ၊ (ဝါ) တူသောအကြောင်း ရှိသည်ဟု ဆိုပါသည်။
**မေး။** မူလယမက, ဧကမူလယမက ၌ "ယေ ကေစိ ကုသလာ ဓမ္မာ" ဟု ပုစ္ဆာထုတ်ပြီး အညမည မူလယမက၌ အဘယ့်ကြောင့် "ယေ ကေစိ ကုသ မူလေန ဧကမူလာ ဓမ္မာ " ဟု ပုစ္ဆာထုတ်ရပါသနည်း။
**ဖြေ။** ကုသလပဒ၌ မူလအရလည်း ကုသလမူ(၃) ပါး၊ အညမည မူလအရလည်း ကုသလမူ(၃) ပါး ဖြစ်လေရကား အညမည မူလယမက ၌ "ယေ ကေစိ ကုသလာဓမ္မာ"ဟု မေးခဲ့သည်ရှိသော် အညမည မူလယမက၏ အရကောက်တရားသည် မူလယမက၏ အရကောက်တရားနှင့် တူနေမည်ဖြစ်သောကြောင့် အညမည မူလယမက၌ ယေကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ ဟု ပုစ္ဆာထုတ်ရပါသည်။
**မေး။** ယေ ဝါ ပန ကုသလ မူလေန အညမည မူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလမူလေန ဧကမူလာ ဟု မေးသင့်ပါလျက် အဘယ့်ကြောင့် သဗ္ဗေ တေ ဓမ္မာ ကုသလာ ဟု မေးတော်မူပါသနည်း။
**ဖြေ။** သဗ္ဗေ တေ ဓမ္မာ ကုသလ မူလေန ဧကမူလာ ဟု မေးသင့်သော်လည်း အနက်ထူးမရှိသောကြောင့် " သဗ္ဗေ တေ ဓမ္မာ ကုသလာ " ဟု မေးတော်မူပါသည်။
**( အတ္ထဝိ သေသာ ဘာဝတော ) အဋ္ဌကထာ**
**မေး။** အနက်ထူး မရှိပုံ ရှင်းပြပါ။
**ဖြေ။** ယေဝါ ပန ကုသလမူလေန အညမညမူလာ အရကား ကုသလမူ(၃) ခု၊ သဗ္ဗေတေ

ကုသလမူလေန ကေမူလာ အရကား ကုသိုလ်စိတ် ကေဝိသ၊စေတသိတ်အဌတ္တိံသ၊ စိတ္တဇရုပ်သတ္တရသ၊ သဗ္ဗေတေ ဓမ္မာ ကုသလာ အရကား - ကုသိုလ်စိတ်ဧကေဝိသ၊ စေတသိတ် အဌတ္တိံသ တို့ဖြစ်ကြ၍ သန္နိဌာန်ပုဒ်ထက် သံသယပုဒ်တို့က အရကျယ်သောကြောင့် သဗ္ဗေတေ ဓမ္မာ ကုသလမူလေန ကေမူလာ ဟုမေးလျှင်လည်း (အာမန္တာ) သဗ္ဗေတေ ဓမ္မာ ကုသလာဟုဟောလျှင်လည်း (အာမန္တာ) ဝိဘင်းထုတ်၍ ကုသလမူ(၃) ခုသာလျှင် အရကောက် ရသောကြောင့် အနက်ထူးမရှိပါ။

မေး။ မူလနယ နှင့် မူလမူလနယ တို့သည် တရားကိုယ် အရကောက်ချင်းတူပါလျက် အဘယ့်ကြောင့် မူလမူလနယကို ဟောတော်မူပါသနည်း။

ဖြေ။ မူလနယ နှင့်မူလမူလနယ တို့သည် တရားကိုယ် အရကောက်ချင်း တူပါသော်လည်း ဝေနေယျဈျိ သယ ပုဂ္ဂလဈျာသယ အားဖြင့် မူလမူလနယ ကိုဟောတော်မူပါသည်။

( မူလကနယ နှင့် မူလမူလကနယ လည်း ထို့အတူပင် )

မေး။ သင်္ဂါယနာတင် ထေရ်အရှင်တို့သည် မူလယမိုက် ပါဠိတော်၌ ကုသလတိက်မှတပါး ကြွင်းသော တိက်, ဒုက် များကို မဟောပါဘဲလျက် အရကောက် ဆရာတော်ကြီးသည် အဘယ့်ကြောင့် ထည့်သွင်း ထားပါသနည်း။

ဖြေ။ သင်္ဂါယနာတင် ထေရ်အရှင်တို့သည် မူလယမိုက် ပါဠိတော်၌ ကုသလတိက်မှ တပါး ကြွင်းသော တိက်, ဒုက် များကို မဟောသော်လည်း ထို ထေရ်အရှင်တို့သည်ပင် စိတ္တယမိုက် ပါဠိတော် အဆုံး၌ - (မူလယမကံ စိတ္တယမကံ ဓမ္မယမကန္တိ တီဏိ ယမကာနိ ယာဝသရဏာ အရဏာ ဂစ္ဆန္တိ) ဟု အမှာစကား မိန့်ကြားတော် မူသောကြောင့် အရကောက် ဆရာတော်ကြီးသည် ကုသလတိက် မှတပါး ကြွင်းသော တိက်, ဒုက် များကို ထည့်သွင်း ရေးသားထား တော်မူပါသည်။

## ဥဒ္ဒေသပြီး၏

မေး။ မူလယမကနှင့် အညမည မူလယမက တို့၌ မူလ (၂) ပါးတို့၏ ထူးခြားဟန်ကို ရေးခဲ့ပါ။

ဖြေ။ ဟေတုပစ္စည်း ထိုက်သော ဟိတ် (၆) ပါး။

တနည်း:ဟိတ် (၃) ပါးသည် မူလယမက ၌ မူလ တရားများ ဖြစ်ပါသည်။

ဟေတုပစ္စယုပ္ပန် ထိုက်သော မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ် (၆) ပါး။

တနည်း: - ဟိတ် (၃) ပါးသည် အညမည မူလယမက၌ အညမည မူလယမက မည်သော တရားများ ဖြစ်ပါသည်။ ဤသို့ထူးခြားပါသည်။

မေး။ ဤယမိုက်ကျမ်း၌ အဖြေ ဝိဿဇ္ဇနာကို အဘယ့်ကြောင့် ဝိဘင်း ခေါ်ရပါသနည်း။

ဖြေ။ ဤယမိုက်ကျမ်း၌ အဖြေ ဝိဿဇ္ဇနာကို ( ဝိဘဇ္ဇယတိ အနေနာတိ ဝိဘင်္ဂေါ ) ဟူသော ဝစနတ္ထနှင့် အညီ အထူးသဖြင့် ခွဲဝေဖြေဆိုကြောင်း ဖြစ်သောကြောင့် အဖြေ ဝိဿဇ္ဇနာ ကို ဝိဘင်းဟု ခေါ်ပါသည်။

**မေး။** တီဏေဝ ကုသလမူလာနိပု - ဟောတော်မူခဲ့သော် ဒွိဟိတ်၌ ရှိသော မူလ (၂) ပါးသည် အဘယ်သို့ ပါဝင်နိုင်ပါသနည်း။

**ဖြေ။** တိဟိတ်၌ ရှိသော မူလ (၃) ပါး ဟူသော အပေါင်းကို ဆိုသဖြင့် ဒွိဟိတ်၌ ရှိသော မူလ (၂) ပါး ဟူသော အစိတ်ကိုလည်း ရသောကြောင့် ဒွိဟိတ်၌ ရှိသော ဟိတ်နှစ်ပါးလည်း ပါဝင်နိုင်ပါသည်။

**မေး။** ကုသလပဒ ဧကမူလ ယမက ကောက်ရာဝယ် ကုသိုလ် နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သောဟု ဆိုရာ ယထာရဟ ပြုပုံကို ပြည့်စုံစွာ ရေးခဲ့ပါ။

**ဖြေ။** ကုသိုလ် နာမက္ခန္ဓာ တို့သည် သက်သက်သောအခါ သုဒ္ဓဋ္ဌက ကလာပ်ကို ဖြစ်စေသည်။
ကိုယ်အင်္ဂါ လှုပ်ရှားသောအခါ ကာယဝိညတ္တိ နဝက ကလာပ်ကို ဖြစ်စေသည်။
နှုတ်အင်္ဂါ လှုပ်ရှားသောအခါ ဝစီဝိညတ္တိဒသကကလာပ်ကို ဖြစ်စေသည်။
ဓာတ် (၄) ပါး ညီညွတ်သောအခါ လဟုတာ ဒေက ဒသကကလာပ်ကို ဖြစ်စေသည်။
ကိုယ်အင်္ဂါလည်း လှုပ်ရှား ဓာတ်လေးပါးလည်း ညီညွတ်သောအခါ ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်ကို ဖြစ်စေသည်။ နှုတ်အင်္ဂါလည်း လှုပ်ရှား ဓာတ်လေးပါးလည်း ညီညွတ်သောအခါ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်ကို ဖြစ်စေသည်။ ဤကဲ့သို့ အသီးသီး ဖြစ်သည်ကို ယထာရဟ ပြုသည်ဟု ခေါ်ပါသည်။

**မေး။** ဧကမူလယမက၌ ကုသိုလ်နှင့်တူသော မူလရှိ၏ဟု ဆိုရာ အဘယ်သို့ တူသော မူလရှိပါသနည်း။

**ဖြေ။** အတူတကွ ဖြစ်ခါမျှကို တူသောမူလရှိ၏ဟု မဆိုလိုပါ။ အကြောင်းအကျိုး၏ အဖြစ်ဖြင့် စပ်၍ ဖြစ်သည်ကိုသာ တူသော မူလရှိ၏ဟု ဆိုလိုပါသည်။

**မေး။** အဘယ်သို့ အကြောင်းအကျိုး၏ အဖြစ်ဖြင့် စပ်၍ ဖြစ်ပါသနည်း။

**ဖြေ။** ဟိတ် (၆) ပါး တရားကား ဟေတုပစ္စည်း အကြောင်းတရား။ စိတ္တဇရုပ် တို့ကား ဟေတုပစ္စယုပ္ပန် အကျိုးတရား။ ဤသို့ အကြောင်းအကျိုး၏ အဖြစ်ဖြင့် စပ်၍ဖြစ်ပါသည်။

**မေး။** အညမညယမက အနုလောမ ပုစ္ဆာ၌ တီဏေဝ ကုသလမူလာနိ ဟု မဟောဘဲ အဘယ့်ကြောင့် မူလာနိယာနိ စသည်ဖြင့် ဟောရပါသနည်း။

**ဖြေ။** တီဏေဝ ကုသလမူလာနိ ဟု ဟောခဲ့သော် တိဏ်အရ ဟေတုပစ္စည်း ထိုက်သော ဟိတ် (၃) ပါးလည်း ပါဝင်နေသည်ဖြစ်၍ ယင်းဟိတ် (၃) ပါးကား အညမညမူလမ မည်သင့်၊ ဟေတုပစ္စယုပ္ပန် ထိုက်သော ဟိတ် (၃) ပါးသာ အညမညမူလ မည်သင့်သောကြောင့် ဟေတုပစ္စည်း ထိုက်သော ဟိတ် (၃) ပါးကို နှစ်စေလို၍ မူလာနိ စသည်ဖြင့် ဟောတော်မူရပါသည်။

**မေး။** အညမညမူလယမက အနုလောမ ဝိဿဇ္ဇနာ ဝယ် မူလာနိယာနိ ဟု ဟောတော်မူပြီးဖြစ်လျက် အဘယ်အကျိုးငှာ ကုသလမူလာနိ ဟု ထပ်၍ ဟောပါသနည်း။

**ဖြေ။** မူလာနိယာနိ ဟူသော စကားမှာ သာမညဖြစ်၍ ကုသလမူလ,အကုသလမူလ,အဗျာကတမူလ များနှင့် ဆက်ဆံနေသည်။ ဤနေရာ၌ ကုသလမူလ သာ ယူရမည်ဟု အနက်ထူးကို ပြခြင်းငှာ ကုသလမူလာနိ ဟု ထပ်၍ ဟောရပါသည်။

မေး။ အဟိတ်အကုသိုလ်, သဟိတ်အကုသိုလ် တို့ကို အကြောင်းပြ၍ ခွဲပြပါ။

ဖြေ။ မောဟမူဒွေ၌ မောဟ သည် သမ္ပယုတ်ဟိတ် မရှိသောကြောင့် အဟိတ် အကုသိုလ်မည်ပါသည်။ အကုသိုလ်စိတ် (၁၂) ခု၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝိသ တို့သည် သမ္ပယုတ်ဟိတ် ရှိသောကြောင့် သဟိတ်အကုသိုလ် မည်ပါသည်။

မေး။ အဗျာကတပဒ၌ အဟေတုကံနာမ်, သဟေတုကံနာမ် ဟုရှိလေရာ မည်သည့်ဟိတ်မရှိ၍ အဟိတ်နာမ်၊ မည်သည့်ဟိတ်ရှိ၍ သဟိတ်နာမ် မည်ပါသနည်း။

ဖြေ။ သမ္ပယုတ်ဟိတ်, ဇနကဟိတ် မရှိသောကြောင့် အဟိတ်နာမ် မည်ပါသည်။ သမ္ပယုတ်ဟိတ်, ဇနကဟိတ် ရှိသောကြောင့် သဟိတ်နာမ် မည်ပါသည်။

မေး။ အဟေတုကံ အဗျာကတံ အရ အဟိတ် အဗျာကတ တရားတို့တွင် မည်သည့် ဟိတ်ကင်း၍ အဟိတ် အဗျာကတ မည်ပါသနည်း။

ဖြေ။ အဟိတ် ဝိပါက်နာမက္ခန္ဓာ, အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် တို့သည်၊ သမ္ပယုတ်ဟိတ်မကင်း၍ အဟိတ်အဗျာကတ မည်ပါသည်။ အဟိတ် ကြိယာ နာမက္ခန္ဓာ မောဟမူဒွေ၌ မောဟ အဟိတ် စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ နိဗ္ဗာန် တို့သည် ဇနကဟိတ်၊ သမ္ပယုတ်ဟိတ် နှစ်ပါးစုံ ကင်း၍ အဟိတ် အဗျာကတ မည်ပါသည်။

မေး။ သဟေတုကံ အဗျာကတံ အရ သဟိတ်အဗျာကတ တရားတို့တွင် မည်သည့်ဟိတ် ရှိသောကြောင့် သဟိတ် အဗျာကတ ဟု ခေါ်ပါသနည်း။

ဖြေ။ သဟိတ်ဝိပါက် နာမက္ခန္ဓာတို့ကို ဇနကဟိတ်၊ သမ္ပယုတ်ဟိတ် နှစ်ပါးစုံ ရှိသောကြောင့်သဟိတ် အဗျာကတ ဟုခေါ်ပါသည်။

သဟိတ်ကြိယာ နာမက္ခန္ဓာ တို့ကို သမ္ပယုတ်ဟိတ် ရှိသောကြောင့် သဟိတ် အဗျာကတ ဟု ခေါ်ပါသည်။

သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ် တို့ကို ဇနကဟိတ် ရှိသောကြောင့် သဟိတ် အဗျာကတ ဟုခေါ်ပါသည်။

မေး။ ယမိုက်ပါဠိတော်၌ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ကိုဟောတော်မူပါလျက် သင်္ဂဟဆရာက ရုပ်ဟူသမျှ အဟေတုက ဟု အဘယ့်ကြောင့် ဆိုပါသနည်း။

ဖြေ။ ယမိုက် ပါဠိတော်၌ ဇနကဟိတ် ရှိသည်ကို ရည်၍ အချို့ရုပ်များကို သဟိတ် ဟု ဟောပါသည်။ သင်္ဂဟဆရာက သမ္ပယုတ်ဟိတ် မရှိသည်ကို ရည်ရွယ်၍ ရုပ်ဟူသမျှကို အဟိတ်ဟုဆိုပါသည်။

မေး။ အဗျာကတပဒ ဇော မူလယမက ပဋိလောမ ၌ အဗျာကတ တရားတို့သည် ရုပ်ကို ဖြစ်စေနိုင်ပါလျက် ကုသလပဒ တို့ကဲ့သို့ "အဗျာကတ သမုဋ္ဌာနံ ရူပံ" ဟု ဝိဘင်းမထွက်ဘဲ(အာမန္တာ) ဟု အဘယ့်ကြောင့် ဝိဘင်း ထွက်ရပါသနည်း။

ဖြေ။ အဗျာကတ တရားတို့သည် ရုပ်ကိုဖြစ်စေနိုင်သော်လည်း ရုပ်မှန်သမျှ အဗျာကတ တရား ပင်ဖြစ်သောကြောင့် ကုသလပဒ စသည်တို့ကဲ့သို့ အဗျာကတသမုဋ္ဌာနံရူပံ ဟုဝိဘင်း မထွက်ဘဲ (အာမန္တာ) ဟု ဝိဘင်းထွက်ရပါသည်။

**မေး။** ပဝတ္တိ ကမ္မဇရုပ်တို့ကို သဟိတ် အဗျာကတ တရား၌ အဘယ့်ကြောင့် မကောက်ရပါသနည်း။

**ဖြေ။** ပဝတ္တိ ကမ္မဇရုပ် တို့သည် စိတ်နှင့်မစပ်၍ ဟိတ်နှင့်လည်း မယှဉ်ပါ၊ ကံနှင့်သာစပ်၍ ဖြစ်သောကြောင့် သဟိတ် အဗျာကတ တရားတို့၌ ထည့်သွင်း၍ မကောက်ရပါ။

**မေး။** နာမပဒ – ၌ အဟိတ်နာမ်၊ သဟိတ်နာမ် တို့ကို အကြောင်းပြ၍ ခွဲပြပါ။

**ဖြေ။** အဟိတ်စိတ် အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ၊ နိဗ္ဗာန်တို့ကို သမ္ပယုတ်ဟိတ် မရှိသောကြောင့် အဟိတ်နာမ် ဟုခေါ်ပါသည်။

သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပဉ္ဉာသ တို့ကို သမ္ပယုတ်ဟိတ် ရှိသောကြောင့် သဟိတ်နာမ် ဟုခေါ်ပါသည်။

**မေး။** နာမပဒဧကမူလယမက ဝိဿဇ္ဇနာ ပါဠိ၌ အဟေတုကံနာမံ နာမ မူလေန ဧကမူလံ ဟူ၍လည်းကောင်း၊ အဟေတုကံ နာမမူလေန ဧကမူလံ ဟူ၍လည်းကောင်း၊ ပါဠ်နှစ်ထွေရှိရာ မည်သည့်ပါဠ် မှန်သည်ဟု အကြောင်းပြ ဖြေဆိုပါ။

**ဖြေ။** နာမံ ပါသော ပါဠိကို အလွန် ထင်ရှားစေလိုသောကြောင့် လည်းကောင်း၊ နာမံ – မပါသော ပါဠိကို ယေ ကေစိ နာမာ ဓမ္မာ ဟူ သော ပါဠိထုတ်နုတ်ပြီးဖြစ်၍ သိလောက်ပြီ ဖြစ်သောကြောင့် လည်းကောင်း ဟောထားသည် ဖြစ်၍ ဤ (၂) ပါဠ်လုံး သင့်ပါသည်။

**မေး။** မူလယမိုက်၌ သာမညလက္ခဏာ အားဖြင့်–

(က) မူလ မည်သော တရား။

(ခ) ဧကမူလ မည်သော တရား။

(ဂ) အညမညမူလ မည်သော တရားတို့ကို ဖော်ပြပါ။

**ဖြေ။** (က) ဟိတ် (၆) ပါးသည် မူလ မည်ပါသည်။

(ခ) သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိတ်ဒွေပဉ္ဉာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် တရားအပေါင်းသည် ဧကမူလ မည်ပါသည်။

(ဂ) မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ် (၆) ပါးသည် အညမည မူလ မည်ပါသည်။

**မူလယမကအမေးအဖြေပြီး၏**

## ခန္ဓယမက အမေး အဖြေ

မေး။ မူလယမိုက်၏ အခြားမဲ့၌ ခန္ဓယမိုက်ကို အဘယ်ကြောင့် ဟောတော်မူရပါသနည်း။

ဖြေ။ မူလယမိုက်၌ ဟောတော် မူအပ်ကုန်သော ကုသိုလ်စသော တရားတို့ကို ခန္ဓဒေသနာ ပြုလုပ်၍ ဟောတော် မူလိုသောကြောင့် မူလယမိုက်၏ အခြားမဲ့၌ ခန္ဓယမိုက်ကို ဟောတော်မူ၏။

မေး။ ခန္ဓာကို (၄) ပါး, (၆) ပါး စသည်ဖြင့် အယုတ် အလွန် ဟောတော်မမူဘဲ အဘယ့်ကြောင့် (၅) ပါးသာ ဟောပါသနည်း။

ဖြေ။ အလုံးစုံသော သင်္ခတ တရားတို့ကို တူရာပေါင်း၍ ယူခြင်းကြောင့် လည်းကောင်း၊ ငါ, ငါ့ဥစ္စာ ဟု စွဲလမ်းခြင်းသည် ခန္ဓာ (၅) ပါး သာလျှင် အတိုင်းအရှည်ရှိသောကြောင့် လည်းကောင်း၊ တစ်ပါးသော တရားတို့၏ ခန္ဓာငါးပါး တို့၌၊ သက်ဝင်ခြင်းကြောင့် လည်းကောင်း၊ (၄) ပါး, (၆) ပါး စသည်ဖြင့် အယုတ် အလွန် မဟောဘဲ (၅) ပါးသာ ဟောရပါသည်။

မေး။ ခန္ဓယမိုက် ဟောတော်မူရခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

ဖြေ။ ခန္ဓယမိုက်သည် ခန္ဓဝိဘင်း မှ ထွက်၍ ထိုခန္ဓာတို့သည် ကာလအားဖြင့် လည်းကောင်း၊ ဘုံ ပုဂ္ဂိုလ် အားဖြင့် လည်းကောင်း၊ ပရိညာ အားဖြင့် လည်းကောင်း၊ အဘယ်သို့လျှင် သိအပ်ကုန်သနည်း ဟု ဝေနေယျတို့၏ သံသယကို ပယ်ဖျောက်ခြင်းငှာ ခန္ဓယမိုက်ကို ဟောတော်မူပါသည်။

မေး။ သုဒ္ဓခန္ဓဝါရ ပဋိလောမ ၌ ခန္ဓာရုပ် ဟု သာမည ရှိပါလျက် ခန္ဓာရူပက္ခန္ဓ ဟု အဘယ်ကြောင့် ဝိသေသ ယောဇနာ ရပါသနည်း။

ဖြေ။ သုဒ္ဓခန္ဓဝါရ ပဋိလောမ၌ ခန္ဓာ ရုပ် ဟု သာမည ရှိသော်လည်း နိဒ္ဒေသဝါရ၌ ရူပက္ခန္ဓော စသည်ဖြင့် ဝိသေသ ဝေဖန်ထားသောကြောင့် ခန္ဓာ,ရူပက္ခန္ဓ ဟု ဝိသေသ ယောဇနာ ရပါသည်။

မေး။ သုဒ္ဓခန္ဓဝါရ ပဋိလောမ၌ ခန္ဓာ,ရုပ် ကို ရူပက္ခန္ဓော ဟု ယောဇနာခြင်းသည် ရုပ်မရှိ၊ ရူပက္ခန္ဓော သာ ရှိ၏ ဟု မှတ်ရမည်လော။

ဖြေ။ သုဒ္ဓခန္ဓဝါရ ပဋိလောမ၌ ခန္ဓာ,ရုပ် ဟုသာ ရှိသော်လည်း သဒ္ဒါကို ပမာဏမပြု အနက်ကိုသာ ပမာဏပြု၍ "ခန္ဓာ ရူပက္ခန္ဓော" ဟု ယောဇနာသောကြောင့် ရုပ် မရှိ၊ ရူပက္ခန္ဓော သာရှိ၏ဟု မမှတ်ရပါ။

မေး။ ပိယရုပ်၊ သာတရုပ် ၌ ရုပ်အဋ္ဌဝိသ ပင်ဖြစ်ပါလျက် အဘယ့်ကြောင့် နရူပက္ခန္ဓော ဟု ဟောရပါသနည်း။

ဖြေ။ ပိယရုပ်၊ သာတရုပ် သည် ရုပ်အဋ္ဌဝိသပင်ဖြစ်သော်လည်း ပိယရုပ်၊ သာတရုပ် မည်သော ရုပ်အဋ္ဌ ဝိသကား ချစ်အပ် သာယာအပ်သော အပေါင်း ရုပ်ဖြစ်၍ ရူပအမည် သာရသည်။ ရုပ္ပနသဘော မရှိ၍ ရူပက္ခန္ဓော အမည်မရ၊ ထို့ကြောင့် ယင်းပိယရုပ်,သာတရုပ်ကို "နရူပက္ခန္ဓော" ဟု ဟောတော်မူ ပါသည်။

မေး။ ဘူတရုပ်၊ ဥပါဒါရုပ် တို့သည် အဘယ်ကြောင့် ရူပလည်းမည်၊ ရူပက္ခန္ဓာ လည်းမည်ပါသနည်း။

ဖြေ။ လောကီခန္ဓာ အစိတ်ဖြစ်သော ဘူတရုပ်၊ ဥပါဒါရုပ် သည် ချစ်အပ် သာယာအပ်သော သဘောရှိ

သောကြောင့် ရူပလည်း မည်ပါသည်။ ရုပ္ပနလက္ခဏာ သဘောရှိသောကြောင့် ရူပက္ခန္ဓာလည်း မည်ပါသည်။

**မေး။** တဏှာ၏အာရုံဖြစ်သောနှင့်, တဏှာ၏အာရုံဖြစ်ထိုက်သော- လည်းကောင်းစကား (၂) ရပ်တို့တွင် မည်သည့် စကားရပ်က သဘာဝကျသည်ဟု ဆုံးဖြတ်ခဲ့ပါ။

**ဖြေ။** ပိယရုပ်၊ သာတရုပ် ကို တဏှာ၏ အာရုံဖြစ်သောဟု ဝိသေသန မျှကောက်ခြင်းသည် တဏှာ ၏ အာရုံမဟုတ်သော ဝိပဿနာ ကုသိုလ် စသည်တို့၏ အာရုံဖြစ်သော လောကီတရားတို့ကို (နှ/ရူပ်) ဟူသော ပစ္စနိက်၌ ရသင့်သကဲ့သို့ ဖြစ်သော်လည်း၊ လောကုတ္တရာတရား, ပညတ် တရားတို့ကိုသာ ရသည်ဖြစ်၍ အနုလုံနှင့် ပစ္စနိက် အညမည ဝိရောဓိ ဖြစ်၍ တဏှာ၏ အာရုံဖြစ်သော ဟူသော စကားရပ် သဘာဝမကျပါ။

ပိယရုပ်၊ သာတရုပ်ကို တဏှာ၏ အာရုံဖြစ်ထိုက်သော ဟု ဝိသေသန - မျှကောက်ခြင်းသည် တဏှာ၏ အာရုံ ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ လောကီတရား အားလုံးကို ပင် ပိယရုပ်၊ သာတရုပ်ဟု ဆိုသောကြောင့် (နှ/ရူပ်) ဟူသော ပစ္စနိက်၌ လောကုတ္တရာ တရား ပညတ် တရားတို့ကို ကောက်ရခြင်းသည် အနုလုံနှင့် ပစ္စနိက် အညမညဝိရောဓိ မဖြစ်၍ တဏှာအာရုံ ဖြစ်ထိုက်သော ဟူသောစကားရပ်က သဘာဝ ကျပါသည်။

**မေး။** တဏှာ၏အာရုံပြုသောအခါသာ ပိယရုပ်၊ သာတရုပ် အမည် ရပါသလော။

**ဖြေ။** ပိယရုပ်၊ သာတရုပ် ဟူရာဝယ် တဏှာ၏ အာရုံပြုသော အခါသာ မည်သည်မဟုတ်၊ ဥပမာအားဖြင့် ဘောဇဉ်ဟူသည် မစားသော အခါ၌လည်း စားခြင်းငှာ ထိုက်သောကြောင့် ဘောဇဉ် ဟူသော အမည်ကို ရသကဲ့သို့, တဏှာ၏ အာရုံမပြုသော အခါ၌လည်း ပြုခြင်းငှာ ထိုက်သောကြောင့် ပိယရုပ်၊ သာတရုပ် ပင်မည်ပါသည်။

ပဏ္ဏတ္တိဝါရပြီး၏

● ● ● ● ● ● ● ● ● ● ● ●

## ပဝတ္တိဝါရ အမေးအဖြေ

**မေး။** ဥပ္ပါဒဝါရ အမည်ရပုံကို ပြဆို၍၊ ယင်းဝါရဖြင့် ပယ်အပ်သောတရား, ဖြစ်ပေါ်သောဉာဏ်နှင့် ထင်မြင်သော လက္ခဏာ ကိုပြဆိုပါ။

**ဖြေ။** ခန္ဓာ စသော တရားတို့၏ ဥပ္ပါဒလက္ခဏာကို ပြဆိုသော ဝါရသည် ဥပ္ပါဒ ဝါရမည်ပါသည်။ ယင်း ဥပ္ပါဒဝါရဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်၍၊ ဖြစ်ပေါ်သောဉာဏ်ကား ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ပြီး ဒုက္ခလက္ခဏာ ထင်ပါသည်။

**မေး။** နိရောဓ ဝါရ အမည်ရပုံကို ပြဆို၍၊ ယင်းဝါရဖြင့် ပယ်အပ်သော တရား၊ ဖြစ်ပေါ်သော ဉာဏ်နှင့် ထင်မြင်သော လက္ခဏာ ကိုပြဆိုပါ။

**ဖြေ။** ခန္ဓာ စသော တရားတို့၏ နိရောဓ လက္ခဏာကို ပြဆိုသော ဝါရသည် နိရောဓ ဝါရ မည်ပါသည်။ ယင်း နိရောဓ ဝါရဖြင့် သဿတဒိဋ္ဌိ ကိုပယ်၍၊ ဖြစ်ပေါ်သော ဉာဏ်ကား ဘင်္ဂဉာဏ် ဖြစ်ပေါ်ပြီး အနိစ္စ လက္ခဏာ ထင်ပါသည်။

မေး။ ဥပ္ပါဒနိရောဓဝါရ အမည်ရပုံကို ပြဆို၍ ယင်း ဝါရဖြင့် ပါယ်အပ်သော တရား၊ ဖြစ်ပေါ်သောဉာဏ်နှင့် ထင်မြင်သော လက္ခဏာကို ပြဆိုပါ။

ဖြေ။ ခန္ဓာ စသော တရားတို့၏ ဥပ္ပါဒနိရောဓ လက္ခဏာကို ပြဆိုသော ဝါရသည် ဥပ္ပါဒ နိရောဓ ဝါရ မည်ပါသည်။ ယင်း ဥပ္ပါဒနိရောဓ ဝါရဖြင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးစုံကို ပါယ်၍၊ ဖြစ်ပေါ်သော ဉာဏ်ကား ဘင်္ဂစသောဉာဏ်များ ဖြစ်ပေါ်ပြီး အနတ္တလက္ခဏာ ထင်ပါသည်။

မေး။ ပစ္စုပ္ပန္နဝါရ၊ အတီတဝါရ၊ အနာဂတဝါရ တို့ကို ဒေသနက္ကမ ဟောရခြင်း၏ အကြောင်းကို ရေးပါ။

ဖြေ။ မျက်မှောက်ဖြစ်ဆဲ ခံစားဆဲဖြစ်၍ အလွန်သိလွယ်သောကြောင့် ပစ္စုပ္ပန္နဝါရကို ရှေးဦးစွာ ဟောတော်မူပါသည်။

ဖြစ်ဘူးဖြစ်၍ ခံစားဘူးဖြစ်၍ အနာဂတထက် သိလွယ်သောကြောင့် ပစ္စုပ္ပန္နဝါရ၏ အခြားမဲ့၌ အတီတဝါရကို ဟောတော်မူပါသည်။

ဖြစ်ဆဲ ခံစားဆဲ ဖြစ်ဘူး ခံစားဘူးသော တရားတို့ကို မှန်းဆ၍ နောင်အခါ ဤကဲ့သို့သော တရားမျိုးတို့သည် ဖြစ်ကုန်လတ္တံ့ ဟု သိအပ်လေသောကြောင့် အတီတဝါရ၏ အခြားမဲ့၌ အနာဂတဝါရကို ဟောတော်မူပါသည်။

မေး။ ပုဂ္ဂလ၊ ဩကာသ၊ ပုဂ္ဂလောကာသ ဝါရတို့၏ အဓိပ္ပါယ်ကို သိသာရုံ ရေးပါ။

ဖြေ။ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ခန္ဓာ စသော တရားတို့၏ ဖြစ်ပုံ,ချုပ်ပုံကို ပြသောဝါရသည် ပုဂ္ဂလဝါရမည်ပါသည်။ အရပ်ဒေသ၏ အစွမ်းအားဖြင့် ခန္ဓာ စသော တရားတို့၏ ဖြစ်ပုံ,ချုပ်ပုံကို ပြသော ဝါရသည် ဩကာသဝါရ မည်ပါသည်။

ပုဂ္ဂိုလ်၊ အရပ်၊ နှစ်ဌာနတို့၏ အစွမ်းဖြင့် ခန္ဓာ စသော တရားတို့၏ ဖြစ်ပုံ,ချုပ်ပုံကို ပြသော ဝါရသည် ပုဂ္ဂလောကာသ ဝါရ မည်ပါသည်။

မေး။ ပဏ္ဏတ္တိဝါရ၌၊ ဝေဒနက္ခန္ဓာမူစသည်ဝယ် ရေးရေးသော ရူပက္ခန္ဓာမူစသည်တို့ကို မူလ်သွတ်၍ ဟောသကဲ့သို့ ဤ ပဝတ္တိဝါရ၌ ရေးရေးသော ခန္ဓာတို့ကို အဘယ့်ကြောင့် မူလ်သွတ်၍ မဟောပါသနည်း။

ဖြေ။ အနက်ထူး မရှိသောကြောင့် ဤ ပဝတ္တိဝါရမှာ ပဏ္ဏတ္တိဝါရကဲ့သို့ ရေးရေးသော ခန္ဓာတို့ကို မူလ်သွတ်၍ မဟောပါ။

မေး။ ခန္ဓ၊ အာယတန၊ ဓာတုယမိုက်၊ ပဝတ္တိဝါရ တို့၌ ဟောသော ပုဂ္ဂိုလ်နှင့် မဟောသော ပုဂ္ဂိုလ်များကို ခွဲခြား၍ ရေးသားပါ။

ဖြေ။ ခန္ဓ၊ အာယတန၊ ဓာတုယမိုက် ပဝတ္တိဝါရတို့၌- ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်၊ ဤ (၈) ယောက်သော ပုဂ္ဂိုလ်တို့ကိုသာ ဟောပါသည်။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် (၄) ယောက်ကို၊ စုတိပဋိသန္ဓေ၏ အစွမ်းအားဖြင့် မဖြစ်သောကြောင့် မဟောပါ။

မေး။ အသေ အရှင် ပုဂ္ဂိုလ်များကို ခွဲခြား ရေးသားပါ။

ဖြေ။ ပုဂ္ဂိုလ် တစ်ကျိပ်နှစ်ယောက် တို့တွင် ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်

ပေါင်း (၇) ယောက်သော ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေ နေနိုင်သော ပုဂ္ဂိုလ်များဖြစ်၍ အရှင်ပုဂ္ဂိုလ် ဟု ခေါ်ပါသည်။

ပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် ပေါင်း (၈) ယောက်သော ပုဂ္ဂိုလ်တို့သည် စုတေနိုင်သော ပုဂ္ဂိုလ်များ ဖြစ်၍ အသေပုဂ္ဂိုလ် ဟု ခေါ်ဆိုရပါမည်။

မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် လေးယောက်တို့သည် ပဋိသန္ဓေလည်း မနေနိုင်၊ စုတေလည်း မစုတေ နိုင်သော ပုဂ္ဂိုလ်များဖြစ်၍ မသေ မရှင် ပုဂ္ဂိုလ် ဟု ခေါ်ပါသည်။

**ဆောင်** ပုလေးအောက်ဖ၊ သုံးယောက်မျှ၊ ယှက်ကြသန္ဓေရှင်သူပေ။
ပု၊ဖ၊စတု ပုဂ္ဂိုလ်ရှု၊ စုတိခန္ဓေသေသူတွေ။
သေရှင်မရ၊ မဂ္ဂဋ္ဌ၊ မှတ်ကြပုံသေ လေးယောက်ပေ။

**မေး။** အောက်ပါ ပုဂ္ဂိုလ်များကို ခွဲခြားပြပါ။

(က) ရှင်သာရှင်၍၊ မသေသောပုဂ္ဂိုလ်၊ အကနိဋ္ဌအနာဂါမ်။
(ခ) သေသာသေ၍၊ မရှင်သောပုဂ္ဂိုလ်၊ ရဟန္တာ။
(ဂ) ရှင်လည်းရှင်၊ သေလည်း သေသော ပုဂ္ဂိုလ်၊ ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် (၃) ယောက်။
(ဃ) မရှင်လည်းမရှင်၊ မသေလည်း မသေသော ပုဂ္ဂိုလ်၊ မဂ္ဂဋ္ဌာန်လေးယောက်။

တနည်း

(က) အကနိဋ္ဌအနာဂါမ်။
(ခ) ရဟန္တာ။
(ဂ) ပုထုဇဉ်လေးယောက်၊ အောက်ဖလဋ္ဌာန်သုံးယောက်။
(ဃ) မဂ္ဂဋ္ဌာန်လေးယောက်။

( ဤသို့ က၊ ခ၊ စသည်ထိုး၍လည်း ဖြေနိုင်ပါသည် )

**ဆောင်။** အကနိဋ္ဌ၊ အနာဂါမ်၊ ရှင်ရန်တစ်ခုသာ။ ရဟန္တာမှာ သေရုံသာတည်း။ ပုလေး၊ အောက်ဖ ရှင်သေရ၏၊ မဂ္ဂလေးမှာ၊ သေတာမရှိ ရှင်မရှိ။ ကဝိမှတ်ကုန်ရာ။

**ဆောင်။** သုဒ္ဓါဝါသ၊ ဘူးမရ၊ အသညသတ် ဖြစ်မရ။ အပါယိက၊ စစ်မရ၊ အကနိဋ္ဌ တုမရ။

**မေး။** သုဒ္ဓါဝါသ ဘူးမရ၏ အဓိပ္ပါယ်ကို ပေါ်လွင် ထင်ရှားစွာ ရေးသားပါ။

**ဖြေ။** သုဒ္ဓါဝါသ ပုဂ္ဂိုလ်တို့သည် သဒ္ဓါစသော ဣန္ဒြေများ လွန်ကဲသော ပုဂ္ဂိုလ်တို့ဖြစ်ကြ၍ မိမိ ဖြစ်ခိုက်သောဘုံ၌ နစ်ကြိမ်ထပ်၍ မဖြစ်ကောင်းပါ။ ထို့ကြောင့် ဖြစ်ဘူး ချပ်ဘူး မရသည်ကို သုဒ္ဓါဝါသ ဘူးမရ ဟု ဆိုပါသည်။

မေး။ သုဒ္ဓါဝါသ ဘူးမရ ဟူသော စကားသည် ယမိုက် (၁၀) ကျမ်းလုံးနှင့် သက်ဆိုင်သော စကားဟု မှတ်ရမည်လော၊ အဘယ့်သို့ မှတ်ရမည်နည်း။

ဖြေ။ သုဒ္ဓါဝါသ ဘူးမရ ဟူသောစကားသည် အဒ္ဓါပစ္စုပ္ပန်၏ အစွမ်းဖြင့် ပိုင်းခြား၍ ဟောတော်မူအပ်သော ခန္ဓာ၊ အာယတန၊ ဓာတုယမိုက်တို့နှင့် သက်ဆိုင်သော စကား ဟု မှတ်ရပါမည်။ ပဝတ္တိအခါ ခဏပစ္စုပ္ပန်ဖြင့်လည်း ပိုင်းခြား၍ ဟောတော်မူအပ်သော သစ္စယမိုက် စသည်တို့နှင့် မသက်ဆိုင်ပါ။

မေး။ အသညသတ် ဖြစ်မရဟူသော စကား၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ အသညသတ် ပုဂ္ဂိုလ်များ စုတေပြီးက အသညသတ် ဘုံသို့ တစ်ဖန်ထပ်၍ မဖြစ်၊ ကာမဘုံသို့ ဧကန်ဖြစ်ရမည်ကို ရည်၍ အသညသတ် ဖြစ်မရ ဟု ဆိုပါသည်။
(အသညသတ်ဘုံ၊ စုတိတုံက၊ ကာမတိဟိတ်၊ ဒွိဟိတ်သန္ဓေ ရစ်ခု နေ၏)
အနာဂတဝါရ၌၊ ဖြစ်ပြန်ကောင်း အသညသတ်၊ မဖြစ်ပြန်ကောင်း အသညသတ်မှာ သံသရာ၌ ကျင်လည်ရသော သတ္တဝါတို့သည် တစ်ချိန်ချိန်၌ ဖြစ်နိုင်သေးသည်ကို ရည်၍ ဖြစ်ပြန်ကောင်း ဟုဆိုသည်။

မေး။ အပါယိက စစ်မရ ဟူသော စကား၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ပစ္ဆိမဘဝိက အရကောက်ရာဝယ် အစစ် အတု ကောက်ရာ၌ ပစ္ဆိမဘဝိက အစစ် ကောက်သောအခါ အပါယ်ကြဉ်၍ ကောက်ရသည်ကို အပါယိက စစ်မရဟု ဆိုပါသည်။

မေး။ အကနိဋ္ဌ တုမရ ဟူသော စကားရပ်၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

ဖြေ။ ပစ္ဆိမဘဝိက အတုကောက်ရာဝယ် မိမိ ဖြစ်ဆိုက်သော ဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ဟု အတု ကောက်ရာ၌ အကနိဋ္ဌကြဉ်၍ ကောက်ရသည်ကို အကနိဋ္ဌ တုမရ ဟုဆိုပါသည်။

မေး။ အတုကောက်ရာ၌ အကနိဋ္ဌဘုံကို အဘယ့်ကြောင့်ကြဉ်ရပါသနည်း။

ဖြေ။ အကနိဋ္ဌဘုံ၌ အနာဂါမ်တို့သည် မိမိဘုံတွင်လည်း ထပ်၍မဖြစ်၊ တစ်ခြားဘုံသို့လည်းပြောင်း၍မဖြစ်- အကနိဋ္ဌဘုံတွင်သာ ရဟန္တာ - ဖြစ်၍ ပရိနိဗ္ဗာန်ပြုတော့သည်သာ ဖြစ်သောကြောင့် အတုကောက်ရာ၌ အကနိဋ္ဌဘုံကိုကြဉ်ရပါသည်။ (အစစ်သာရသည်)

မေး။ ကမ္မဇကလာပ် (၃) စည်း၊ (၇) စည်း၊ (၄) စည်းအရ ရှင်းပြပါ။

ဖြေ။ ဂဗ္ဘသေယျကကိုရည်၍ (၃) စည်း။ သံသေဒဇ ဩပပါတိက ကိုရည်၍ (၇) စည်း ရူပါဝစရကိုရည်၍ (၄) စည်းဟုဆိုပါသည်။

ဆောင်။ ဂဗ္ဘသုံးရှု၊ သံ,ဥ- ခုနစ်ပြီ၊ ရူပီလေး၀၊ ဖြစ်ကြောင်းပြ ရူပကလာပါ။

မေး။ ဒိဝိတ ဆက္ကဆိုသည်ကား အဘယ် တရားများကို ဆိုပါသနည်း။

ဖြေ။ ဒိဝိတဆက္က ဟူသည် မူလဋီကာ ဆရာအလိုအားဖြင့် ဒိဝိတနဝက ကလာပ်တွင် ဂန္ဓ၊ ရသ၊ ဩဇာ ကို ကြဉ်၍ ဒိဝိတဆက္က ဟု ဆိုပါသည်။

**မေး။** ပါဠိဂတိ ဝိသဇ္ဇနာ, ပဋိသေဓ ဝိသဇ္ဇနာ တို့ကား သန္နိဋ္ဌာန်ပုဒ် အရသာရှိ၍ သံသယပုဒ် အရ မရှိကုန်ရကား အတူတူပင်ဖြစ်သည် မဟုတ်ပါလော။

**ဖြေ။** မတူပါ။ ခန္ဓာတို့၏ ဖြစ်ခြင်း,ချုပ်ခြင်းကို မြစ်၍ ဖြေသည်ကား ပဋိသေဓ။

**တနည်း** - နော ဟု ဖြေသည်ကား ပဋိသေဓ။ န - အက္ခရာကိုပယ်၍ ဖြေသည်ကား ပါဠိဂတိဝိသဇ္ဇနာ ဤသို့ ထူးခြားသောကြောင့် အတူတူမဟုတ်ပါ။

**မေး။** အဘယ်ဘုံများကို ဘဝသီသ၊ ဘဝသေဋ္ဌ၊ ဘဝဂ္ဂ ဟု ခေါ်ပါသနည်း။

**ဖြေ။** ဝေဟပ္ဖိုလ်ဘုံ၊ အကနိဋ္ဌဘုံ၊ နေဝသညာ နာသညာ ယတနဘုံ၊ ၎င်း (၃) ဘုံ၌ ဖြစ်သော ဗြဟ္မာတို့သည် အခြား ဘုံတို့သို့ ပြောင်း၍ မဖြစ်သောကြောင့် ဘဝသီသ၊ ဘဝသေဋ္ဌ၊ ဘဝဂ္ဂ ဟု ခေါ်ဆိုရပါသည်။

**ဆောင်** သေဋ္ဌဘဝ၊ ဘုံဌာနဌ်၊ ဖြစ်ကြရိယာ၊ အောက်ထက်ရွာသို့၊ ဘယ်ခါကူးပြောင်း၊ မဖြစ်ကောင်း မှတ်ကြောင်း ဧကန်သာ။ ထက်ဗြဟ္မာ့ဘုံ၊ ရိယာကုန်၊ အောက်ဘုံ မဆင်းပါ။

**မေး။** ဘဝသီသ (၃) ဘုံ တို့တွင် အကနိဋ္ဌ သာ အတုမရ၍၊ ကြွင်းသော (၂) ဘုံမှာ အဘယ့်ကြောင့်အတု ရပါသနည်း။

**ဖြေ။** ဝေဟပ္ဖိုလ်ဘုံ၊ အကနိဋ္ဌဘုံ၊ နေဝသညာ နာသညာ ယတနဘုံ ၌ ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည် (အရိယာ နောပ ပဇ္ဇရေ ) အရ တစ်ပါးဘုံသို့ မပြောင်းတော့ပြီ ထို (၃) ဘုံတို့တွင် အကနိဋ္ဌ ဘုံ၌သာ ပုထုဇဉ်မရှိ၊ အရိယာ တို့သာတည်း။ ထိုအရိယာတို့သည် တစ်ဖန် ပဋိသန္ဓေမနေ တစ်ပါးဘုံသို့လည်း မဖြစ်သောကြောင့် အတုမရပါ။ ဝေဟပ္ဖိုလ်ဘုံ၊ နေဝသညာနာသညာယတန ဘုံတို့၌ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် မိမိဘုံ၌လည်း ထပ်၍ ဖြစ်၏ တပါးဘုံ၌လည်း ဖြစ်၏ ထို့ကြောင့် အတုရပါသည်။

**မေး။** အနာဂါမ် ဟူသည်၊ အရိယာအနာဂါမ်သာ ရှိသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဈာန်အနာဂါမ် ဟု ခေါ်ဆိုကြပါသနည်း။

**ဖြေ။** ပဋိသန္ဓေ၏ အစွမ်းဖြင့် တဖန် ကာမဘုံသို့ မလာသော အရိယာ ပုဂ္ဂိုလ်ကို အနာဂါမ် ဟု ခေါ်သကဲ့သို့ ဗြဟ္မာ့ဘုံ၌ ဖြစ်သော သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် နောင်တဖန် ပဋိသန္ဓေ၏ အစွမ်းဖြင့် ကာမဘုံသို့ ဖြစ်ဘွယ်မရှိသောကြောင့် လည်းကောင်းပုဂ္ဂိုလ်တို့ကိုလည်း ဈာန်အနာဂါမ် ဟု ခေါ်ပါသည်။

**ဆောင်** ဗြဟ္မာ့ဘုံကြွ၊ သောနှင့်သ၊ ဈာနအနာဂါမ်။

**မေး။** ဖြစ်လတ္တံ့၊ ချုပ်လတ္တံ့ နှစ်ပါးတို့၏ ထူးခြားပုံကို ရေးခဲ့ပါ။

**ဖြေ။** ချုပ်လတ္တံ့မှာ ပစ္ဆိမဘဝိက ဥပပဇ္ဇန္တ ပုဂ္ဂိုလ်ရသည်။
ဖြစ်လတ္တံ့မှာ ပစ္ဆိမဘဝိက ဥပပဇ္ဇန္တ ပုဂ္ဂိုလ်မရပါ။ ဤကား အထူးတည်း။
(နိရောဓ အနာဂတပုဂ္ဂလဝါရ ထောက်ပါလေ)

မေး။ ခန္ဓယမက ပဝတ္တိဝါရ၌ ဌာနပေါင်း အဘယ်မျှ ရှိပါသနည်း။

ဖြေ။ ခန္ဓယမက ပဝတ္တိဝါရ၌ အသညသတ် (၄) ဌာန၊ အရူပ (၇) ဌာန၊ ပဉ္စဝေါကာရ (၆) ဌာန၊ သုဒ္ဓါဝါသ (၄) ဌာန၊ သဗ္ဗ (၂) ဌာန၊ သာစာရဏ (၂) ဌာန၊ စတုဝေါကာရ ပဉ္စဝေါကာရ (၂) ဌာန ပေါင်း (၂၇) ဌာန ရှိပါသည်။

(အရကောက်စာအုပ်ကြီး စာမျက်နှာ (၁၀၀) မှာ ရှုလေ)

ဆောင် အသဉ်လေးဖြာ၊ အရူပါ၌၊ ခုနဖြာနော၊ ပဉ္စဝေါဆ၊ သုဒ္ဓ - စ - ဌာ။ သဗ္ဗာ၌ဒွိ။ မှတ်ဘိသာဓ၊ နှစ်ဝယှဉ်နော။ စတု + ပဉ္စ၊ ဝေါကာရမှာ။ နှစ်ဌာနှာ။ ပေါင်းပါ သတ်ဝိသ။

## ပဝတ္တိဝါရပြီး၏

---

## ပရိညာဝါရ အမေး အဖြေ

မေး။ ပဝတ္တိဝါရ၌ ပုဂ္ဂလ, ဩကာသ, ပုဂ္ဂလောကာသဟု သုံးဝါရကို ဟောတော်မူပါလျက်၊ ပရိညာဝါရ၌ အဘယ့်ကြောင့် ပုဂ္ဂလဝါရ ကိုသာ ဟောပါသနည်း။

ဖြေ။ ပရိညာဝါရ၌ တူသော ဝိဿဇ္ဇနာ ရှိသောကြောင့်။ ဝါ၊ အဖြေ တူသောကြောင့် ပုဂ္ဂလဝါရ ကိုသာ ဟောပါသည်။

တနည်း ပရိညာကိစ္စဟူသည် ပုဂ္ဂိုလ်အား သာဖြစ်၏။ ဩကာသအား မဖြစ်။ ပုဂ္ဂိုလ်သာလျှင် ပိုင်းခြား၍ သိခြင်းငှာ စွမ်းနိုင်၏။ ဩကာသသည် မစွမ်းနိုင်သောကြောင့် ပုဂ္ဂလဝါရ ကိုသာ ဟောပါသည်။ထိုသို့ ဩကာသဝါရကို မဟောသောကြောင့် ပုဂ္ဂလောကာသ ဝါရ ကိုလည်း မဟောပါ။

မေး။ ပရိညာဝါရ၌၊ ပဝတ္တိဝါရကဲ့သို့ စုတိ ပဋိသန္ဓေ ကိုမဟောမူ၍ အဘယ့်ကြောင့် ပဝတ္တိကိုသာ ဟောပါသနည်း။

ဖြေ။ စုတိ ပဋိသန္ဓေ အခါ၌ ပရိညာကိစ္စ မရှိသောကြောင့်၊ စုတိ ပဋိသန္ဓေ အခါ၌ မဟောမူ၍ ပဝတ္တိ အခါ၌သာ ဟောပါသည်။

မေး။ ပဝတ္တိဝါရနှင့် ပရိညာဝါရ ကာလ ထူးခြားပုံကို ရေးပါ။

ဖြေ။ ပဝတ္တိဝါရ၌ စုတိ ပဋိသန္ဓေ ၏ အစွမ်းအားဖြင့် ပိုင်းခြား ရပါသည်။ ပရိညာဝါရ၌ ပဝတ္တိအခါ စိတ္တက္ခဏ၏ အစွမ်းအားဖြင့် ပိုင်းခြားရပါသည်။ ဤသို့ထူးပါသည်။

မေး။ ယော ရူပက္ခန္ဓံ ပရိဇာနာတိ ဝယ် အောက်မဂ္ဂဋ္ဌာန်တို့လည်း ရူပက္ခန္ဓာ ကို ပိုင်းခြား၍ သိဆဲဖြစ်ပါလျက် အဘယ့်ကြောင့် အရဟတ္တမဂ္ဂဋ္ဌာန်ကိုသာ ကောက်ပါသနည်း။

ဖြေ။ အောက်မဂ္ဂဋ္ဌာန်တို့ ၁ည်၊ ရူပက္ခန္ဓာ ကို ပိုင်းခြား၍ သိဆဲမှန်သော်လည်း၊ ၎င်းပုဂ္ဂိုလ်တို့သည် ပရိညာကိစ္စ အပြီးသို့ မရောက်ကုန်၊ ဤ၌ ပရိညာကိစ္စ အပြီးသို့ ရောက်သော အရဟတ္တမဂ္ဂဋ္ဌာန် ကိုသာရည်၍ ဟောတော်မူသောကြောင့် အောက်မဂ္ဂဋ္ဌာန်တို့ကို မကောက်ဘဲ အရဟတ္တမဂ္ဂဋ္ဌာန်ကိုသာ ကောက်ပါသည်။

**မေး။** ယေ စ ပုထုဇ္ဇနာ မဂ္ဂံ နပဋိလဘိဿန္တိ ၌ အလျင်းပင် မဂ်ကို မရလတ္တံ့သည်ကို မရလတ္တံ့ - ဟု ဆိုပါသလော ရှင်းပြပါ။

**ဖြေ။** တစ်ဘဝ၊ နှစ်ဘဝ စသည်၌ မဂ်ကို မရလတ္တံ့သည်ကို မဆိုလိုပါ။ များသောအားဖြင့်မဂ်ကို ဘယ်အခါမျှ မရလတ္တံ့သော သံသယ သစ်ငုတ်၊ မြေစောင့်သတ္တဝါများကိုသာ ဆိုပါသည်။

**မေး။** ဤ ပရိညာဝါရ ၌ ဟောအပ်သော ပုဂ္ဂိုလ်များကို ရေးသားပါ။

**ဖြေ။** ဤ ပရိညာဝါရ ၌ ဟောအပ်သော ပုဂ္ဂိုလ်များကား၊ အရိယာ (၈) ယောက်၊ ပုထုဇဉ် (၂) ယောက် ပေါင်း (၁၀) ယောက်သော ပုဂ္ဂိုလ်များသာ ဟောပါသည်။

**ရှင်းလင်းချက်** အရိယာ (၈) ယောက် ဟူသော်ကား မဂ္ဂဋ္ဌာန် (၄) ယောက်၊ ဖလဋ္ဌာန်(၄)ယောက် – ပေါင်း (၈) ယောက်။

ပုထုဇဉ် (၂) ယောက် ဟူသော်ကား - နောင်အခါ၌ မဂ်ကို ရလတ္တံ့သော ဘဗ္ဗပုထုဇဉ် (၁) ယောက်၊ မဂ်ကိုအလျဉ်း မရလတ္တံ့သော အဘဗ္ဗပုထုဇဉ် (၁) ယောက် ပေါင်း ပုထုဇဉ် (၂) ယောက် ဖြစ်ပါသည်။

**ခန္ဓယမကအမေး - အဖြေ - ပြီး၏**

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

## အာယတနယမက - အမေး အဖြေ

**မေး။** ဒိဗ္ဗစက္ခုကို ဒုတိယဝိဇ္ဇာဉာဏ်၊ ပညာစက္ခုကို တတိယဝိဇ္ဇာဉာဏ် ဟု အဘယ့်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** ပု–ဒိ–အာ– ဟူသော ဝိဇ္ဇာ (၃) ပါးတို့တွင် ဒိဗ္ဗစက္ခုသည် နှစ်ခုမြောက်သော ဝိဇ္ဇာဉာဏ် ဖြစ်သောကြောင့် လည်းကောင်း၊ပညာစက္ခု သည် (၃) ခုမြောက်သော ဝိဇ္ဇာဉာဏ် ဖြစ်သောကြောင့် လည်းကောင်း၊ ဒိဗ္ဗစက္ခု ကို ဒုတိယဝိဇ္ဇာဉာဏ်၊ ပညာစက္ခု– ကို တတိယဝိဇ္ဇာဉာဏ် ဟု ဆိုရပါသည်။

**မေး။** စက္ခာယတန သည်လည်း ဓမ္မပင်ဖြစ်၍ ဓမ္မာယတန (၁) ခုတည်းကိုသာ ဟောသင့်ပါလျက် အဘယ့်ကြောင့် အာယတန (၁၂) ပါး ဟောရပါသနည်း။

**ဖြေ။** (၆) ပါးသော ဝိညာဉ် အပေါင်းတို့ဖြင့် ဒွါရ အာရုံ တို့ကို ပိုင်းခြား မှတ်သားစေခြင်းငှာ အာယတန (၁၂) ပါး ဟောရပါသည်။

**မေး။** အဘယ့်ကြောင့် အာယတန မည်ပါသနည်း။

**ဖြေ။** စိတ်၊ စေတသိက် တို့၏ လုံ့လပြုရာ (ဝါ) မိမိတို့ ကိစ္စကို ပြုရာဖြစ်သောကြောင့် အာယတန မည်ပါသည်။

တနည်း: ဒွါရ အာရုံ၌ဖြစ်ကုန်သော စိတ် စေတသိက်တို့ကို ချဲ့တတ်သောကြောင့် အာယတန မည်ပါသည်။

တနည်း: ရှည်စွာသော သံသရာ ဝဋ်ဆင်းရဲကို ဆောင်တတ်,ဖြစ်တတ် သောကြောင့် အာယတန မည်ပါသည်။

မေး။ ဒိဋ္ဌိစက္ခု၊ ပညာစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခု၊ ဓမ္မ စက္ခု ဟု စက္ခု (၅) ပါး ရှိရာ အဘယ့်ကြောင့် ဒိဗ္ဗစက္ခု နှင့် ပညာစက္ခု သာ ဟောတော်မူပါသနည်း။

ဖြေ။ ဒိဗ္ဗစက္ခု, ပညာစက္ခု (၂) ပါးသာ နီးစပ်သောကြောင့် ဟောတော်မူပါသည်။ ကြွင်း (၃) ပါး တို့က အလွန်ဝေးသောကြောင့် ဟောတော်မမူပါ။

မေး။ ဒိဗ္ဗသောတ၊ တဏှာသောတ ၌ တဏှာကို အဘယ့်ကြောင့် သောတဟု ဆိုပါသနည်း။

ဖြေ။ သဒ္ဒါရုံ ကိုကြား တတ်သောကြောင့် တဏှာကို သောတဟု ဆိုသည်မဟုတ်ပါ။ စက္ခုဒွါရ စသည်တို့၏ အစွမ်းအားဖြင့် ရှုပါရုံ အစရှိသော အာရုံတို့၌ ယိုစီးတတ်သည်ဖြစ်၍ (ဝါ) အလုံးစုံသော ဘဝတို့၌ ယိုစီးတတ်သည်ဖြစ်၍ ရေအယဉ်နှင့် တူသောကြောင့် တဏှာကို သောတ ဟုဆိုပါသည်။

မေး။ သီလက္ခန္ဓော၊ သမာဓိက္ခန္ဓော၊ ပညာက္ခန္ဓော တို့၌ သီလ စသည်တို့ကို အနံ့ဖြစ်သောကြောင့် ခန္ဓ ဟု ဆိုပါသလော။

ဖြေ။ သီလ စသည်တို့ကို အနံ့ဖြစ်သောကြောင့် ခန္ဓဟု ဆိုသည်မဟုတ်ပါ။ ဝန်းကျင် အောက်ထက် အရပ်မျက်နှာတို့ကို ထင်ရှား ပြန့်နှံ့တတ်သောကြောင့် ခန္ဓ ဟုဆိုပါသည်။

မေး။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ တို့ကို ဘယ်ကြောင့် သီလခန္ဓ ဟု ဆိုရပါသနည်း။

ဖြေ။ သမ္မာဝါစာ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ တို့သည် ပြကတေ့ အားဖြင့် သီလသာလျှင် ဖြစ်ကြကုန်၏။ ယင်းတို့ဖြစ်၍ ဝိရတီသီလ အဖြစ်ဖြင့် ဇာတ်တူသောကြောင့်၊ လည်းကောင်း (၃) ပါး တို့ကို သီလခန္ဓ ဟုဆိုပါသည်။

မေး။ သမ္မာသမာဓိမှာ သမာဓိဖြစ်၍၊ သမာဓိခန္ဓ ဟု ဆိုတန်စေ၊ သမ္မာဝါယမ၊ သမ္မာသတိ တို့ကို သမာဓိခန္ဓ ဟု ဆိုခြင်းမှာ အဘယ်သို့ သင့်ပါမည်နည်း။

ဖြေ။ သမ္မာသမာဓိသည် မိမိ သဘောအားဖြင့် အာရုံ၌ တည်ခြင်းငှာ မစွမ်းနိုင်၊ သမ္မာဝါယမ သည် ချီးမြှောက် ထောက်ပံ့ခြင်းကိစ္စ၊ သမ္မာသတိ သည် မမေ့လျော့ခြင်းကိစ္စကို ပြီးစေသော အားဖြင့် ထောက်ပံ့မှသာ အာရုံ၌ တည်ခြင်းငှာ စွမ်းနိုင်သည်။ ထို့ကြောင့် ယင်း (၂) ပါးတို့ကို သမာဓိခန္ဓ ၌ ထည့်သွင်း မိန့်ဆိုခြင်းသည် သင့်လျော်ပါသည်။

မေး။ ပညာခန္ဓ ၌ သမ္မာဒိဋ္ဌိ ကို ပညာဖြစ်၍၊ ပညာခန္ဓ ဟု ဆိုတန်စေ၊ သမ္မာသင်္ကပ္ပ ကို ပညာခန္ဓ ဟု ဆိုခြင်းသည် အဘယ်သို့ သင့်ပါသနည်း။

ဖြေ။ သမ္မာဒိဋ္ဌိ သည် မိမိ သဘောအားဖြင့် အာရုံကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်ပါ။ သမ္မာသင်္ကပ္ပ သည် အာရုံသို့ ရေးရှု့တင်ပေးမှသာလျှင် အာရုံ ကို အနိစ္စ စသည်ဖြင့်

ဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်လေသည်။ ထို့ကြောင့် သမ္မာသက်ပ္ပ ကို ပညာဂန္ဓ ၌ ထည့်သွင်း၍ ဆိုခြင်းသည် သင့်လျော်ပါသည်။

**မေး။** အတ္ထရသော၊ ဓမ္မရသော တို့၌ အတ္ထ – သဒ္ဒါ၊ ဓမ္မသဒ္ဒါ တို့၏ အနက်ကို အကြောင်းပြ၍ ရေးခဲ့ပါ။

**ဖြေ။** အတ္ထရသော၌ အတ္ထသဒ္ဒါ သည် အတ္ထပဋိသမ္ဘိဒါ စသည်တို့၌ အတ္ထသဒ္ဒါ ကဲ့သို့ အကျိုးဟူသော ပယောဇန အနက် ဟောသောကြောင့် အတ္ထရသော အရ အကျိုးဖြစ်သော ဖိုလ် (၄) ခု စိတ္တုပ္ပါဒ်ဓမ္မရသော၌ ဓမ္မသဒ္ဒါသည် ဓမ္မပဋိသမ္ဘိဒါ စသည်တို့၌ ဓမ္မသဒ္ဒါကဲ့သို့ အကြောင်းဖြစ်သော ဟေတု အနက်ကို ဟောသောကြောင့် ဓမ္မရသော အရ အကြောင်းဖြစ်သော မဂ် (၄) ခု စိတ္တုပ္ပါဒ်ကို ကောက်ယူရပါသည်။

**မေး။** စား မျိုအပ်သော အရသာဖြစ်သောကြောင့် အတ္ထ စသည်တို့ကို အရသာ ဟု ခေါ်ဆိုရပါသလော။

**ဖြေ။** စား မျိုအပ်သော အရသာဖြစ်သောကြောင့် အတ္ထ စသည်တို့ကို အရသာ ဟု မဆိုပါ။ အရိယာသူတော်ကောင်းတို့ သာယာအပ်,နှစ်သက်အပ် သောကြောင့် အတ္ထစသည်တို့ကို ရသ ဟု ဆိုလိုပါသည်။

**ပဏ္ဏတ္တိဝါရ – အမေး – အဖြေ – ပြီး၏**

---

## ပဝတ္တိဝါရ အမေး အဖြေ

**မေး။** ဤ ပဝတ္တိဝါရ ၌ သဒ္ဒါယတနကို မူလီသွတ်၍ မဟောပါဘဲလျက် စက္ခာယတန မူလကာနိ ကောဒသ)ဟူသော စကားကို အဋ္ဌကထာဆရာ အဘယ့်ကြောင့် မိန့်ဆိုပါသနည်း။

**ဖြေ။** စုတိ ပဋိသန္ဓေ ၏ အစွမ်းဖြင့် ဥပါဒိန္န ဖြစ်သော ဝင့်တရား၏ ဖြစ်ခြင်း ချုပ်ခြင်း ကို ဟောရာဖြစ်သော ပဝတ္တိဝါရ ၌ သဒ္ဒါယတန အတွက်ဂိဿဇ္ဇနာ မရသော်လည်း ပုစ္ဆာ၌ ရသည်ကို သင်္ဂြိုလ်၍ "စက္ခာယတန မူလကာနိ ကောဒသ" ဟု မိန့်ဆိုပါသည်။

**မေး။** အဘယ့်ကြောင့် ဤ ပဝတ္တိဝါရ၌ သဒ္ဒါယတနကို မဟောပါသနည်း။

**ဖြေ။** ဤ ပဝတ္တိဝါရ၌ ပဋိသန္ဓေအခါ သဒ္ဒါယတနကို မရကောင်းသောကြောင့် မဟောပါ။

**မေး။** ပဋိသန္ဓေ အခါ သဒ္ဒါယတန မရကြောင်းကို သာဓကပြ၍ ဖြေဆိုပါ။

**ဖြေ။** " သဒ္ဒေါ စိတ္တောတုဇော " ဟူသော သင်္ဂဟပါဠ်ကို ထောက်၍ သဒ္ဒါယတနသည် စိတ်၊ ဥတု ကြောင့်သာ ဖြစ်၍ ပဋိသန္ဓေ စိတ်သည်လည်း ဒုဗ္ဗလ ဖြစ်၍ ရုပ်ကို မဖြစ်စေနိုင်ပါ။ ထို့ကြောင့် ပဋိသန္ဓေအခါ၌ သဒ္ဒါယတန ကို မရအပ်ပါ။

**မေး။** စက္ခာယတနသာ ဖြစ်၍ သောတာယတန မဖြစ်ကောင်းသော သြပပါတိက၌ ဒုဂ္ဂတိ အဟိတ်ကိုသာ ကောက်၍၊ အဘယ့်ကြောင့် သုဂတိ အဟိတ်ကို မကောက်သနည်း။

**ဖြေ။** သုဂတိဘုံ၌ ကြီးသော အာနုဘော်ရှိသောကြောင့် ဖြစ်ကုန်သော သြပပါတိကတို့စက္ခု သောတ စသော ဣန္ဒြေ ချို့တဲ့ခြင်း မရှိသောကြောင့် သုဂတိ အဟိတ်ကို မကောက်ရပါ။

**မေး။** ယဿ စက္ခာယတနံ ဥပ္ပဇ္ဇတိ စသည်၌ ဂဗ္ဘသေယျ ကို ကောက်ရာ ၎င်းပုဂ္ဂိုလ်များမှာ ပဋိသန္ဓေအခါ၌ စက္ခာယတန မရှိသည် မဟုတ်ပါလော။ အဘယ်သို့ သင့်ပါအံ့နည်း။

ဖြေ။ ပဋိသန္ဓေအခါ၌ စက္ခာယတန မရှိသည် မှန်၏၊ သို့သော်လည်း - ပစ္စုပ္ပန် (၃) ပါးတို့တွင် ခဏပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန် တို့ကို မယူဘဲ သဒ္ဓါပစ္စုပ္ပန်ကို ယူရသောကြောင့် သင့်ပါသည်။

မေး။ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား စက္ခာယတန စသော အာယတန များဖြစ်ချိန်ကို အတိအကျ သတ်မှတ်ပြပါ။

ဖြေ။ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ၌ စက္ခု စသော အာယတန တို့ မှချမဖြစ်ကောင်းပါ။ အဋ္ဌကထာဆရာအလို၊ "သတ္တသတ္တာဟ" မူလဋီကာဆရာအလို "ဧကာဒသမ သတ္တာဟ" မှစ၍ စက္ခု စသော အာယတန တို့ အစဉ်အတိုင်း ဖြစ်ကြပါသည်။ ယင်း ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ရှေးဦးစွာ ပဋိသန္ဓေခဏ၌ ကာယ၊ ရူပ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ မန၊ ဓမ္မ တို့ တပြိုင်နက် ဖြစ်ကြပြီး၊ ၎င်းနောက်မှ၊ စက္ခု၊ ၎င်းနောက်မှ သောတ။ ၎င်းနောက်မှ ဃာန။ ၎င်းနောက်မှ ဇိဝှါ ဤသို့ ရှေနောက် အစဉ်အတိုင်း ဖြစ်ကြပါသည်။

မေး။ ပဋိသန္ဓေကို အဘယ့်ကြောင့် "ယောနိ" ခေါ်သည်ဟု ပြဆိုပြီး မည်သည့် "ယောနိ" ဖြင့် မည်သည့် ပုဂ္ဂိုလ် ပဋိသန္ဓေ နေသည်ကိုလည်း ခွဲခြားပြပါ။

ဖြေ။ သတ္တဝါတို့သည် တစ်ဦး နှင့် တစ်ဦး ရောနှောခြင်း မရှိသော်လည်း ဇာတ်အားဖြင့် တူသည်ဖြစ်၍ ရောနှောသကဲ့သို့ ဖြစ်ကြောင်း ဖြစ်သောကြောင့် ပဋိသန္ဓေကို "ယောနိ" ဟုဆိုပါသည်။

" ဘုမ္မပယ်ဖြတ်၊ ကြွင်းနတ်နိရိုး၊ ငရဲမှာ၊ တစ်သာရလာဒ် ဥပပါဒ် " ဟူသည်နှင့်အညီ ဘုမ္မစိုး မှ တစ်ပါးသောနတ် နိရိယာတနိကပြိတ္တာ၊ ငရဲသတ္တဝါ။ ၎င်းပုဂ္ဂိုလ်တို့သည် ဩပပါတိက ယောနိ ဖြင့်သာ ပဋိသန္ဓေ နေပါသည်။ "အကြွင်းဂတိ၊ လေးယောနိ၊ ရဘိပုံသေမှတ်" ဟူသည်နှင့်အညီ -ဘုမ္မစိုးနတ်၊ လူ၊ တိရစ္ဆာန်၊ နိရိယာတနိက ပြိတ္တာ မဟုတ်ပါသော ပြိတ္တာ။ ဤပုဂ္ဂိုလ်တို့သည် ယောနိလေးပါးဖြင့် ပဋိသန္ဓေနေပါသည်။

ယောနိ၎ င :ပါးကား -

အဏ်၊ ဇ၊ သံ၊ ဩ၊ လေးပါးနော၊ မှတ်လောယောနိသာ။

မေး။ သံသေဒဇ နှင့်ဩပပါတိက ပုဂ္ဂိုလ်တို့၏ ထူးခြားချက်ကို ရေးသားပါ။

ဖြေ။ သံသေဒဇ ပုဂ္ဂိုလ်တို့သည် ရှေးဦး ပထမ သေးငယ်စွာ ဖြစ်ရာမှ တဖြေးဖြေး ကြီးပွားကြပါသည်။ ဩပပါတိက ပုဂ္ဂိုလ်တို့သည်ကား- (၁၆) နှစ် အရွယ်မှစ၍ ဖြစ်ကြပါသည်။ ဤသို့ ထူးပါသည်။

မေး။ သစက္ခုက အဃာနက ကောက်ရာ၌ နာခေါင်း မရှိပါဘဲလျက် အဘယ့်ကြောင့် ဤ၌ အဃာနက အရ ရူပပုဂ္ဂိုလ်ကို ကောက်ပါသနည်း။

ဖြေ။ သစက္ခုက အဃာနက ကောက်ရာ၌ ရူပပုဂ္ဂိုလ်ကို ကောက်ခြင်းသည် နာခေါင်း မရှိ၍မဟုတ် အသွင်သဏ္ဌာန်ဖြစ်သော နာခေါင်းကားရှိ၏။ ဃာနပသာဒ ဃာနဝိညာဉ် မရှိသောကြောင့်လည်းကောင်း၊ အနံ့ကို မသိသောကြောင့်လည်းကောင်း၊ အဃာနကအရ ရူပပုဂ္ဂိုလ်ကို ကောက်ပါသည်။

မေး။ နာခေါင်းရှိလျက် အဘယ့်ကြောင့် ဃာနပသာဒ မဖြစ်ပါသနည်း။

ဖြေ။ ဗြဟ္မာတို့မှာ နာခေါင်းရှိသော်လည်း ကာမရာဂ၌ တပ်ခြင်း ကင်းသော ဘာဝနာဖြင့် ဂန္ဓ ရသ

ဖောဋ္ဌဗ္ဗ တို့၌ တပ်ခြင်းကင်းရကား။ ၎င်းတို့ မိုရာ ပသာဒတို့၌လည်း တပ်ခြင်း မရှိသောကြောင့် ဃာနပသာဒ မဖြစ်ပါ။

**မေး။** ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ တို့သည် အဝိနိဗ္ဘောဂ ရုပ်များ ဖြစ်ပါလျက် အဘယ့်ကြောင့် အဂန္ဓကာန် ၌ ရူပပုဂ္ဂိုလ်ကို ကောက်ရပါသနည်း။

**ဖြေ။** ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ တို့သည် အဝိနိဗ္ဘောဂ ရုပ်များ ဖြစ်သော်လည်း ရူပပုဂ္ဂိုလ် တို့အား ဃာနာယတန မရှိ၍၊ ဃာနာယတန ကိစ္စမပြီးသောကြောင့် ဂန္ဓရှိသည်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် အဂန္ဓကာန် ၌ ရူပပုဂ္ဂိုလ်ကို ကောက်ရပါသည်။

**မေး။** ဤ အာယတန ယမိုက် ပုဂ္ဂလဝါရ စသည်တို့၌ (၆၆) ယမက ရှိသင့်လျက် အဘယ့်ကြောင့် (၁၁) ယမက သာထားပါသနည်း။

**ဖြေ။** ဤ အာယတနယမက ပုဂ္ဂလဝါရ စသည်တို့၌ (၆၆) ယမက ရှိသင့်သော်လည်း သဒိသဝိသဇ္ဇနာ တူသော အဖြေရှိသောကြောင့် တန္တိ လဟု ဖြစ်စိမ့်သောငှာ ချုံး၍ထားခြင်း ဖြစ်ပါသည်။

(ဝါ) စက္ခာယတန မူ၌ (၅) ယမက၊ ဃာနာယတနမူ၌ (၃) ယမက၊ ရူပါယတနမူ၌ (၂) ယမက၊ မနာယတနမူ၌ (၁) ယမက အားဖြင့် (၁၁) ယမက သာ ထားပါသည်။

**မေး။** တန္တိ လဟု ဖြစ်စိမ့်သောငှာ ချုံး၍ထားလျှင် စက္ခုနှင့် သောတ၊ စက္ခုနှင့်ဃာန ဤ (၂) ယမက တို့သည် သဒိသ ဝိသဇ္ဇနာ ဖြစ်ပါလျက် အဘယ့်ကြောင့် ထားပြန်ပါသနည်း။

**ဖြေ။** စက္ခု သောတ တို့၏ ဖြစ်ရာဌာန၌ စင်စစ် ဃာနာယတန မဖြစ်သောကြောင့် အသို့လျှင် ဖြေအပ်သနည်း ဟု ယုံမှားသကာ ကို ပယ်ဖျောက်အံ့သောငှာ ထားပြန်ပါသည်။

**အာယတန -ယမကပြီး၏**

---

## ဓာတုယမက အမေး အဖြေ

**မေး။** အာယတန ယမိုက်၏ အခြားမဲ့၌ ဓာတုယမိုက်ကို ဟောရခြင်းကို ရေးခဲ့ပါ။

**ဖြေ။** မူလယမိုက်၌ ဟောတော်မူအပ် ကုန်သော ကုသိုလ် စသော တရားတို့ကို ဓာတ်၏ အစွမ်းအားဖြင့် သိမ်းကြုံး၍ အာယတနယမက၏ အခြားမဲ့၌ နာမသံမုဠ၊ ဝိတ္ထာရရုစိ၊ မုဒိန္ဒြိယ ပုဂ္ဂိုလ်တို့ အလို့ငှာ ဓာတုယမိုက်ကို ဟောတော်မူပါသည်။

**မေး။** ဓာတုယမိုက် ပဝတ္တိဝါရ၌ သဒ္ဒဓာတ်၊ ဆဝိညာဏဓာတ် တို့ကို အဘယ့်ကြောင့် မဟောပါသနည်း။

**ဖြေ။** ဤ ဓာတုယမိုက် ပဝတ္တိဝါရ၌ သဒ္ဒဓာတ်၊ ဆဝိညာဏဓာတ် တို့ကို ပဋိသန္ဓေအခါ, စုတိအခါ တို့၌ မရကောင်းသောကြောင့် မဟောပါ။

**မေး။** သုတ္တန် အဘိဓမ္မာ စသည်တို့၌ ဟောအပ်သော အာရဗ္ဘဓာတ်၊ သုတဓာတ် စသော များစွာသော ဓာတ်တို့ ရှိပါလျက် အဘယ့်ကြောင့် ဓာတ် (၁၈) ပါးသာ ဟောပါသနည်း။

**ဖြေ။** ယခုပြဆိုအပ်သော ဓာတ် (၁၈) ပါးတွင် အကျုံးဝင်သောကြောင့်၊ ၎င်းအာရဗ္ဘဓာတ် စသည်တို့ကို သီးခြား မဟောဘဲ (၁၈) ပါးသာ ဟောတော်မူပါသည်။

မေး အဘယ့်ကြောင့် မနောဓာတ် မည်ပါသနည်း။
ဖြေ။ အလွန်အကဲနှင့်တကွ သိခြင်းကိစ္စအထူးမထင်ဘဲ သိကာမျှဖြစ်သောကြောင့် မနောဓာတ် မည်ပါသည်။

တတုယမက အမေးအဖြေ ပြီး၏။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

သစ္စယမက အမေး အဖြေ

မေး။ အဘယ့်ကြောင့် သစ္စာတို့ကို ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဟု ဒေသနက္ကမ ထား၍ ဟောကြားတော်မူပါသနည်း၊

ဖြေ။ သစ္စာ (၄) ပါးတို့ ရုန့်ရင်းသောကြောင့် လည်းကောင်း၊ အလုံးစုံသော သတ္တဝါတို့နှင့် ဆက်ဆံသောကြောင့်လည်းကောင်း၊ သိလွယ်သောကြောင့်လည်းကောင်း ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူပါသည်။

ထို ဒုက္ခသစ္စာ၏ အကြောင်းကို ပြခြင်းအကျိုးငှာ ဒုက္ခသစ္စာ၏ အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူပါသည်။

အကြောင်းဖြစ်သော သမုဒယသစ္စာ ချုပ်လျှင်၊ အကျိုးဖြစ်သော ဒုက္ခသစ္စာချုပ်၏ ဟု သိစေခြင်းငှါ သမုဒယသစ္စာ၏ အခြားမဲ့၌ နိရောဓသစ္စာကို ဟောတော်မူပါသည်။

ထို နိရောဓကို ရခြင်း၏ အကြောင်းကို ပြခြင်းငှါ အဆုံး၌ မဂ္ဂသစ္စာ ကို ဟောတော်မူပါသည်။

မေး။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ အားဖြင့် သစ္စာ (၄) ပါးသာ အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

ဖြေ။ သစ္စာ (၄) ပါးမှ တပါးသော သစ္စာ မရှိသောကြောင့် လည်းကောင်း၊ (၄) ပါး တို့တွင်လည်း နတ်ပယ်အပ်သောသစ္စာမရှိသောကြောင့်လည်းကောင်း၊ သစ္စာတို့ကို အယုတ် အလွန် အားဖြင့် မဟောဘဲ (၄) ပါးသာ ဟောရပါသည်။

မေး။ ဒုက္ခတို့သည် သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ စသည် များစွာရှိပါလျက် အဘယ့်ကြောင့် ကာယိကဒုက္ခ၊ စေတသိကဒုက္ခ ကိုသာ ကောက်ယူရပါသနည်း။

ဖြေ။ ဒုက္ခတို့သည် သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ စသည်ဖြင့် များစွာ ရှိသော်လည်း၊ မုချအားဖြင့် ဒုက္ခသဘော ရှိသောကြောင့် ဒုက္ခ ဟူသော သန္နိဋ္ဌာန်ပုဒ်အရ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ ကိုသာ ကောက်ရပါသည်။

မေး။ ဒုက္ခ၏ အကြောင်းများစွာရှိပါလျက် အဘယ့်ကြောင့် သမုဒယ ကိုသာ အကြောင်းဟု ခေါ်ရပါသနည်း။

ဖြေ။ ဒုက္ခ၏ အကြောင်းများစွာ ရှိသော်လည်း ပြဋ္ဌာန်းသော, ထူးသော အကြောင်းဖြစ်သောကြောင့် သမုဒယကိုသာ အကြောင်းဟု ခေါ်ရပါသည်။

မေး။ မာတိကာ အရကောက်၌ ရုပ်တရားမှန်သမျှ ဒုက္ခသစ္စာ ဖွဲ့ပါလျက် ဤ၌ အဘယ့်ကြောင့် အနိန္ဒြိယဗဒ္ဓရုပ် တို့ကို သစ္စာဝိမုတ် ထုတ်ရပါသနည်း။

ဖြေ။ မာတိကာ အရကောက်၌ ရုပ်တရား မှန်သမျှ ဒုက္ခသစ္စာ ဖွဲ့သော်လည်း၊ အနိန္ဒြိယဗဒ္ဓရုပ်တို့သည် ကံ, ကိလေသာတို့ကြောင့် မဖြစ်လေရကား ဒုက္ခသစ္စာဟု မဆိုထိုက်သောကြောင့် သစ္စာဝိမုတ် ထုတ်ရပါသည်။

**မေး။** မည်သည့်ရုပ်များကို - အနိန္ဒြိယဗဒ္ဓ- ဟုခေါ်ရပါသနည်း။

**ဖြေ။** တော,ာ တောင်, ရေ, မြေ, သမုဒ္ဒရာ အစရှိသော ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်၊ သဒ္ဒနဝက ကလာပ် ဤ ဥတုဇ ရုပ်ကလာပ် (၂) စည်းကို အနိန္ဒြိယ ဗဒ္ဓရုပ် ဟု ခေါ်ဆိုရပါသည်။

**မေး။** ဗဟိဒ္ဓ ရုပ်တို့ကို အဘယ့်ကြောင့် သစ္စာဝိမုတ် ထုတ်ရပါသနည်း။

**ဖြေ။** ဗဟိဒ္ဓ ရုပ်တို့သည် သမုဒယ၊ နိရောဓ၊ မဂ္ဂသစ္စာ တို့၏ တရားကိုယ် မဟုတ်၍ မည်သည့် သစ္စာမျှ မဖွဲ့ထိုက်သောကြောင့် သစ္စာဝိမုတ် ထုတ်ရပါသည်။

**မေး။** သုဒ္ဓသစ္စဝါရ ပစ္စနိက်၌ အဘယ့်ကြောင့် ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခု ကို ကောက်ရပါသနည်း။

**ဖြေ။** သုဒ္ဓသစ္စဝါရ၌ သစ္စာ ထိုက်သော တရားတို့ကိုသာ ဟောသောကြောင့် မဂ္ဂသာမညဝယ် ဖိုလ်၌ရှိသော အင်္ဂါကမင်္ဂကို ကောက်ရသောကြောင့် ပစ္စနိက်၌ ဖိုလ်စိတ္တုပ္ပါဒ် (၃၇) ခုကို ကောက်ရပါသည်။

### ပဏ္ဏတ္တိဝါရပြီး၏

●●●●●●●●●●●●●

### ပဝတ္တိဝါရ အမေး အဖြေ

**မေး။** သစ္စယမက ပဝတ္တိဝါရ၌ ပုဂ္ဂိုလ် အဘယ်မျှ ဟောပါသနည်း။

**ဖြေ။** သစ္စယမက ပဝတ္တိဝါရ၌ ပုထုဇဉ် (၄) ယောက်၊ အရိယာ ပုဂ္ဂိုလ် (၈) ယောက် ပေါင်း (၁၂) ယောက်သော ပုဂ္ဂိုလ်တို့ကို ဟောပါသည်။

**မေး။** သစ္စယမက ပဝတ္တိဝါရ၌ ဟောအပ်သော ကာလကို ပြဆိုပြီး၊ အဘယ်သစ္စာကို အဘယ်ကာလဖြင့် ဟောပါသနည်း။

**ဖြေ။** သစ္စယမက ပဝတ္တိဝါရ၌ ဟောအပ်သော ကာလမှာ စုတိ ပဋိသန္ဓေ အစွမ်းအားဖြင့် လည်းကောင်း၊ ပဝတ္တိ စိတ္တက္ခဏ အားဖြင့် လည်းကောင်း ဟောပါသည်။

သမုဒယနှင့် မဂ္ဂသစ္စာ (၂) ပါးကို၊ စုတိ ပဋိသန္ဓေ နှစ်ခုတို့၏ အကြားဟု ဆိုအပ်သော ပဝတ္တိအခါ၌သာ ဟောပြီး၊ ဒုက္ခသစ္စာကို ပဝတ္တိအခါ၌ လည်းကောင်း၊ စုတိ ပဋိသန္ဓေ အခါ၌ လည်းကောင်း ဟောပါသည်။

(သမုဒယနှင့် မဂ္ဂ ပဋိသန္ဓေ အခါ မရအပ်)

**မေး။** သစ္စယမက ပဝတ္တိဝါရ၌ ဟောအပ်သော ယမကနှင့် မဟောအပ်သော ယမကတို့ကို အကြောင်းပြ၍ ရေးခဲ့ပါ။

**ဖြေ။** သစ္စယမက ပဝတ္တိဝါရ၌ ဒုက္ခသစ္စာမူ (၃) ယမက၊ သမုဒယသစ္စာမူ (၂) ယမက၊ နိရောဓသစ္စာမူ (၁) ယမက အားဖြင့် (၆) ယမက ဟောသင့်သော်လည်း နိရောဓသစ္စာ ဖြစ်သော နိဗ္ဗာန်သည် ဥပါဒ်၊ ဌီ၊ ဘင် ဟု ဆိုအပ်သော ခဏတ္တယ မရှိရကား ဥပ္ပဇ္ဇတိ ဟူ၍ လည်းကောင်း၊ နိရုဇ္ဈတိ ဟူ၍ လည်းကောင်း မဟောအပ် သောကြောင့် နိရောဓသစ္စာနှင့် စပ်သော ယမက မရကောင်းပါ။ ထို့ကြောင့် ဒုက္ခသစ္စာမူ၌ သမုဒယ မဂ္ဂ ထည့်၍ (၂) ယမက။ သမုဒယသစ္စာမူ၌ မဂ္ဂထည့်၍ (၁) ယမက ပေါင်း (၃) ယမကသာ ဟောပါသည်။

မေး။ မဂ်စိတ်သည် ဒုက္ခသစ္စာ ဖြစ်ဆဲမဟုတ်ပါဘဲလျက် "ပဉ္စဝေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စဥ္စ ဥပ္ပဇ္ဇတိ, မဂ္ဂသစ္စဥ္စ ဥပ္ပဇ္ဇတိ" ဟု အဘယ်ကြောင့် ဟောတော်မူပါသနည်း။

ဖြေ။ ပဉ္စဝေါကာရ ဘုံ၌ မဂ်စိတ်သည် ဒုက္ခသစ္စာ ဖြစ်ဆဲမဟုတ်သော်လည်း မိမိ၏ ဥပ္ပါဒက္ခဏ၌ စိတ္တဇရုပ်ကို ဖြစ်စေသောကြောင့် "ပဉ္စဝေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စဥ္စ ဥပ္ပဇ္ဇတိ မဂ္ဂသစ္စဥ္စ ဥပ္ပဇ္ဇတိ" ဟု ဟောတော်မူပါသည်။

ပဝတ္တိဝါရပြီး၏

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

ပရိညာဝါရ အမေး အဖြေ

မေး။ သစ္စယမိုက် ပရိညာဝါရ၌ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ တို့ကို အဘယ့်ကြောင့် မရပါသနည်း။

ဖြေ။ သစ္စယမက ပရိညာဝါ ရ၌ လောကုတ္တရာ တရားတို့ကား ပရိညာကိစ္စ မရှိသောကြောင့် မဂ္ဂသစ္စာ၊ နိရောဓသစ္စာ တို့ကို မဟောပါ။

မေး။ ဒုက္ခသစ္စံ ပရိဇာနာတိ ဝယ် အဘယ် ပရိညာကို ရပါသနည်း။

ဖြေ။ ဒုက္ခသစ္စံ ပရိဇာနာတိ ဝယ် ဉာတပရိညာ၊ တီရဏပရိညာ (၂) ပါးကို ရပါသည်။

မေး။ သမုဒယသစ္စံ ပဇဟတိ ဝယ် အဘယ်ပရိညာကို ရပါသနည်း။

ဖြေ။ သမုဒယသစ္စံ ပဇဟတိ ဝယ် ဉာတပရိညာ, ပဟာနပရိညာ (၂) ပါးကို ရပါသည်။

မေး။ အဘယ်ကြောင့် ဒုက္ခသစ္စာ၌ ပဟာနပရိညာ ကို၊ သမုဒယသစ္စာ၌ တီရဏပရိညာကိုမရပါသနည်း။

ဖြေ။ မြတ်သော အကျင့်ကို ကျင့်သောသူသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းငှာ သမုဒယသစ္စာ ကို ပယ်ခြင်းငှါကျင့်သည်ဖြစ်၍ ဒုက္ခသစ္စာ၌ ပဟာနကိစ္စမရှိ။ သမုဒယသစ္စာ၌ တီရဏကိစ္စ မရှိသောကြောင့် ဒုက္ခသစ္စာ၌ ပဟာနပရိညာ, သမုဒယသစ္စာ၌ တီရဏပရိညာ ကိုမရပါ။

**သစ္စယမိုက်အမေးအဖြေပြီး၏**

ဤ အမေး အဖြေသည် ယမိုက် အနုဂဏ္ဌိကို အမှီပြု ရေးထားသည်ဖြစ်၍ သာဓကပါဠိ အလိုရှိပါက အနုဂဏ္ဌိမှာ ကြည့်ပါလေ။

# ယမကတ္ထ သင်္ခေပ သင်နည်းပြကျမ်း ပြီး၏။

# နိဂမန ကထာ

**ယမကတ္ထံ သခေ်ပေန၊ သုဝိညေယျံ မယာကတံ။**
**သောတူနဥ္စ သိယံဇယံ၊ အရဟတ္တံ လဘာ မဟံ။**

ယမိုက်ကျမ်း၏ အနက် အဓိပ္ပါယ် အသွယ်သွယ်ကို သင်နည်း၊ ကျက်နည်း၊ မှတ်ယူနည်းပြ အကျဉ်းမျှဖြင့် သိလွယ်၊ ဆောင်လွယ်၊ မှတ်ယူလွယ်အောင်၊ နည်းစုံညွှန်ပြ ငါပြုလုပ်ရပြီ၊ စာသင်သားတို့ အားလည်း အောင်သင့် အောင်ရာ အောင်စရာ ဟူသမျှ မကျန်ရအောင် ခဏမကြာ လျင်မြန်စွာ အောင်မြင်ပါစေသတည်း။ ငါသည်လည်း ဗြဟ္မာ, လူ,နတ် လေးမြတ်ပြုရန် အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ် မြတ်အောင်လံကို ဇော်မသွေ ရပါစေသတည်း။

# ဓမ္မဒါန အလှူရှင်များ

| စဉ် | ဘွဲ့တော် ကျောင်းတိုက် | စာအုပ်ရေ |
|---|---|---|
| ၁။ | ဆရာတော် ဘဒ္ဒန္တ စန္ဒိမာ ဗျက်ကြီးရွာကျောင်း၊ ဒိုက်ဦးမြို့နယ်။ | ၂၀၀ |
| ၂။ | ဆရာတော် ဘဒ္ဒန္တ ဝါသဝ ရွှေမန်းတိပိဋကရွှေဟင်္သာကျောင်းတိုက်၊ မန္တလေး။ | ၂၀၀ |
| ၃။ | ဗွယ်တော် မိုးကုတ်ဝိပဿနာ ဆရာတော် ဘဒ္ဒန္တ ဝိလာသဂ္ဂ နှင့် | |
| | တပည့်ယောဂီများ တောင်ငူမြို့။ | ၁၃၇ |
| ၄။ | ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ကုမာရ ခါးပန်းနီကျောင်း၊ထနီးရွာ၊မအူပင်မြို့နယ်။ | ၁၀၀ |
| ၅။ | ဆရာတော် ဘဒ္ဒန္တ အာဒိစ္စ ဖြူးကျောင်း၊ မြင်းဝန်မင်းကြီးတိုက်၊ မန္တလေးမြို့။ | ၁၀၀ |
| ၆။ | ဆရာတော် ဘဒ္ဒန္တ ဥတ္တရ ထန်းကုန်းကျောင်းမကြီး၊ ဖြူးမြို့။ | ၁၀၀ |
| ၇။ | ဆရာတော် ဘဒ္ဒန္တ ပညာဝံသ ထန်းကုန်းကျောင်းသစ်၊ ဖြူးမြို့။ | ၁၀၀ |
| ၈။ | ဆရာတော် ဘဒ္ဒန္တ ဝါယမိန္ဒ သပြေတန်းကျောင်း၊ ဖြူးမြို့။ | ၁၀၀ |
| ၉။ | ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ ဓမ္မိကာရုံစာသင်တိုက်၊ ဖြူးမြို့။ | ၁၀၀ |
| ၁၀။ | ဆရာတော် ဘဒ္ဒန္တ ဥတ္တရ (စာချ) ဒက္ခိဏာရုံစာသင်တိုက်၊ ဖြူးမြို့။ | ၁၀၀ |
| ၁၁။ | ဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ) နှင့် | |
| | တပည့်ယောဂီများ၊ မဟာစည်သာသနာ့ရိပ်သာ၊ ဖြူးမြို့။ | ၁၀၀ |
| ၁၂။ | ဘုရားကျောင်းဆရာတော် ဘဒ္ဒန္တ ကုမာရနှင့် တပည့်ဒါယကာ၊ဒါယိကာမများ | |
| | ညောင်ပင်သာရွာ၊ ဖြူးမြို့နယ်။ | ၁၀၀ |
| ၁၃။ | ဆရာတော် ဦးကောဏ္ဍည ကျွန်းခင်ကျောင်း၊ ကျွန်းခင်ရွာ၊ ဖြူးမြို့နယ်။ | ၁၀၀ |

## စာအုပ်ရေ ၁,၀၀၀ အလှူရှင်

၁၄။ ဦးရွှေကျော်၊ဒေါ်သန်းခင် မိသားစု ရွှေမောင်းလှက်စိုးလှက်ခြောက်, ဗိုလ်ချုပ်လမ်း ပွဲစားတန်းလမ်းထောင့်၊ မုံရွာမြို့။

## စာအုပ်ရေ ၅၀၀ အလှူရှင်

၁၅။ ရဟန်းဒါယကာ ဦးကျော်သိုက်၊ ရဟန်းဒါယိကာမ ဒေါ်လုကြိုင် မိသားစု စိန်ရွှေရတနာကုန်သည် ဈေးချို မန္တလေးမြို့။

## စာအုပ်ရေ ၃၀၀ အလှူရှင်များ

၁၆။ ဦးနေဝင်း၊ဒေါ်ခင်လေးမြင့် (၃၈) လမ်း၊ ရန်ကုန်မြို့။
၁၇။ ဦးချစ်မောင်၊ဒေါ်မြင့်မြင့်အေး မိသားစု အမှတ် (၁၀၂) လမ်း ၅၀၊ ရန်ကုန်မြို့။
၁၈။ ဘုတလင်မြို့နယ် ဆုံကုန်းရွာ တပည့်ဒါယကာ၊ဒါယိကာမများ။

## စာအုပ်ရေ ၂၀၀ အလှူရှင်များ

၁၉။ နှစ်ဘက်မိဘအမှူးထား၍ ဗိုလ်ကြီးအောင်သန်း (တာဝန်မှူး)၊ဒေါ်ခင်စိုးဦး မိသားစု အဝေးပြေးဂိတ်၊ ရန်ကုန်မြို့။
၂၀။ ကိုမြဇော်၊မစန်းစန်းငွေ သား မောင်ဖြိုးသူ အမှတ် (၁၀၂) လမ်း ၅၀၊ ရန်ကုန်မြို့။

## စာအုပ်ရေ ၁၂၀ အလှူရှင်

၂၁။ ရန်ကုန်ရောက် ဆုံကုန်းရွာသူ၊ရွာသားများ။

## စာအုပ်ရေ ၁၀၀ အလှူရှင်များ

၂၂။ ပွဲစားဦးခင်မောင်၊ဒေါ်ခင်ကြည် မိသားစု မန္တလေးမြို့။
၂၃။ ပွဲစားဦးခင်အောင်၊ဒေါ်ခင်တင့် မိသားစု မုံရွာမြို့။
၂၄။ ဦးတော၊ဒေါ်သိန်း သား ဦးသန်းအေး (၃-ဦးစီးမှူး သစ်တော)၊ဒေါ်ကြည်ကြည်ညွန့် မိသားစု ကလေးမြို့။
၂၅။ ဦးလှမင်း၊ဒေါ်ရွှေကြည် သား ဦးကျော်မြင့် (B.E.)၊ဒေါ်သိန်းကြည် (ရာဖြတ်အရာရှိ) မိသားစု ပြင်ဦးလွင်မြို့။
၂၆။ ဦးတင်ရွှေ၊ဒေါ်ညွန့်ရီ မိသားစု မုံရွာမြို့။
၂၇။ ဗိုလ်မှူးကြီး စိန်ရျော့ (ဗျူဟာမှူး)၊ဒေါ်ကြည်ကြည်ဦး မိသားစု အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ မုံရွာမြို့။

၂၈။ ဗိုလ်ကြီးအောင်နိုင်(ကျောက်တံတာမြို့နယ်မှူး)၊ဒေါ်ခင်မာကြည်
ရွှေဘုံသာရဲရိပ်သာ၊ ရန်ကုန်မြို့။
၂၉။ ဗိုလ်မှူးမောင်မောင်စန်း၊ဒေါ်သိန်းသိန်းမြင့် မိသားစု ရှစ်မိုင်၊ ရန်ကုန်မြို့။
၃၀။ ကိုအောင်ကျော်ကျော်၊မစန်းကေသီ သမီး ယဉ်မွန်ကျော် ရန်ကုန်မြို့။
၃၁။ ဦးစံဝင်း မိသားစု မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
၃၂။ နစ်ဘက်မိဘ အမှူးထား၍ ဦးအောင်ဌေး၊ဒေါ်ခင်စန်းမြင့် သမီး ဆွေဆွေအောင်
အလုံ၊ ရန်ကုန်မြို့။
၃၃။ ယောဂီ(ဦးတင်)၊ဒေါ်ခင်မေသန်း မိသားစု ပါရမီ၊ ရန်ကုန်မြို့။
၃၄။ မိခင်ဒေါ်အေးကျင် သား ဦးမြင့်သန်း၊ဒေါ်သန်းသန်း မိသားစု ဩစတေးလျနိုင်ငံ။
၃၅။ ဦးရွှေဖျော်၊ဒေါ်မြနွယ် မိသားစု ပတ္တမြားမှန်တိုက်၊ စမ်းချောင်း၊ ရန်ကုန်မြို့။
၃၆။ ဦးကျော်တင်၊ဒေါ်သိန်းရွှေ မိသားစု မြန်မာ့ဆေးဆိုင်၊ စမ်းချောင်း၊ ရန်ကုန်မြို့။
၃၇။ ဦးထွန်း၊ဒေါ်ခင်စော မိသားစု အမှတ် (၁၂)၊ ၂၄ လမ်း၊ ရန်ကုန်မြို့။
၃၈။ ဦးဖိုးခိုင် (တရားရုံးချုပ်ရှေ့နေ)၊ဒေါ်မြကြည် မိသားစု ထောက်ကြန့်၊ ရန်ကုန်မြို့။
၃၉။ ဦးဟန်စိန်၊ဒေါ်ကျင်ယုံ မိသားစု ထန်းကုန်းလမ်း၊ ဖြူးမြို့။
၄၀။ ဦးချစ်ဟန်၊ဒေါ်ကလေးမ မိသားစု ပဲခူးလမ်း၊ ဖြူးမြို့။
၄၁။ (ဦးအစစ်)၊ဒေါ်အုန်းကြည် ဇေယျာဖြိုးမိသားစု ပဲခူးလမ်း၊ ဖြူးမြို့။
၄၂။ ကိုနေ့နေ့ထွန်း၊မလွင်မာအေး မိသားစု ဖြူးမြို့။
၄၃။ ဦးထွန်းဆိုင်၊ဒေါ်မှုမှု မိသားစု အုတ်ဖြတ်လမ်း၊ ဖြူးမြို့။
၄၄။ ဒေါ်ငွေ ် မိသားစု ဝင်းအဏ္ဏဝါ ရေခဲစက်၊ အုတ်ဖြတ်လမ်း၊ ဖြူးမြို့။
၄၅။ ဗိုလ်မှူး ခင်မောင်၊ဒေါ်တင်တင်အေး မိသားစု အုတ်ဖြတ်လမ်း၊ ဖြူးမြို့။
၄၆။ မစန်းမောင်နှမတစ်စု အုတ်ဖြတ်လမ်း၊ ဖြူးမြို့။
၄၇။ ကျားပုံဆေးလိပ်ခုံ မိသားစု ထန်းကုန်းလမ်း၊ ဖြူးမြို့။
၄၈။ ဦးစံသိန်း၊ဒေါ်အမာ မိသားစု ရွှေကုန်သည် ပဲခူးလမ်း၊ ဖြူးမြို့။
၄၉။ (ဗိုလ်မှူးလှတင်)၊ဒေါ်ခင်အေးထွန်း မိသားစု ပဲခူးလမ်း၊ ဖြူးမြို့။
၅၀။ ဦးကျင်းမောင်၊ဒေါ်ခင်ဝင်း မိသားစု ၃- လမ်း၊ ဖြူးမြို့။
၅၁။ ဦးအင်းရောက်၊ဒေါ်အေးမြင့် မိသားစု ၅- လမ်း၊ ဖြူးမြို့။
၅၂။ သားငယ် ဖြိုးမြတ်ကောင်း၏ မွေးနေ့ပညာပါရမီ ဦးခင်မောင်အေး၊ဒေါ်လှဲလှဲဝင်း မိသားစု
ခ,မ,ရ (၃၀၆) ဖြူးမြို့။
၅၃။ ဦးစံခင်၊ဒေါ်ခင်အေး မိသားစု ၂၄- လမ်း၊ ဖြူးမြို့။
၅၄။ ဦးတင်မောင်၊ဒေါ်မြင့်မြင့် မိသားစု ၂၄- လမ်း၊ ဖြူးမြို့။
၅၅။ အဒေါ် ဒေါ်သေးရင်၊ အမှူးထား၍ ဦးတင်လှ၊ဒေါ်သန်းရီ မိသားစု
ညောင်ကားယား ဖြူးမြို့နယ်။

# ဓမ္မဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
လုံးစုံဒါန ရှိသမျှတွင်
ဓမ္မဒါန သူကကဲလွန်
နိဗ္ဗာန်ရောက်ကြောင်း ဆုတောင်းနေ့စဉ်
ပေးဝေငှ အမျှရစေချင်

၁၉၉၃ ခုနှစ်၊ မြန်မာတစ်ပြည်လုံး
အစိုးရပထမငယ်တန်း စာအောင် ပုဂ္ဂိုလ်တို့အား
စရိတ်ငြိမ်း ဓမ္မဒါန လှူဒါန်းပါသည်။